www.burmeseclassic.com

ရှင်မိုး

ဆေးတက္ကသိုလ်

# အချစ်ကြိုးတွေအထပ်ထပ်ဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

**ပြည်သူ့သဘောထား**

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**[illegible]**
**[illegible]**

ပြည်ပအားကိုးပုဆိန်ရိုးအဆိုးမြင်ဝါဒီများအား
ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား
ဆန့်ကျင်ကြ
နိုင်ငံတော်၏ပြည်တွင်းရေးကို [illegible]က်စွက်ဖက်နှောင့်[illegible]
ပြည်ပနိုင်ငံများအား
ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်
ချေမှုန်းကြ

(၁၈)

www.burmeseclassic.com

www.burmeseclassic.com



### နံနက် ၀၅း၄၇နာရီ-▷နံနက် ၀၇း၃၃နာရီ

"မင်း ဒီလောက်မနက်အစောကြီး ငါ့အခန်းတံခါးကိုလာခေါက်တာတော့ ငါစိတ်ဆိုးတယ်ကွာ ငါက တစ်နေ့ဆယ်နာရီမှ မအိပ်ရရင် စိတ်မကြည်တဲ့လူကွ"

"ကျွန်တော် သိပါတယ် အစ်ကိုကြီးရာ ဒါပေမယ့် ကျွန်တော် မိုးလင်းအောင်မစောင့်နိုင်တော့ဘူး၊ အိပ်ရာထဲမှာ နောဏ်ထပ်ဆယ်စက္ကန့်လောက် ဆက်နေရမယ်ဆိုရင် ကျွန်တော့်ဦးနှောက်ကြီးပေါက် ထွက်သွားတော့မှာဗျ.."

www.burmeseclassic.com

www.burmeseclassic.com



"မင်းကကွာ မဖြစ်..မဖြစ်နဲ့ ဖြစ်မယ့်ဖြစ်တော့လဲ အသည်းအသံန်"

အစ်ကိုကြီးကား တစ်ချက်သမ်းဝေလိုက်ပြီး ခပ်အိအိ ဆိုဖာကြီးပေါ်ပစ်ထိုင်ချလိုက်၏။

"ကဲ ထိုင်ကွာ..."

"အစ်ကိုကြီး သေသေချာချာနားထောင်နိုင်မှာလား"

"ဘာဖြစ်လို့လဲကွ"

"အိပ်ငိုက်သွားမှာစိုးလို့၊အိပ်ငိုက်လိုက်ရင် ကျွန်တော် ပြောတာအကုန်မကြားပဲ နေမှာပေါ့ဗျာ..."

"မငိုက်ပါဘူး ငါကော်ဖီသောက်ရင်း နားထောင်မှာပါ၊ ကဲ ကျေနပ်တော့၊ ငါ့လို သိပ်အအိပ်မက်တဲ့ကောင်က မနက်ငါးနာရီခွဲကြီးထပြီးမင်းကိစ္စကို နားထောင်ပေးတယ်ဆိုတာ မင်းအတွက် အင်မတန်ကုသိုလ် ထူးတာနော်.."

အစ်ကိုကြီးသည် ကြွေမတ်ခွက်အကြီးကြီးထဲတွင် ကော်ဖီခါးခါးပူပူကြီးထည့်ကာ တရှုတ်ရှုတ်သောက်ရင်းသူ့စကားအစကို နားစွင့်နေလေသည်။ဤအစ်ကိုကြီးကား သူနဲ့အခန်းချင်းကပ်ရက်နေသူကဖြစ်ပြီး သူနဲ့လှေကားအဆင်းအ



တက်တွေမှာ အခန်းအဝင်အထွက်တွေမှာ ဝရန်တာထွက်စဉ်မှာ မတော်တဆကြိမ်ဖန်များစွာ ဆုံကြပြီးတစ်ဦးနှင့်တစ်ဦးရယ်ပြုံးနှုတ်ဆက်ကြရာကစ၍ ခင်မင်ရင်းနှီးသွားကြရသည်။

နောက်တော့ အိမ်ထောင်မရှိတစ်ကိုယ်တည်းနေသူလူပျိုကြီးတစ်ဦးနဲ့သူလိုတစ်ကောင်ကြွက်လူပျိုလူလွတ်လေးတစ်ဦးတို့ကား တစ်ယောက်အခန်းတစ်ယောက်အပြန်အလှန်လည်ပတ်ခြင်း သောကြာလိုစနေလို ညများစွာတွေမှာ အတူတူသောက်ကြ၊စားကြဖို့ကို တစ်ယောက်ရဲ့အခန်းမှာကျင်းပကြခြင်း၊တစ်ယောက်ရဲ့ဘာဝဖြစ်စဉ်တွေကိုတစ်ယောက်ကရင်ဖွင့်ခြင်းစသဖြင့်များစွာတို့နဲ့ အင်မတန်မှရင်းနှီးခင်မင်သောအခန်းကပ်ရက် အိမ်နီးချင်းမိတ်ဆွေကောင်းတွေဖြစ်လာခဲ့ကြပါသည်။

"ကျွန်တော် အင်း ကျွန်တော်ဗျာ ဒီအဖြစ်အပျက်ကြီးကိုယုံလိမ့်မယ်နိုင်ပါဘူး၊ ဒါပေမယ့် အံ့ဩရင်းကပဲဒါ တကယ်ပါပဲလားဆိုပြီး တွေးလိုက် ထပ်အံ့ဩလိုက် ဘာဆက်လုပ်ရမလဲ၊ ငါဒါကိုဆက်လုပ်သင့်ရဲ့လား ဆိုပြီး ဝေခွဲမရဖြစ်လိုက်နဲ့ တစ်ညလုံးပဲဗျာ အိပ်မပျော်ခဲ့ဘူး၊ နောက်ဆုံးတော့ဟိုနှစ်ကောင်ပြီးရင် ကျွန်တော့်အတွက် အရင်းနှီးဆုံးနဲ့အနီးကပ်ဆုံးတိုင်ပင်

www.burmeseclassic.com

www.burmeseclassic.com



ဖော်ဆိုလို့အစ်ကိုကြီးဆီ တံခါးလာခေါက်ရတာပဲဗျာ...''

''အလို မင်းကငါ့ကိုတိုင်ပင်မယ်လား ဟားဟားဟား ကြည့်လဲလုပ်ကွာ ငါကလူပျိုကြီးဖြစ်နေတာနော်၊ ငါ့ကိုတိုင်ပင်လိုက်တဲ့အတွက် မင်းပါလူပျိုကြီးဖြစ်သွားရင် ငါနဲ့မဆိုင်ဘူး''

''အဲဒီလိုကျတော့လဲ မဖြစ်ချင်ပြန်ဘူး၊ ဒါပေမယ့် သူငယ်ချင်းတွေသံယောဇဉ်ကျတော့လဲ မဖြတ်ချင်ပြန်ဘူး၊ ဒါနဲ့ပဲဦးနှောက်တွေပွင့်ထွက်တော့မလို ပူလောင်တဲ့အထိတွေးနေရတော့တာပါပဲဗျာ''

''ဘာဖြစ်ကြတာလဲ၊ အထူးအဆန်းပါလားကွ၊ မျက်လုံးတောင်ကျယ်သွားပြီ''

''ဒီလို အစ်ကိုကြီးရာ အစ်ကိုကြီးကိုပြောပြဖူးတဲ့အတိုင်း သိနေသားပဲ ကျွန်တော်ရယ်၊သတိုးရယ်၊ကြည်မင်းရယ်ဆိုတာက ဟိုးသူငယ်တန်းကတည်းကလက်တွဲမဖြုတ်စတမ်း ခင်ခဲ့တဲ့သူငယ်ချင်းအရင်းကြီးတွေဆိုတာ ကျွန်တော်ပြောပြဖူးပါတယ်...

တစ်ယောက်နဲ့တစ်ယောက် ညီအစ်ကိုရင်းတွေလိုပဲ





ချစ်ကြတယ်...

တစ်ယောက်နဲ့တစ်ယောက် စကားများလို့ထိုးကြိတ်ရန်ဖြစ်ပြီးရင်း ဆယ့်သုံးစက္ကန့်လောက်ကြာတဲ့ အခါမှာ တစ်ယောက်လည်ပင်းတစ်ယောက်ဖက်ပြီး ပြန်တည့်သွားတာပါပဲ...

ရန်ဖြစ်လို့ သူနာလို့ ငါနာလို့ဆိုပြီး အငြိုးအတေးလဲ မထားကြပါဘူး...

အားလုံး မရှိအတူ၊ ရှိအတူ သုံးစွဲ ကြတာမျိုး၊တစ်ယောက် အိတ်ကပ်ထဲက ပိုက်ဆံဟာ ကျန်တဲ့ နှစ်ယောက်ရဲ့ ပိုက်ဆံလိုပဲ ကြိုက်သလို သုံးလို့ရတယ် ချေးတာငှားတာဆိုတဲ့ စကားမျိုးဟာ ကျွန်တော်တို့ကြားမှာမရှိပါဘူး...

တစ်ယောက်ရဲ့အခက်အခဲတွေ ပြဿနာတွေဟာ ကျန်တဲ့နှစ်ယောက်ရဲ့အခက်အခဲပဲ ပြဿနာပဲတစ်ယောက်ရဲ့ရန်သူဟာ ကျန်တဲ့နှစ်ယောက်ရဲ့ရန်သူပဲ...

အဲဒီလိုပုံစံ၊အဲဒီလိုစိတ်ဓာတ်ဖြေ သိပ်ခင်ခဲ့ကြတဲ့ စိတ်တူကိုယ်တူ သူငယ်ချင်းတွေဘွဲ့အသီးသီးရပြီးနို့ ကိုယ့်ဘဝကိုယ် ရပ်တည်ရှန်းကန်နေကြရတဲ့အချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာတောင်တစ်ပတ်တစ်ခါလောက် မရမက ချိန်းပြီး ဆုံကြတယ် မဆုံဖြစ်ခဲ့ရင်တောင် ဖုန်းအကြာကြီး ပြောကြရမှာကျေနပ်ကြတယ်...

အဲဒီလောက်ထိ သံယောဇဉ်ကြီးကြတဲ့သူငယ်ချင်းတွေ ကျွန်တော်တို့ကြားမှာဆင်းရဲတာ၊ချမ်းသာတာ မိသားစု ပြည့်စုံတာ မပြည့်စုံတာတွေတောင်မရှိကြပဲ တစ်ယောက်အပေါ်တစ်ယောက် စိတ်ရော ကိုယ်ပါ နှစ်ပြီးခင်ခဲ့ချစ်ခဲ့တဲ့ သူငယ်ချင်း သုံးယောက်ကြားမှာ ဗျာ...

အင်း တစ်နေ့မှာ တစ်နေ့မှာပေါ့ဗျာ အင်မတန်မှထူးဆန်းတဲ့တိုက်ဆိုင်မှုတစ်ခု ကြုံကြိုက်လာတော့တာပဲ"

အစ်ကိုကြီးသည် ကော်ဖီခွက်ကို တစ်ကျိုက်ချင်း သောက်လိုက်သူ့စကားလုံးတွေအား စိတ်ဝင်တစားဖြစ်ကာ ဂရုမျှားသော ပုလင်းဖင်လိုမျက်မှန်ထူကြီးအောက်မှ မျက်လုံးကြီးများပြူးလိုက်ပြေ်င်း တညိတ်ညိတ်ဖြစ်လိုက်၊အနည်းငယ် ပိမ်းဝေလိုက်ဖြင့် သူ့ဆီမှာအာရုံတွေပုံကျနေလေပြီ။

သူကား အိပ်ဖို့လဲသတိမရ၊စားဖို့လဲ စိတ်မဝင်စားနိုင်



ခုလောလောဆယ်တွင် သူ့အာရုံတွေမှာ ငါဘာလုပ်ရမလဲဆိုသော အမေးစကားတွေသာကြီးစိုးလို့တည်း။

"ပြောပါဦးကွ မင်းတို့ ဘာဖြစ်ကြသလဲ"

"ခုတော့ မဖြစ်သေးဘူး ဖြစ်ခါနီးနေပြီဆိုတာ ကျွန်တော်တစ်ယောက်တည်းပဲ ကြိုသိနေတာပါ ဒီကိစ္စရဲ့ ဆက်နွယ်ပတ်သက်မှုကို ကျန်တဲ့နှစ်ကောင် မသိသေးဘူး ဒါပေမယ့်မကြာခင်မှာသိတော့မယ်လို့ကျွန်တော်ထင်တယ်"

"ကောင်မလေးတစ်ယောက်ကြောင့် မဟုတ်လား"

"အစ်ကိုကြီး ဘယ်လိုလုပ်သိနေလဲ"

"မင်း ဒီလောက်ပျာယာခတ်နေတာ မသိတော့ပဲနေမလား မင်းတို့ သုံးယောက်စလုံး ရည်းစားလေးတစ်ယောက်မှတောင် ဖြစ်မြောက်အောင်မထားခဲ့ဖူးတဲ့ ညံ့ဖျင်းတဲ့ကောင်တွေပဲ၊ မမျှော်လင့်ပဲ တကယ်ကြီးစားတော့မယ်လို့ ဆုံးဖြတ်ပြီးပြန်တော့လဲကြိုက်မိတဲ့ကောင်မလေးဟာ ဒီတစ်ယောက်တည်းပဲ ဖြစ်နေတဲ့ဇာတ်လမ်းမျိုးတွေပေါ်မှပေါ် သမားရိုးကျကြီးပါကွာ၊ မဆန်းပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီသမားရိုးကျကြီးထဲမှာပဲ ကျွန်တော်ကြုံရာမရ ဖြစ်နေတာလေ"

အစ်ကိုကြီးက တဟားဟား ခပ်သဲ့သဲ့လေးရယ်နေလေသည်။

"ကျွန်တော် သူ့ကိုတကယ်ချစ်သွားသလို ဟိုကောင်တွေလဲ တကယ်ချစ်သွားခဲ့တာတော့ အံ့ဩစရာသိပ်ကောင်းတဲ့တိုက်ဆိုင်မှုကြီးပဲ အစ်ကိုကြီးရာ"

"တော်တော် လှလား"

"ချစ်စရာ ကောင်းတယ်"

"မင်းက ချစ်တဲ့မျက်စေ့နဲ့ ကြည့်တာကိုးကွ.."

"သူက လှတာထက်ချစ်စရာကောင်းတယ်ဆိုတဲ့အသွင်သဏ္ဌာန်ကပိုပေါ်နေတယ် အဲ့ဒီလိုပုံစံမျိုးလေး"

"ကဲ ပြောပါဦးကွာ ဘယ်လိုတွေ့ကြသလဲဆိုတာ"

သူက အစ်ကိုကြီးကမ်းပေးသောကော်ဖီခွက်ကို ပူသည်၊အေးသည်ပဲ မဆန်းစစ်ပဲတစ်ကျိုက်တည်းကုန်အောင်ပြီး အေးရောပုံစံနဲ့မော့ချပစ်လိုက်မိပါသည်။

အစ်ကိုကြီးက...

"ပူသေးတယ်ကွ.."



လို့ လှမ်းတားတာတောင် မမီ။သူက အူတူတူလေသံဖြင့်..

"ဟုတ်လား"

ဟုပြောပြချိန်မှာ သူ့ကော်ဖီခွက်က ပြောင်တလင်းခါလို့နေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com

# အချစ်ကြိုးနံ့ပါတ် (၁)

သဝိုးသုဂိုဒ်

www.burmeseclassic.com

www.burmeseclassic.com

## (၁)

''စပြောမယ် ဆိုရင်တော့ သတိုးအကြောင်းကစရမှာပဲ သတိုးကအရင်ဦးဆုံးတွေ့တဲ့လူပေါ့ သတိုးတို့က မင်းမျိုးမင်းနွယ်ဆက်တွေလေ၊ ချမ်းလဲချမ်းသာတယ်၊ တော်ရုံချမ်းသာတာမဟုတ်ဘူး ကျိုကျိုတက်ချမ်းသာတယ်ဆိုတာမျိုးဟာ သတိုးတို့ကိုပြောတာပဲလို့သတ်မှတ်ရမလိုဖြစ်နေတဲ့အထိ ချမ်းသာတာပါ၊ သံလွင်လမ်းမှာဘိုးဘွားပိုင်တိုက်နဲ့ခြံက အကျယ်ကြီး အဲဒီလိုပုံစံမျိုးခြံနဲ့တိုက်ဟာ မန္တလေးမှာနှစ်လုံး၊ပြင်ဦးလွင်မှာတစ်လုံးရှိသေးတယ်…

၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့က သတိုးရဲ့အိမ်တွေကို အကုန်ရောက်ဖူးတယ်၊ ဘယ်လောက်ခမ်းနားတယ်ဆိုတာစကားနဲ့ပြောရင်တောင်ပြောစရာစကားရှာမရတဲ့အထိ အရမ်းခမ်းနားတဲ့အိမ်တွေကို သတိုးတစ်ယောက်တည်းဒီဆွေမျိုးစုရဲ့ နောက်ဆုံးမျိုးဆက် တစ်ဦး တည်းသောသားအဖြစ် အမွေရထားတာပေါ့၊ ဒါပေမယ့် သတိုးကအခြေမြဲမနေချင်ဘူး စွန့်စားရတာဝါသနာပါတယ်ဆိုပြီး နိုင်ငံခြားသင်္ဘောလိုက်တဲ့ အလုပ်ကိုလုပ်နေတဲ့လူစားမျိုးပဲ၊ အဲဒီမှာသတိုးဟာတစ်နှစ်တစ်ခေါက်အိမ်ပြန်နေကျ ထုံးစံအတိုင်းအိမ်ကိုပြန်လာတာပေါ့ဗျာ”

သတိုးသည် ဗန်ကောက်အပြည်ပြည်ဆိုင်ရာ လေဆိပ်ထဲဝင်လာခဲ့ပြီး သူ့ရဲ့ကျောပိုးအိတ်ကိုသာ သူနဲ့အတူသယ်ဆောင်လာခဲ့သည်။ ကျန်တဲ့အဝတ်အစားသေတ္တာတစ်လုံးနှင့်လက်ဆောင်ပစ္စည်းထည့်တဲ့ သေတ္တာတစ်လုံးကိုတော့ **check in** ကောင်တာမှာပဲထားခဲ့သည်။

ဗန်ကောက်လေဆိပ်သည် သတို့အတွက် မျက်စေ့မှိတ်သွားလျှင်တောင် လမ်းမှားစရာမရှိသည်အထိရောက်ဖူးသည့်အကြိမ်ကား မနည်းတော့။ သတိုးသည် **Transit Hall** ကြီးထဲမှာရှိသော **Duty Free Shop**၊ တွေလိုက်ငေးရင်းပိုကောင်တွေနဲ့ဆိုရင် ဘာသော်ကြရင်ကောင်းမလဲ၊ ဘယ့်သူ့ကိုဖြင့် ဘာလက်ဆောင်ပေးရင်ကောင်းမလဲ စဉ်းစားငေးမောနေပါသည်။

ရန်ကုန်သွားမယ့် လေယာဉ်ထွက်ချိန်ကတစ်နာရီကျော်လောက်လိုသေးရာ သူ သွားရမယ့်ဂိတ်နံပါတ် ရတာတောင်မသွားဖြစ်သေးပဲဆိုင်တွေလိုက်ငေးနေတာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဝယ်ချင်တာတွေလျှင် ဘတ်ငွေ သွားလဲလိုက်၊ဝယ်လိုက်ဖြင့် ခြေထောက်အတော်ညောင်းလာတဲ့အခါသတိုးသည် **Transit Hall**ထဲမှာရှိသောခုံတွေမှာဝင်ထိုင်ရန် စိတ်ကူးလေသည်။

ဆိုဖာအလွတ်တစ်ခုမှာ သတိုးဝင်ထိုင်ရန်ရပ်လိုက်ချိန်တွင် အဲဒီဆိုဖာပေါ်သို့ကုတ်အင်္ကျီတစ်ထည်ကာဘုတ်ခနဲအရင်နေရာဝင်ဦးလိုက်လိုက်လေသည်။သတိုးသည် ကုတ်အင်္ကျီပိုင်ရှင်အား မော့အကြည့်တွင် ‥

**"Oh!Sorry..me first"**

သတိုးသည် မဖြူမညိုအသားအရည်ပိုင်ရှင်ကောင်မလေးကို ခေါင်းညိတ်လျက်ပြုံးပြလိုက်ပြီး

**"It's ok.."**

ဟု ပြန်ပြောလိုက်ပါသည်။အဲဒီတော့မှ ‥‥

ကောင်မလေးကား ကုတ်အင်္ကျီဖယ်ပြီးခုံမှာဝင်ထိုင်စဉ် ကောင်မလေး၏နံဘေးခုံမှ နိုင်ငံခြားသားအမျိုးသမီးကြီးက လက်မှနာရီကိုကြည့်ရင်း ထလိုက်တာမို့သတိုးသည်ခုံထပ်ရှာစရာမလိုတော့ပဲ ထိုနေရာလွတ်မှာဝင်ထိုင်ဖို့ရပ်စောင့်နေလိုက်သည်။





နေရာလွတ်တွင်သက်သောင့်သက်သာ ဝင်ထိုင်လိုက်တော့ သူနဲ့နေရာလုသောမိန်းကလေးနဲ့ဘေးချင်းယှဉ်ရက်ဖြစ်သွားပါသည်။

ကောင်မလေးမှာ စတိုင်ပင်နံအနက်ရောင်ပွပွလေးနှင့် အနက်ပေါ်မှာရွှေအိုရောင်ထောင်လိုက်[illegible]င်းကျဲကျဲပါသောအဆင်ရှိသည့် ပုခုံးဖောင်းဖောင်းကားကားကုတ်အင်္ကျီကော်လာလေးနဲ့ ကုတ်အင်္ကျီပုံစံချုပ်ထားသောအင်္ကျီလက်တိုလေးကိုအဆင်ပြေစွာဝတ်ဆင်ထားပါသည်။

လည်ကုပ်ကျော် ဆံပင်နက်များမှာစတပ်(ပ)တွေအများကြီးပုံညှပ်ထားသည်။အရပ်ကတော့ သတိုး၏ငါးပေခုနစ်လက်မသာရှိသောအရပ်ကိုပင်မီခါနီးပြီမှန်းခုနက မတ်တတ်ရပ်စဉ်မှာတွေ့လိုက်ရ၍ သတိုးတောင်ဖျားသွားခဲ့သည်။

ဖိနပ်က တစ်လက်မလောက်သာဒေါက်ပါတဲ့ပါးပါးပြားပြား ကြိုးလေးသုံးလေးချောင်းနဲ့ ကြိုးသိုင်းဒေါက်မြင့်လေးဝတ်ထားသည်ဖြစ်ရာ ကောင်မလေး၏အရပ်ကားမရှိဘူးဆိုလျှင်တောင် ငါးပေငါးလက်မခွဲကျော်ကိုကျော်မှာ။

အမှန်မှာ မြန်မာအမျိုးသားတစ်ဦးအနေနှင့်ပုံမှန်အရင်ပေမယ့် နိုင်ငံခြားတိုင်းပြည်တွေမှာကျတော့ သူ့အရပ်ဟာမိန်း


www.burmeseclassic.com

www.burmeseclassic.com



မတာစ်ယောက်ရဲ့ သာမန်ရှိသော အရပ်မျှသာ ဖြစ်နေတတ်သည်။အဲဒီ့အတွက် သတိုးဟာအမြဲစိတ်ဆင်းရဲရလျက် သူ့ရဲ့အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်ရဲ့မိုးထိုးနေသော အရပ်အမောင်းတွေကို အားကျစွာသတိရတတ်သူတည်း။

ကောင်မလေးကား အာရှတိုက်သူ တစ်ဦးမှန်းတော့ ခန့်မှန်းလို့ရပါသည်။

ဘာလူမျိုးလဲ…။

ထိုင်းလား၊မလေးရှားလား၊ဗီယက်နမ်လား၊အင်ဒို နီးရှားလား ဒါမှမဟုတ်မြန်မာလား၊ ဒီရုပ်ဒီရည်တွေဟာ ကိုယ့်နိုင်ငံမဟုတ်တဲ့တစ်ခြားနိုင်ငံမှာတွေ့ရင် ဘာလူမျိုးရယ်လို့ခန့်မှန်းရနိုင်ပြီး အာရှတိုက်သူ အာရှနိုင်ငံက လူမျိုးအဖြစ်သာခန့်မှန်းလို့ရနိုင်တဲ့ရုပ်ရည်မျိုးတွေ။

ခုနက ပြောလိုက်တဲ့အင်္ဂလိပ်စကားသံကလည်းတော်တော်ကိုပီ,ရာ သူတောင်ချီးကျူးမိသွား၏။ကြည့်ရင်းငေးရင်းဖြင့် ကောင်မလေးဟာမျက်ခုံးကလေးကိုလည်းပုံဖော်ရိပ်ထားပြီး မျက်ခုံးမွေးဆွဲခဲတံအညိုနဲ့ဆွဲထားတာ၊နှုတ်ခမ်းပုံကိုဖော်ထားပြီး ကိုကာကိုလာအရောင်လိုလိုနှုတ်ခမ်းဆိုးဆေးကိုဆိုးထားတာတွေ သတိပြုမိပြန်သည်။



ကောင်မလေးကား လှတော့လှပါသည်။ဒါပေမယ့် သူကလေးရဲ့ရုပ်ရည်ဟာ လှတယ်ချောတယ်လို့ဆိုနိုင်တာထက် အတော့်ကိုချစ်စရာကောင်းမှန်း သတိထားမိသော ရုပ်ရည်မျိုးပင်။

ခုနက…

"**Oh! Sorry..me first**"လို့ ပြုံးပြီး ပြောစဉ်က တွေ့ရတဲ့ မျက်လုံး ဝိုင်းဝိုင်းလေးတွေဟာ သိပ်တောက်ပဖြာလက်တာပဲ။

သတိုးသည်ယောက်ျားတို့၏ ဝါသနာအတိုင်း ချောသော၊လှသော ချစ်စရာကောင်းသောကြည့်ကောင်းသောအမျိုးသမီးငယ်ကိုငေးသောငေးခြင်းဖြင့် ရိုမ်းလဲမရိုင်းစွာနဲ့ဘေးကမိန်းကလေးဆီအာရုံတွေ တရစ်ဝဲဝဲရှိနေပါသည်။

ထိုအချိန်တွင် ကောင်မလေးကတော့ စာအုပ်သေးသေးလေးတစ်ခုထုတ်ပြီး တစ်စုံတစ်ရာကိုရေးမှတ်နေသည်။ ထိုသို့ ရေးမှတ်နေစဉ်မှာ သူကလေး၏လက်ထဲမှဘောလ်ပင်န်သည်လွတ်ကျသွားရာ…

"ဟာ အရေးထဲ ဘောပင်နဲ့ဟာလွတ်ကျပြန်ပြီ"

လို့မြန်မာလိုပီပီသသ သူကလေးက ခပ်တိုးတိုး

www.burmeseclassic.com

www.burmeseclassic.com



ညည်းညူရေရွတ်လိုက်သံကို သတိုးကားကြားဖြစ်အောင်ကြား သွားတော့သည်။

စိတ်ထဲမှာ ဘယ်လိုဝမ်းသာသွားမှန်းမသိဝမ်းသာသွားတာ စာဖွဲ့မပြနိုင်ပါ။သတိုးသည် ဣန္ဒြေတွေဟန်ပန်တွေပင် ဆောင်ယောင်မနေတော့ပဲ ဝမ်းသာအားရလေသံကြီးဖြင့်..

"မြန်မာလား မြန်မာလူမျိုးလား ဟင်"

"ရှင်.."

"ဝမ်းသာလိုက်တာ ကျွန်တော်ကဘာလူမျိုးလဲဆိုပြီး မိတ်ဆက်မလို့ စဉ်းစားနေတုန်းမြန်မာလိုပြောလိုက် သံလေးကြားရတော့ အရမ်းဝမ်းသာသွားတယ်ဗျာ"

"ကျွန်မလဲ ဝမ်းသာပါတယ် ခုနကနေရာလုပြီး ဦးကတည်းက မြန်မာလားဆိုပြီး ဇဝေဇဝါနဲ့ အကဲ ခတ်မိသေးတယ် သိလား.."

သတိုးသည် ဝမ်းသာအားရစကားပြောတော့လည်း ကောင်မလေးရဲ့မျက်လုံးလေးတွေဟာ ပြူးပြူးဝိုင်းဝိုင်းလေးနဲ့ တလက်လက် ဖြာတဲ့အရောင်လေးတွေနဲ့ပိုပြီး ချစ်စရာကောင်း လာတယ်လို့ငေးရင်း ကြည့်စမ်း ငါသူ့ကိုလိုတာထက်ပိုပြီး တော့များ စိတ်ဝင်စားမိနေပြီလား။ကိုယ့်ကိုကိုယ်ပြန်





မေးလျက် ရင်တွေခုန်ချင်သလိုဖြစ်လာပါသည်။

"ဘယ်သွားမှာလဲ"

"ကျွန်တော် ရန်ကုန်ပြန်မှာပါ"

"ဟယ် အတူတူပဲတော့် ကျွန်မလဲပြန်မှာ"

"TG 304 နဲ့လား"

"ဟုတ်တယ် Transit လေ ဒီမှာစောင့်နေတာ... တစ်ညအိပ်ရတယ်"

"ဘယ်က ပြန်လာလို့လဲ"

"ဩစတြေးလျ က....."

"ဆစ်ဒနီလား"

"မဟုတ်ဘူးရှင့် ပါ့သ်(Perth)ပါ Western State (အနောက်ပိုင်း)ပေါ့ ဆစ်ဒနီ(Sydney)ကတော့အ ရှေ့လေ.."

"အလည်သွားတာလား"

"ကျောင်းသွားတက်တာပါ၊ဒီပလိုမာလေ အဒေါ် တွေ ဦးလေးတွေကပါ့သ်မှာအခြေကျပြီးသားလေ သူတို့ကလဲ အလည်လာစေချင်တယ်အစကတော့ အလည်သွားမလို့ပဲ နောက်တော့ညီအစ်မဝမ်းကွဲက

www.burmeseclassic.com

www.burmeseclassic.com



High School အပြီးမှာ Uniဆက်မတက်ပဲ သူတို့ဆီက TAFEလို့ခေါ်တဲ့ Diploma တန်း တက်မယ်တဲ့ ကျွန်မကိုလဲလာတက်ပါလားလို့ဆွယ်တာနဲ့သူတက်တဲ့ဘာသာရပ်ကိုလဲ ကျွန်မ စိတ်ဝင်စားတာနဲ့ ကျောင်းတက်ဖို့ စီစဉ်ဖြစ်သွားတာပါ"

"ဘယ် နှစ်နှစ်ကြာလဲ"

"နှစ်နှစ်တောင်..."

"ဒေါ်ဒါ ဒီကြားထဲ မြန်မာပြည် ပြန်မလာဖြစ်ဘူးပေါ့"

"ဟုတ်တယ် one Semester (ခြောက်လ) ဆိုတစ်ခါကျောင်းရက်ရှည်တော့ ပိတ်ပါတယ်၊ ဒါပေမယ့်သွားတာပြန်တာ အလုပ်ရှုပ်လို့နှစ်နှစ်ပဲနေပြီးရင်လဲ ကိုယ်ကပြန်လာဖို့သေချာနေတာဆိုတော့ တစ်ခါမှပြန်မလာဖြစ်ဘူး ခုမှအပြီးပြန်လာတာ၊ ဖေဖေကလည်း ပြန်လာစေချင်တယ်လေ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်မသင်လာတဲ့ဘာသာရပ်က သူ့လုပ်ငန်းအတွက် သင့်တော်နေလို့တဲ့"

"စပ်စုတယ်လို့မထင်နဲ့နော် ဘာ ဘာသာတက်တာ





လဲ"

"Hospitality Management ဘာသာလေဖေဖေကလည်းအခုနှစ်ပိုင်းမှာမှ သူ့မိတ်ဆွေတွေနဲ့ရှယ်ယာထည့်ပြီးဟိုတယ်လ်တစ်ခု ဖွင့်မှာမို့ကျွန်မကိုပဲ သူ့ဟိုတယ်လ်မှာ ခန့်ချင်နေတယ်"

"ကျွန်တော် သိတယ် အဲဒီဘာသာက Bentley Institute မှာတက်ရတာနော်"

"ဟယ် ဟုတ်တယ် သိတယ်ဆိုတော့ဘယ်သူများတက်နေလို့လဲ"

"ကျွန်တော့် သင်္ဘောပေါ်ကကပ္ပတိန်မှာလည်းသားတစ်ယောက်က နိုင်ငံခြားမှာကျောင်းတက်နေတဲ့အကြောင်း တစ်နှစ်ကိုငွေဘယ်လောက်ပို့ရတယ်ဆိုတဲ့အကြောင်းပြောပြနေလို့ အဲဒီဘာသာရပ်ရော အဲဒီဘာသာရပ်ကိုသင်တဲ့ကျောင်းရော အမြဲ ကြားနေရတော့သိနေတာယ်ခင်ဗျ"

ကောင်မလေး၏မျက်လုံးတွေမှာ တွေ့စကထက်ပိုပြီးရင်းနှီးလာမှုကို ရှာဖွေတွေ့ရလျှင်သတိုးသည်လူတတ်ကြီးလေသံပြီးပြောပြရတာကို ကျေနပ်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သင်္ဘောလိုက်နေတယ်ထင်တယ်၊ ကျွန်မကကျွန်မလိုပဲ Transit ထင်ပြီး မမေးတာ ဘန်ကောက်မှာ သင်္ဘောဆင်းလာတာလား"

"ဟုတ်တယ် သင်္ဘောဆင်းပြီးသုံးလေးရက်လျှောက်လည်လိုက်သေးတယ် ဒီနေ့မှရန်ကုန်ပြန်တာ"

"စကားကောင်းနေလိုက်တာနော် ဂိတ်နံပါတ်ရပြီးပြီလားဟင် သွားကြရအောင်"

"ရပြီးပြီ.."

"ခုံနံပါတ်ရော ဘယ်လောက်လဲ"

"(-)ပါ"

"ဟယ် ကျွန်မက(-)သီလား ဘေးချင်းကပ်ရက်ကြီးဖြစ်နေပြီ"

"ကောင်းတာပေါ့ဗျာ တစ်လှေတည်းစီး အဲ အဲ မဟုတ်သေးဘူး တစ်လေယာဉ်တည်းစီး တစ်ခရီးတည်းသွားတဲ့မိတ်ရင်းဆွေရင်းတွေ ဖြစ်သွားရတာပေါ့"

သတိုးနဲ့ကောင်မလေးတို့ ဘန်ကောက်မှရန်ကုန်သို့သွားရန်အတွက် ဂိတ်တစ်ခုတည်းမှာအတူတူထိုင်စောင့်ကြတဲ့





အခါ စကားတွေဆက်ပြောဖြစ်ကြပြန်သည်။

"ကျွန်တော့်နာမည်က သတိုးသူရိန်ပါ ဒါကျွန်တော့် visiting card ရန်ကုန်ရောက်လဲ အံမြဲ ဆုံကြတာပေါ့နော်"

"ဆုံရမှာပေါ့ မိတ်ဆွေတွေဖြစ်သွားပြီပဲ ကျွန်မနာမည်က 'ခင်ဝေးဝေးခင်' ပါ.."

"နာမည်က အရှည်ကြီးပဲ"

"အံမယ် သတိုးသူရိန်ဆိုတဲ့နာမည်ကရော မရှည်ဘူးလား"

"ခင်မင်တဲ့သူငယ်ချင်းတွေကတော့ သတိုးလို့ခေါ်ပါတယ်"

"ကျွန်မကလည်း သတိုးလို့ပဲခေါ်ရင်ဖြစ်မလားမရိုင်းပါဘူးနော်"

"မရိုင်းပါဘူးနော် ကျွန်တော်သဘောကျပါတယ်"

"ကျွန်မကိုတော့ ခင်လို့ခေါ်ခေါ်၊ခင်ဝေး ခေါ်ခေါ်၊ ဝေးဝေး ပဲခေါ်ခေါ်၊ခင်ဝေးပဲ ခေါ်ခေါ်၊ဝေးခင်ပဲ ခေါ်ခေါ် ရပါတယ်သူငယ်ချင်းတွေကလည်း တစ်ယောက်တစ်မျိုးစီအဆန်းထွင်ခေါ်တာခံရလို့ ဘယ်နှ



www.burmeseclassic.com

မည်ကပုံသေရယ်လို့တောင်မရှိဘူး"

ကောင်မလေးသည် ဆက်ရက်လိုလို၊စကားလေးလိုလို ကနေလှုဝင်စားဖြစ်ဟန်တူ၏။အတော့်ကို စကားများကြောင်း သတိုး သတိထားမိပါသည်။

ဒါပေမယ့် ချစ်စရာကောင်းတဲ့လူမို့လို့လားတော့မသိ။ ဒါမှမဟုတ် သူကပဲချစ်သွားလို့လားတော့မသိ။ကောင်မလေး ရဲ့စကားသံတွေဟာ သူ့အတွက်သိပ်ကိုနားဝင်ချိုနေပါရဲ့။

"ဖေဖေကလေ ကျောင်းသွားတက်မယ်ဆိုတုန်းက မသွားစေချင်ဘူး အတင်းတားတာ၊ မေမေက်မေမေ ပဲလေ အဟင်း...၊သမီးလုပ်ချင်တာပေးလုပ်လိုက် ပညာသင်ဖို့သွားတာ သွားပါစေလို့နှစ်ခါမဲ ပြောလိုက် ရတယ် ဖေဖေကလုံးဝမတားရဲတော့ဘူး"

အခုတော့လဲ သူ့လုပ်ငန်းကြီးကမမျှော်လင့်ပဲကျွန်မနဲ့ ပတ်သက်တာမျိုးဖြစ်နေတော့..

ကျောင်းမြန်မြန်ပြီးစေချင် ပြန်လာစေချင်တာလေ သူများတွေပေးသလို လခကောင်းကောင်းပေးပါ့ မယ်တဲ့သားအဖချင်း Dealလုပ်ထားရတယ်..၊ကျွန် မက Uni ဆက်တက်ချင်သေးတာ၊ဖေဖေက သမီး တစ်ယောက်တည်း အဝေးမှာခွဲမထားချင်ဘူး ဘာ ညာနဲ့..၊လုပ်ငန်းကျွမ်းကျင်ပြီး နေသားကျအောင်ခု တည်းကစရမှာ အဲဒါမျိုးတွေပေါ့ အကြောင်းပြပြီး အတင်းခေါ်တာ...

ကျွန်မကလဲ နောက်ဆုံးတော့လေ သမီး လိမ္မာလေး ပြန်ဖြစ်ရတာပဲ၊ ဖေဖေ စိတ်ချမ်းသာအောင်ပြန်လာ ရတော့တာပဲ ကျောင်းက ဆက်တက်ချင်သေးတာ ငယ်တုန်းပညာသင်ရတာပိုကောင်းတယ်နော်"

သတိုးသည် ခေါင်းတညိတ်ညိတ်ထောက်ခံ၍ ခပ် စူစူထော်ထော်ကလေးနဲ့ ချစ်စရာကောင်းစွာ လှုပနေသော ကောင်မလေး၏ နှုတ်ခမ်းလေးများကို လိုက်ငေးမိပြန်သည်။

"အသွားတုန်းကနေ စင်္ကာပူမှာ Transit လုပ်ပြီး သွားတာ၊အပြန်တော့ ဘန်ကောက်လေဆိပ်ဝင်မယ် ဆိုပြီး စိတ်ကူးထားတော့ ထိုင်းအဲယားဝေးနဲ့ပဲ တမင် ပြန်တာလေ၊လေယာဉ်လိုင်းတွေထဲမှာ ဘယ်လိုင်းက ပိုကောင်းသလဲမသိဘူးနော်၊ခင်ဝေးကလဲ နှစ်လိုင်း ပဲ စီးဖူးသေးလို့....

ကိုသတိုးကတော့ နိုင်ငံခြားသဘောလိုက်

www.burmeseclassic.com

www.burmeseclassic.com

နေတဲ့သူဆိုတော့ လေယာဉ်လိုင်းတွေ တစ်ခုပြီးတစ်ခုပြောင်းစီးကြည့်မယ် ထင်တယ်''

''အင်း…တော်တော်များများ စီးဖူးပါတယ်၊သိပ် မမှတ်ထားမိဘူး၊ဘယ်လိုင်းက ပိုကောင်းတယ်ဆိုတာထက် ဘယ်လိုင်းက တိုက်တဲ့ ဝီစကီက ပိုစုံတယ်ဆိုတာပဲ မှတ်မိတယ်ခင်ဗျ''

ကောင်မလေးက ပွင့်လင်းသော သတိုး၏စကားတွေကြောင့် ဟက်ဟက်ပက်ပက်ရယ်ပါသည်။

ရယ်လိုက်တော့ ပိုကလေးဆန်ပြီး ပိုလည်း ချစ်ဖို့ကောင်းသွားတယ် ခင်ဝေးရယ်။ရန်ကုန်သွားမည့် လေယာဉ်ပေါ်သို့ပို့ပေးသည့် ဘတ်(စ်)ကားပေါ်မှာလည်း အဓိကစကားပြောသူက ခင်ဝေးပဲ ဖြစ်နေခဲ့ပြန်သည်။

''အလာတုန်းကလေ အရမ်းအထီးကျန်တာပဲ၊တစ်ယောက်တည်း သိလား…..

လာမယ် ဆုံးဖြတ်ပြီးမှ လာခါနီးလဲကျရော မလာချင်တော့ဘူး၊ဖေဖေတို့ မေမေတို့ကို မခွဲချင်တော့ဘူး၊အဲဒီလို ခံစားရပြီး လာခါနီး တစ်ရက်မှာ ငိုပဲ ငိုနေတာလေ၊နှစ်နှစ်ကြာရင် ပြန်လာမယ်ဆိုပေ



မယ့် အဲဒီ နှစ်နှစ်ဆိုတဲ့ ကာလကြီးကို မစောင့်နိုင်တော့သလို…တကယ်ပဲ ခံစားရတယ်…..

လူက ပျော်ကိုမပျော်တော့ဘူး၊တိုးတက်တဲ့ နိုင်ငံကြီး တစ်ခုကို သွားရမယ်၊ကိုယ် သင်ချင်တဲ့ ပညာလဲ သင်ရမယ်ဆိုတာ စိတ်က သိနေရက်နဲ့မပျော်တာလေ၊မွေးကတည်းကနေလာတဲ့ ဒေသတစ်ခုဆိုတော့ ဘယ်လိုမှ စိတ်ထဲက မခွဲနိုင်တာလဲ ပါတယ်…..

ရောက်ပြီး တစ်နှစ်လောက်ထိလဲ စိတ်ထဲမှာ သိပ်ပျော်လှတယ်ရယ် မရှိပါဘူး၊ကျောင်းတက်စရာရှိတာ တက်၊စာကျက်စရာရှိတာ ကျက်နဲ့ နှစ်နှစ်ကို မြန်မြန်ကုန်ချင်နေတာ၊နှစ်နှစ်ပြီးတော့လဲ ပညာ ထပ်သင်ချင်တဲ့ လောဘက ဝင်လာပြန်ရော…

ဖေဖေသာ အဲဒီ ကိုယ်ပိုင်ဟိုတယ်လ်ကြီး မဖွင့်ဖြစ်ရင် ခင်ဝေးလဲ ပြန်လာဖြစ်ဦးမှာ မဟုတ်ဘူးရှင်''

ဟုတ်ကဲ့။ကိုယ်ပိုင်ဟိုတယ်လ်လုပ်ငန်းကို တည်ထောင်ဖို့ စိတ်ကူးရသွားတဲ့ ခင်ဝေးရဲ့ ဖေဖေကိုလည်း ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော် အထူးကျေးဇူးတင်ပါတယ်။ဘာဖြစ်လို့လဲဆိုတော့ ချစ်စရာကောင်းတဲ့ ခင်ဝေးနဲ့ ရန်ကုန်တစ်မြို့တည်းမှာ အတူတူပြန်ဆုံရတော့မှာမို့ပါ။

လေယာဉ်ပေါ်မှာတော့ ခင်ဝေးက လေယာဉ်၏ ပြတင်းပေါက်ဘက်အခြမ်းမှာ နေရာရပြီး သတိုးက ခင်ဝေးနှင့်ကပ်လျက် ခုံမှာဖြစ်လေသည်။

လေယာဉ်ပေါ်က ဧည့်ခံသော အစားအသောက်တွေလည်း စားရင်း၊Juice တွေ သုံးလေးခွက်သောက်နိုင်သောကောင်မလေးက စကားလည်း အမျှင်မပြတ်နိုင်ပေ။

ကောင်မလေးဟာ သိပ်တော့မစပ်စုဘဲ သူမရဲ့ အတွေ့အကြုံတွေကိုသာတစ်ခုပြီးတစ်ခု ပြောဖို့ ပိုပြီး စိတ်အားထက်သန်လေသည်။

"စရောက်ခါစကလေ ကိုယ်က ဘယ်လောက်ပဲဘိုလို ပြောတတ်တတ် သူတို့ပြောတဲ့ လေယူလေသိမ်းကို နားမလည်တာအဆိုးဆုံးပဲ၊ခင်ဝေးတို့သင်ထားတာကအမေရိကန်သံလေ၊Aussie အဲ...အဲ...အဲဒါ Australian လူမျိုး(သြစတေးလျှန်း)တွေကို ခေါ်တဲ့ အသုံးအနှုန်းပေါ့၊အဲဒီ Aussie(အော်စီ)တွေ ပြောတဲ့



အင်္ဂလိပ်စကားသံဟာ တော်တော်ကွဲပြားတာ၊လေသံဝဲတာလေ.....

သူတို့ ခပ်မှန်မှန် ပြောရင် နားလည်သေးတယ်၊မြန်မြန်ပြောပြီဆိုရင် လူက ဆယ်လုံးမှာ တစ်လုံးတောင်နားမလည်ဘူး၊အဲဒီလိုဖြစ်တာ စိတ်ထဲကလဲ ဘယ်ခံချင်မလဲ၊ငါလဲသူတို့ရဲ့ အင်္ဂလိပ်စကားမျိုးနားလဲလည်၊ပြောလဲပြောတတ်ရက်သားနဲ့ဆိုပြီး မခံချင်စိတ်နဲ့ တယ်လီဗေးရှင်းတွေ ထိုင်ကြည့်၊ရေဒီယိုတွေ အမြဲနားထောင် ကိုယ့်အနားဝန်းကျင်မှာသူတို့ချင်း စကားလက်ဆုံ ကျတာကို ခိုးပြီးနားထောင်၊အဲဒီလို နားအကျင့်ရအောင်လေ့ကျင့်လိုက်ပြီးမှ ခြောက်လလောက်ကြာတော့ တော်တော်လေးဟုတ်လာတယ်လေ.....

တစ်နှစ်လောက် နေတော့ သူတို့ ဘယ်လိုလေသံပဲလာလာ နားလည်သွားတယ်"

သတိုးကတော့ လေယာဉ်စီးတိုင်း အမြဲအိပ်ငိုက်နေကျ အကျင့်ပါတာတောင် ဒီတစ်ခါတော့ အိပ်မငိုက်နိုင်ဘဲ သူ့ နံဘေးက ဆက်ရက်မလေးဆီမှာ ပျော်ဝင်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စကားများတယ်ဆိုသော်လည်း သူမ ပြောတာတွေဟ ပေါက်တတ်ကရ ထွေရာလေးပါး မဟုတ်ဘဲ သူမရဲ့အတွေ့ အကြုံများဖြစ်တာမို့ စိတ်ဝင်စားစရာလည်းကောင်းတာ ငြင်း မရ။

"ခင်ဝေး တက်တဲ့ ဘာသာရပ်ကလေ Oversea Student(အိုဗာစီးစတူးဒင့်)တွေအများဆုံးတက်တဲ့ ဘာသာပဲပေါ့…၊ကျောင်းမှာ အင်ဒိုနီးရှားက များ တယ်၊မြန်မာဆိုလို့ ခင်ဝေးနဲ့ ညီမ ဝမ်းကွဲ Olive (အော်လစ်ဗ်)ပဲ ရှိတယ်"

"မြန်မာပြည်မှာရောအခင်ဆုံး သူငယ်ချင်းတွေ ခ ကျန်ခဲ့ဘူးလား"

"ရှိတာပေါ့၊ခင်ဝေး ထွက်သွားတော့သူတို့ ဝမ်းနည်း ပြီး ကျန်ခဲ့ကြတယ်၊အဆက်အသွယ်တော့ မပြတ်ပါ ဘူး၊ဒါပေမယ့် သူတို့က ခင်ဝေးကိုအရင်ကလောက် ခင်တော့မယ် မထင်ဘူး"

"ဒီလောက်ခင်စရာကောင်းတဲ့ သူငယ်ချင်းကို သူတို့ ခင်ကြမှာပါ"

"အမယ်…မြှောက်ပြောနေတာ"



"တကယ်ပါ၊ကျွန်တော်တောင် ခဏလေးနဲ့ ခင်သွား တာပဲ"

"ဟုတ်ရဲ့လား၊ခင်ဝေးက စကားများလို့ စိတ်မညစ် ဘူးလား"

"စကားပြောကောင်းတာပါ"

"ခင်ဝေးက စကားများတာပါ၊အဲဒီ အကျင့်ကြီးက ဘယ်လိုမှ ပြင်မရဘူးရှင်"

"ပဲခူးတောင်ဖြတ်ပြီတဲ့၊မကြာခင် ရန်ကုန်မြေပေါ် ရောက်တော့မယ်နော်"

"ဝမ်းသာလိုက်တာ၊ရင်ထဲမှာ တစ်မျိုးကြီးပဲ၊ရင်တွေ လဲ ခုန်နေတယ်"

ခင်ဝေးဝေးခင်သည် ရင်ဘတ်ကို လက်ကလေးဖြင့် ...ကာ မျက်လုံးကလေးစုံမှိတ်နေပါသည်။

သတိုးသည် ထူထူကော့ကော့နှင့် ညွတ်ကျနေသော ...တောင်ရှည်များကို စိတ်ရှိလက်ရှိငေးလိုသော်လည်း သိပ် ...သလိုဖြစ်မှာ စိုးရိမ်၍ သတိုးမှာ သူပါရောပြီးမျက်လုံး ...လျက် ခုံနောက်မှီပေါ်မှီလှဲချလိုက်ရပါသည်။

ရန်ကုန်ရောက်လျှင် ဟူသော အတွေးတွေက အဖိ

www.burmeseclassic.com

www.burmeseclassic.com



အရှိရှိနေပါသည်။

အရင်ဆုံး ဟိုနှစ်ကောင်ကို အကြောင်းကြားရမည်။ သတိုးရဲ့ အိမ်မှာစုပြီး တွေ့ဆုံကြမည်။သတိုးက သူဝယ်လာသော လက်ဆောင်တွေကို ပေးရင်း သူတို့နှစ်ကောင်အံ့သြသွားရမယ့် သူ့ရင်ထဲက အဖြစ်အပျက်တစ်ခုကို ရင်ဖွင့်ပါမည်။

သူတို့ သုံးယောက်စလုံးတစ်ယောက်နဲ့ တစ်ယောက် သိပ်ခင်ကြသလို ဘယ်သူမှ ရည်းစားပင်ဖြစ်မြောက်စွာ မထားဖြစ်ဘဲ (အဖြစ်မရှိလို့မထားခဲ့ဘဲ)တစ်ယောက်တည်းလွတ်လပ်ပျော်ရွှင်ခဲ့ကြပုံချင်းလည်းတူသည်။

မပွေမရှုပ်ကြဘဲ စရိုက်တူ၊အကြိုက်တူကြသော သူငယ်ချင်းသုံးယောက်တို့ရဲ့စကားဝိုင်းမှာ သတိုးရဲ့ ရင်ထဲက အဖြစ်အပျက်လေးဟာ အင်မတန်မှထူးခြားတဲ့ ဖြစ်ရပ်တစ်ခု ဖြစ်ကိုဖြစ်မှာ ကျိန်းသေနေလေပြီ။

ရန်ကုန်လေဆိပ်၏ ပြေးလမ်းတွေပေါ်သို့ လေယာဉ်ဘီးတွေ ထိသောအခါ သတိုးသည် ခင်ဝေးနဲ့ ခွဲရတော့မည်ဆိုပြီးရင်ထဲမှာလွမ်းသွားခဲ့ပါသည်။

* * *

"ဖေဖေ…ဒါ ကိုသတိုးသူရိန်တဲ့၊သဘောသင်းလာတာ၊ခင်နဲ့ ဘန်ကောက် အဲယားပို့မှာ ဆုံပြီး ခင်မင်သွားတဲ့ မိတ်ဆွေတစ်ယောက်ပဲ"

သတိုးသည် လက်ကမ်းပေးသော ခင်ဝေး၏ဖခင်ရဲ့ လက်ကို ပြန်ဆွဲယူနှုတ်ဆက်လိုက်ရင်း…

"ဟုတ်ကဲ့…အန်ကယ်လ်…၊တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ"

"အေးကွာ၊အန်ကယ်လ်လဲ ဝမ်းသာပါတယ်၊ကောင်းတယ်ကွာ၊မင်းတို့လိုအရွယ်တွေ နိုင်ငံတကာကိုရေလမ်းခရီးကနေ စွန့်စားသွားလာနေတာ သိပ်ကောင်းတယ်၊နိုင်ငံအနှံ့လဲရောက်တယ်၊ဗဟုသုတတွေလဲ ရတယ်၊အန်ကယ်လ်လဲ သိပ်အားကျတဲ့ အလုပ်တစ်ခုပေါ့ကွာ၊ အန်ကယ်လ့်မိဘတွေကခွင့်မပြုခဲ့လို့ သဘောသား မလုပ်လိုက်ရဘူး"

"သားက ဘယ်လိုင်းလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ယူရှပ်(ပ)(Europe)လိုင်းပါပဲ အန်တီ"

"ကောင်းတာပေါ့၊အနောက် နိုင်ငံအစုံရောက်ပြီး ပြီပေါ့၊ဟုတ်လား"

"သိပ်မစုံသေးပါဘူး အန်တီ၊ကျွန်တော်က တစ်နှစ် တစ်ခေါက်ပြန်ပြန်နေတာများတယ်"

"ဪ.. သံယောဇဉ်ရှိလို့လား"

"ဖေဖေနဲ့မေမေက ပြန်လာစေချင်တာလဲပါတယ်၊ ကျွန်တော်ကိုယ်တိုင်ကလဲ မြန်မာပြည်ကနေ အကြာ ကြီး မခွဲသွားချင်တာလဲ ပါပါတယ်"

သတိုးသည် အိမ်က အကြိုလွှတ်လိုက်သော မာစီး ဒီးပေါ်သို့မတက်ချင်ပေ။အားလုံးရှေ့မှာ ကိုယ်ကတမင်အကြွား ပိုသလို ဖြစ်မှာမလိုလားတာလဲ ပါပါသည်။

ဒါပေမယ့် ခင်ဝေးတို့ကားကို တွေ့တော့လည်း သူ တကယ်ဖျားသွားရ၏။ခန့်ညားသားနားသော BMW ကားက သတိုး၏ မာစီးဒီးကားကို စိန်ခေါ်နေပါသည်။

ခင်ဝေးကား မိဘတွေနဲ့ ပြန်ဆုံရ၍ အလွမ်းသယ်လို့ မဆုံးဖြစ်လျက် သတိုးကို နှုတ်ဆက်ဖို့တောင်မေ့နေလေသည်။ အဖေနဲ့အမေရဲ့ လက်မောင်းတွေထဲတွဲခိုကာ စကားတွေ တ



တွတ်တွတ်ပြောလို့ပင်မကုန်နိုင်သေး။

သတိုးသည် နောက်ဆုံးတော့ သူပဲအရင်နှုတ်ဆက် ပြီး ပြန်ဖို့ပြင်ရလေသည်။

"ခင်ဝေး ကျွန်တော် သွားလိုက်ပါဦးမယ် ခင်ဗျာ"

သတိုး၏ အသံကြောင့် ခင်ဝေးကခုမှသတိရသွား သလို မျက်လုံးအစုံပြူးပြူးလေးနှင့်...

"အို...ဟုတ်ကဲ့၊ဟုတ်ကဲ့၊ခင်ဝေး ဒီမှာ ဖေဖေတို့နဲ့ အလွမ်းသယ်နေလို့နော်၊ကိုသတိုးကိုတောင် စကား မပြောဖြစ်ဘူး"

"ရပါတယ်၊နောက် ဆုံကြမယ်လေ"

"အိုကေ...ဆုံကြတာပေါ့၊ခင်ဝေးရဲ့ လိပ်စာရော၊ ဖေဖေ့ဟိုတယ်လ်ရဲ့ လိပ်စာရော၊ဖုန်းနံပါတ်တွေရော သိနေသားပဲ၊အားတဲ့ တစ်နေ့ လာလည်ပါ"

"မလာခင် ဖုန်းကြိုဆက်လိုက်မယ်၊ဒါမှ အိမ်မှာ ဆုံရမလား၊ခင်ဝေးတို့ရဲ့ ဟိုတယ်လ်မှာ ဆုံရမလား သေချာမယ်ထင်တယ်နော်"

"ကောင်းတယ်၊ကဲ...ခင်ဝေးလဲ နှုတ်ဆက်ပါတယ် နော်"

www.burmeseclassic.com

www.burmeseclassic.com

သတိုးသည် လက်ကလေးတပြပြဖြင့်နှုတ်ဆက်သော ချစ်စရာကောင်းတဲ့ အပြုံးကို ပိုင်ဆိုင်သော မျက်လုံးမြူးမြူးလေးဖြစ်အောင်လုပ်တတ်သော ခပ်စူစူ နှုတ်ခမ်းကလေးကို ရပြီးချွန်ပြီး စကားပြောတတ်သော အဲဒီ နှုတ်ခမ်းကလေးက မြောက်မြားစွာသော စကားလုံးတွေ လျှံကျလာတတ်သော ခင်ဝေးဝေးခင်ဆိုတဲ့ အရုပ်ကလေးကို ကျောခိုင်းခဲ့ရတဲ့အခါ ရင်ထဲမှာ တော်တော့်ကို လွမ်းဆွတ်လာတော့တာပဲဖြစ်ပါသည်။

ဘယ်လိုလုပ်ရမလဲ ခင်ဝေးရယ်။ဒီတစ်သက်မှာသိပ်ချစ်မြတ်နိုးရမယ့်ချစ်သူမျိုးကို မဆုံရတော့ဘူးလို့ ကိုယ့်နှလုံးသားကိုယ် သတ်မှတ်ခဲ့ဖူးပါရဲ့…။

ခုတော့ ခင်ဝေးနဲ့တွေ့မှပဲ…။

အချစ်ဆိုတာ ဆုံကြတွေ့ကြ သိကျွမ်းကြတဲ့ အချိန်ကာလ အတိုင်းအတာပမာဏတွေ မလိုပါဘူးဆိုတာ လက်ခံသွားပြီ။

ဆုံတွေ့ကြချိန်သုံးလေးနာရီတောင် မရှိပါဘဲ ခဏတစ်ဖြုတ်လေးအတွင်းမှာ အဆပေါင်းများစွာ ချစ်ခြင်းမေတ္တာတွေ ပွားလာခဲ့တာပါ။



နှစ်ပေါင်းများစွာကတည်းက ဆုံတွေ့ခဲ့ကြတဲ့ ချစ်ရသူတစ်ယောက်အပေါ်ချစ်မြတ်နိုးမိသလိုပဲခင်ဝေးကို ကိုယ်ချစ်သွားတယ်။

မြတ်နိုးခဲ့ရပြီ။တစ်သက်လုံးအတွက် တစ်ယောက်တည်း ဖြစ်နေမယ့် အချစ်ဆုံးသူကလေးပါပဲ ခင်ဝေးရယ်…။

www.burmeseclassic.com

# (၂)

သတိုးက သူတို့တွေ့ဆုံကြဖို့ချိန်းတော့ ဟိုနှစ်ကောင်က သတိုးပြန်လာရင် ဒီလိုပဲဆုံနေကျအတိုင်းခေါ်တယ်ပဲ မှတ်ထင်ထားခဲ့ကြရာ သတိုးထံမှ ထူးဆန်းသော ဝန်ခံမှုအတွက် အံ့ဩမင်သက်နေခဲ့ကြလေသည်။

ကြည့်မင်းခေါင်က သတိုးကို မမြင်ဖူးသလို စိုက်ငေးနေရင်း...

"မင်း တကယ်ပြောနေတာလား၊နောက်နေတာလား ကွာ၊တစ်သက်ပဲ ရှိတော့မယ်၊လေယာဉ်နဲ့ သွားလိုက် ပြန်လိုက်၊သင်္ဘောပေါ်ဆင်းလိုက်၊တက်လိုက် ကမ်း



ကပ်တဲ့ နိုင်ငံတိုင်းမှာ လည်လိုက်ပတ်လိုက်နဲ့ တစ်ခါမှ မိန်းမနဲ့ ပတ်သက်ပြီး စိတ်လဲမဝင်စား၊စိတ်လဲ မလှုပ်ရှားခဲ့တဲ့ သူဌေးသားကကွာ.....

ခဏတစ်ဖြုတ်ကလေး လေယာဉ် စီးရင်း မိတ်ဆွေဖြစ်လာတဲ့ ကောင်မလေးကိုမှသဘောကျသတဲ့၊တော်တော်ကို လှလို့လား"

"ချစ်စရာလေးကွ၊လှလဲလှတယ်၊ချစ်ဖို့လဲ ကောင်းတယ်၊စကားလဲ များတယ်၊နှုတ်ခမ်းကို ဟောသလို ဟောသလို စုပြီးချွန်ပြီး စကားပြောတာ ချစ်ဖို့ အရမ်းကောင်းတယ်၊စကားပြောတာလဲမြန်လွန်းတယ်"

"စကားများတဲ့ မိန်းမနဲ့မှ ဖူးစာဆုံရတယ်ကွာနားညည်းတာပေါ့၊ရည်းစား ဘဝနဲ့လဲ နား ညည်းမယ်၊တစ်သက်လုံး အတူတူနေရတဲ့အခါလဲ နားညည်းခံရမယ်"

"သတိုးက ချစ်တဲ့ မျက်စိနဲ့ ကြည့်နေပြီလေကွာ၊ဒါတွေ ဘယ်သတိရတော့မလဲ"

တိမ်တိုက်က ဝင်ပြောတော့မှ သတိုးမှာ အကျေနပ်ကြီး ကျေနပ်လျက် တဟီးဟီးရယ်နိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့် အချစ်ဆုံးအခင်ဆုံး သူငယ်ချင်းတစ်ယောက်က ကြိုက်နေတယ်ဆိုတော့လဲ ကြည်မင်းခေါင်နဲ့ တိမ်တိုက်တို့က ဝင်မခွေးနွေးဘဲ စိတ်တကယ်မဝင်စားဘဲနဲ့ကို မနေနိုင်တော့ချေ။

ခင်ဝေးဝေးခင် ဟူသော မမြင်ဖူးသေးသည့် ကောင်မလေးတစ်ယောက်အကြောင်း ပြောကိုပြောရတော့တာ၊ဝေဖန်အကြံပေးရတော့တာဖြစ်ပါသည်။

သတိုးက စပြောပါသည်။

"ကိုယ် တကယ် ချစ်တဲ့ မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်ပြီး သူ့ကို ဘယ်လိုပုံစံလေးကြောင့်ချစ်တယ်ဆိုတာ ဘယ်ဟာကို အကြောင်းပြမလဲဆိုရင်ကွာ..."

ကြည်မင်းခေါင်က စကားမဆုံးခင် ဖြတ်ပြော၏။ အရက်လေးနည်းနည်းလည်း ဝင်လာပြီဖြစ်ရာ လူငယ်လေးသုံး ယောက်တို့၏ စကားဝိုင်းမှာ ပိုပြီးစည်ကားလာလျက် အာဝဇ္ဇန်း ရွှင်လာတာလည်း မဆန်းပါ။

ကြည်မင်းခေါင်သည် လက်တကာကာဖြင့်...

"နေဦး...သတိုးမင်းက မင်းမြင်တာတွေပဲ ဖွဲ့နွဲ့ပြောမှာကွ၊ငါက မင်းဆီမှာ ခံစားနေရတဲ့ ခံစားချက်ကို စိတ်မှန်းနဲ့မှန်းပြီး ပြောမယ် ခဏနားထောင်"



"ကြည်မင်းဟာ မူးလာရင် အမြဲပြဿနာရှာပြီ တိမ်တိုက်၊မင်းပဲကောင်းတယ်၊မူးလေငြိမ်လေ ငြိမ်ရာက အိပ်ငိုက်လေ၊ပြီးတော့ ထိုးအိပ်တယ်၊အဲဒါ ပိုကောင်းတယ်ကွာ၊သူများကို အနှောင့်အယှက်မပေးဘူး"

"ဟေ့ကောင် သတိုး၊ဘာလဲကွ၊မင်းကို ငါက မင်းအစား ဝင်ခံစားပေးတာကို မကြိုက်ဘူးလားကွ"

"ကြိုက်ပါတယ်ကွာ၊မင်း ထင်သလိုပြောပါ၊ငါမင်းပြောတဲ့ ငါ့ရဲ့ ခံစားချက်တွေကို ကျေနပ်ပါတယ်"

သတိုးက ကြည်မင်းခေါင်ကို အလျှော့ပေးဟန်ဖြင့် ပြောလိုက်တော့မှ ကြည်မင်းသဘောတွေကျသွားပြီး...။

"မင်းပြောတဲ့ ကိုယ်တကယ်ချစ်တဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်လိုပုံစံလေးကြောင့် ချစ်တယ်၊မြတ်နိုးတယ်၊စွဲလန်းတယ်ဆိုတာကွာ...၊ငါ့ အထင်တော့ သူ့ရဲ့ အသံလေးတွေချိုသာလို့ နားထဲစွဲသွားတာက တစ်ကြောင်းဖြစ်နိုင်တယ်၊မင်းရဲ့ ခင်ဝေးက စကားအမျှင်မပြတ်ပြောတတ်တယ်လေ"

www.burmeseclassic.com

www.burmeseclassic.com


သတိုးက ခေါင်းညိတ်၏။

"ငါက ချိုသာတဲ့ စကားလုံးတွေပြောတဲ့ နှုတ်ခမ်းလှလှလေးကြောင့်လဲ တစ်ကြောင်းပေါ့ကွာ"

"သူက ပညာတတ်မိန်းကလေးတစ်ယောက် ဖြစ်တာလဲ တစ်ကြောင်းရှိတယ်"

တိမ်တိုက်က အငြိမ်မနေနိုင်တော့ဘဲ…

"တောက်ပပြီး ဆွဲဆောင်ညှို့ငင်တတ်တဲ့ မျက်လုံးတစ်စုံကြောင့်လဲ တစ်ကြောင်းလေ သတိုးရာ…"

"အပြုံးလေးတွေက အံ့သြဖို့ကောင်းအောင် ချစ်စရာကောင်းတာလဲ တစ်ကြောင်းဖြစ်နိုင်တယ်သတိုး"

"ငါ့အတွက်ကတော့ချစ်စရာကောင်းလွန်းတဲ့ မျက်နှာလေးကြောင့် ညဘက်တွေမှာ အိပ်မက်ထဲထိ ပါပါနေတာလဲ တစ်ကြောင်းပေါ့ကွာ"

"အရပ်မြင့်မြင့်နဲ့ မော်ဒယ်ဂဲလ်လေးတစ်ယောက်လို ကြည့်ကောင်းတဲ့ ကိုယ်နေဟန်ကရော မင်း သူ့ကို ချစ်ချင်လာအောင် ညှို့ငင်တာပဲမဟုတ်လား"

"ငါကတော့ ခပ်စူစူနှုတ်ခမ်းပုံ့ပုံ့လေးကို ပုံဖော်ဆေးခြယ်ထားတာကို ချစ်တယ်၊စကားပြောတိုင်း စုစုချွန်



ချွန်လေး ပြောတာကိုချစ်တယ်"

တိမ်တိုက်က ကြာတော့ဝင်မပါတော့ဘဲဘေးကထိုင်ပြီး နားထောင်သမားလုပ်နေမိတော့၏။မိန်းမ တစ်ယောက်အတွက်နဲ့ သတိုး အဲဒီလောက်ကြီး အသည်းအသန်ဖြစ်တာကို အံ့သြရင်းကပဲ အချစ်ဆိုတာ ဒါပါပဲထင်ပါရဲ့လို့စိတ်ကူးကြည့်မိနေသည်။

"ကြည်မင်း၊မင်းက ရယ်ရတယ်ကွာ၊ရည်းစားဖြင့်မထားဖူးဘဲနဲ့ ကောင်မလေးတစ်ယောက်လောက်ကိုတောင် မချစ်ဖူးဘဲနဲ့ လူတတ်ကြီးလုပ်ပြီး သတိုးကို ဆရာလုပ်နေတာ၊ငါ အရမ်းရယ်ချင်လာပြီ ဟီး… ဟီး"

"ဟေ့ကောင် တိမ်တိုက်၊အချစ်ဆိုတာ ချစ်ဖူးမှသိတာမျိုးမဟုတ်ဘူး၊ဝတ္ထုတွေ၊ဗွီဒီယိုတွေ၊ရုပ်ရှင် တွေထဲမှာ တွေ့ဖူးရင် ဘယ်သူ့ကိုမဆို ဆရာကြီးလုပ်လို့ရတယ်"

"ငါလဲ ဘယ်မိန်းကလေးကိုမှ ချစ်လဲမချစ်ခဲ့ဖူးပါဘူး၊ဒါပေမယ့် ငါ့အထင်ပြောရရင် မိန်းကလေးတစ်ယောက်မှာ ရုပ်ရည်လှတာလဲ တစ်ပိုင်းပေါ့ကွာ၊သူ

www.burmeseclassic.com

www.burmeseclassic.com



လှတာထက် သူ့မျက်လုံးတွေက ဆွဲအားပြင်းတာဟာ လူတစ်ဘက်သားကို ကြွေစေတယ်ထင်တယ်၊မျက်လုံးလှတဲ့ မိန်းမတွေဟာ ပိုပြီးထင်ရှားပေါ်လွင်တယ်ကွ၊မျက်လုံးဆိုတာ စိတ်ရဲ့တံခါးပေါက်ပဲ၊မျက်လုံးထဲမှာ ကောင်မလေးရဲ့စိတ်နေ သဘောထားကို မြင်နိုင်တယ်၊ငါကတော့ မျက်လုံးကိုပဲ အဓိကထားပြီး ကြည့်မယ်၊စိတ်နေသဘောထားကို ကြည့်မယ်''

''တိမ်တိုက်ပြောတာလဲ ဟုတ်တယ်ကွ၊ရုပ်ရည်လှတာထက် စိတ်ဓာတ်လှဖို့ ပိုအရေးကြီးတယ်၊ခင်ဝေးက စိတ်ထားကောင်းတဲ့ မိန်းကလေးဖြစ်ပါစေလို့ မျှော်လင့်ရတာပဲ''

''မင်း တော်တော့်ကိုချစ်သွားတာလား''

''ပြောမပြတတ်လောက်အောင်ပဲ''

''အီး…ဟီး…ဟီး၊ငါ အူယားသလိုပဲ၊ချစ်တယ်ဆိုတာကြီးက ကိုယ်တိုင်မခံစားတတ်တော့ တစ်မျိုးကြီးပဲ၊နောက်ပြီး…ငါတို့ရဲ့ အချစ်ဆုံးသူငယ်ချင်း တစ်ယောက်က အီဆိမ့်နေအောင် ခံစားပြနေတာ ကြည့်ပြီးတော့လဲ တစ်မျိုးကြီးဖြစ်တယ်ကွ…..''



''အချစ်ဆိုတာ ဒီလို အရူးအမူးခံစားရတာပါလားဆိုပြီး သံဝေဂရတယ်တကယ်''

''တိမ်တိုက်…တိမ်တိုက်၊အပြောမကြီးနဲ့ သံဝေဂရတယ်လေး ဘာလေး မလုပ်နဲ့၊ကိုယ့်အလှည့်ဆိုတာ သိပ်မကြာခင်ရောက်လာတတ်တာမျိုး''

''အချစ်တဲ့…အချစ်ဆိုတာ ဘီယာတစ်ခွက်လောက် ဝီစကီလေးလောက်များ အရသာရှိပါ့မလား၊ကောင်းပါ့မလားကွာ''

''ငါသိတာတော့ငါ့ အချစ်ဆီမှာကွာ၊ဟဲ…ဟဲ ငါ့ချစ်သူကောင်မလေးဖြစ်တဲ့ ခင်ဝေးဆီမှာတော့ ပါးဖောင်းဖောင်း၊မျက်လုံး ပြူးပြူးနဲ့ နှုတ်ခမ်းစူစူလေးတွေရှေ့မှာ စကားပြောလိုက်တိုင်း ပြူထွက်လာတတ်တဲ့ ရှေ့သွားကြီးကြီးလေး နှစ်ချောင်းရှိတာပဲကွာ၊အဲဒီ ပုံစံလေးကိုမျက်လုံးထဲက ဖျောက်လို့မရဘူး၊ညအိပ်ရာ ဝင်တိုင်းလဲသတိရတယ်၊မိုးလင်းလို့ အိပ်ရာထချိန် မျက်စိနှစ်လုံးဖွင့်ဖွင့်ချင်း အရင်ဆုံးသတိရတယ်၊အိပ်နေချိန် တောက်လျှောက်မှာလဲ အိပ်မက်တွေထဲမှာ သတိရတယ်ကွာ၊အသက် ရှူလိုက်တိုင်း

www.burmeseclassic.com

www.burmeseclassic.com



သတိရတယ်"

တိမ်တိုက်က အဖြစ်သည်းလွန်းလှသော သတိုးကို အမြင်ကတ်ကတ်နှင့်...

"မင်းကောင်မလေးရဲ့ ပုံစံဟာကွာ မင်းပုံဖော်ပြသလိုဆိုရင် ငါ မျက်စိထဲမှာ ရှဉ့်ကလေးတစ်ကောင်ကို မြင်တယ်၊မျက်လုံး ပြူးပြူးလေး"

ဆိုပြီး တိမ်တိုက်က သူ့မျက်လုံးအစုံကို ပြူးပြလိုက်၏

"နှုတ်ခမ်းရှူရှူ"

ဟုပြော်လျက် သူ့ နှုတ်ခမ်းတွေကိုစုပြ၊

"ရှေ့သွားနှစ်ချောင်း ကြီးကြီး"

လို့ပြောပြီး သွားဖြဲပြလိုက်ဖြင့် အမူအရာလဲလုပ်သလို...

"ရှဉ့်ညိုလေးလား၊ရှဉ့် မဖြူမညိုလား၊ရှဉ့်ဝါလား၊ရှဉ့်ဖြူလား၊ရှဉ့်မည်းလား"

"ခင်ဝေးက အသားဝါဝါ၊အင်း...မဖြူမညိုလေးကွ၊မင်းကလဲ တွေ့ဖြင့်မတွေ့ဖူးဘဲနဲ့ ရှဉ့်နဲ့တူတယ်ပြောရသလားကွာ၊ချစ်စရာလေးပါ"

"ကဲ...ချစ်ကွာ...ချစ်ကွာ၊မင်းရင်ထဲမှာ ချစ်နိုင်သ





မျှ အသည်းနှလုံးတွေ ပုံပေးပြီးချစ်လိုက်"

"နောက် တစ်ရက်နှစ်ရက်လောက်နေရင် ငါ သူ့ဆီသွားလည်မလို့..."

"သွားပေါ့"

"ဒါမျိုးက တားကောင်းတဲ့အရာမှမဟုတ်တာ၊မတားပါဘူး"

"မတားနဲ့ ကြည်မင်းရ၊ဝင့်လိုက်မယ်"

"ဝင့်လိုက်ဖို့ဆိုတာ ဒီကောင့်လို အရူးအမူးချစ်တဲ့သူ တွေဦးမှ"

"မင်းတို့ ငါ့ကို အကောင်းမပြောဘူး၊နေနှင့်ဦး၊ငါ့ကောင်မလေးကို ငါ လက်ထပ်တဲ့နေ့မှ မင်းတို့တွေ့စေရမယ်"

"ဟား...ဟား...ဟား...ဟိုး...ဟိုး... လက်ထပ်တဲ့ အထိတောင်တဲ့"

"ရယ်ရတယ်...ခြိ..ဟဲ...ဟဲ"

"ဟေ့ကောင်တွေ၊ငါ စိတ်ဆိုးလာပြီနော်"

"စိတ်...ဩော်...ဆိတ်ဆိုးလာရင် နွားပဲမွေးပေါ့ကွာ...၊အလွယ်လေး"



www.burmeseclassic.com

www.burmeseclassic.com



"တိမ်တိုက်…ဟား…ဟား…ဟား။ငါ ရယ်ရလွန်းလို့ အူ လိမ်တော့မယ်။မင်း ရယ်စရာပြောတာတွေ ရပ်ကွာ"

သူတို့ သုံးယောက်၏ တစ်ယောက်တစ်ပေါက်ပြောသံ၊နောက်ပြောင်သံ၊ရယ်သံ၊ပုလင်းသံ၊ဖန်ခွက်သံ၊ပန်းကန်ပြားနဲ့ ဇွန်းခက်ရင်း ထိခတ်သံတွေဟာ ညဦးလယ့်ယံရဲ့ကောင်းကင်မည်းနက်တွေကြားမှာ လွင့်မြောနေပါတယ်။

ညရဲ့ ပုစဉ်းရင်ကွဲအော်သံနဲ့ ညမွှေးပန်းရနံ့တွေထဲမှာ စည်ကားမြိုင်ဆိုင်နေပါတယ်။သူတို့ရဲ့ စကားသံနဲ့ ရယ်သံတွေထဲက ခင်မင်မှုကြီးမားတဲ့သံယောဇဉ်များစွာကို ရှာဖွေတွေ့နိုင်ပါလိမ့်မယ်။

မနက်လေးနာရီ မရောက်တရောက်မှာ ဝရန်တာရဲ့ ကြိမ်သားဆိုဖာတွေပေါ်မှာ တိမ်တိုက်နဲ့ ကြည်မင်းခေါင်တို့ကား နှစ်ခြိုက်စွာ အိပ်မောကျသွားချိန်…။

သတိုးကား ချစ်မြတ်နိုးရတဲ့ မိန်းကလေးရဲ့မျက်နှာလေးကို လွမ်းဆွတ်လို့ကောင်းလျက် အိပ်၍တောင်မပျော်နိုင်ပါတဲ့။အဲဒီလောက်ချစ်ရပါတယ် ခင်ဝေးရယ်…။

သတိုးသည် သူ ရင်အခုန်ကြီးခုန်လျက် စောင့်ခဲ့ရသော နေ့အတွက် တကယ်ပဲရင်ဆိုင်ရသောအခါ သူ့ကိုယ်သူ စိတ်မလှုပ်ရှားစေဖို့ အတော်ကြီးပင် ကြိုးစားပြင်ဆင်ရလေသည်။

မနေ့က ညနေမှာ အရဲစွန့်ပြီး ခင်ဝေးဝေးခင် အိမ်ကို ဖုန်းဆက်သည်။ဖုန်းကို သူမ ကိုယ်တိုင်ပင်လာကိုင်သည်။

"သတိုးသူရိန်ပါ"

လို့မိတ်ဆက်လိုက်တော့ ဝမ်းသာအားရ ပြောလိုက်သည့် အသံလေးမှာ ဟန်ဆောင်မှုများ လုံးဝ မပါကြောင်း သတိုး ရိပ်မိနေပါသည်။

"အို…သတိုး…ကိုသတိုးလား။ကြည့်စမ်း ခင်ဝေးကို သတိရပြီး ဖုန်းဆက်တယ်နော်"

"သတိရတာပေါ့၊တစ်ခရီးတည်း အတူတူပြန်ခဲ့ကြတဲ့ မိတ်ဆွေတွေပဲ"

"ပြီးတော့ သိပ်လဲစကားများလို့ သတိရတာလဲ ပါ၊



www.burmeseclassic.com

www.burmeseclassic.com



မှာပါ''

အဲဒီလိုပြောပြီး သူတို့ ဖြိုင်တူရယ်လိုက်မိတာကို အခုတော့ ကားမောင်းနေရင်း ပြန်တွေးတဲ့အခါမှာ လူက ပြုံးစိစိလေးပင်ဖြစ်ရပါသည်။

ပြီးတော့...

''ကျွန်တော် ခင်ဝေးကိုလာတွေ့မယ်လေ၊ဘယ်လာရမလဲ၊အိမ်ကိုလား၊ခင်ဝေးတို့ရဲ့ Golden Orchid Hotel ကြီးကိုလာရမလား၊ခင်ဝေး အားတဲ့ တစ်ရက် ပြောပါ၊ကျွန်တော်တို့ ဆုံကြရအောင်လေ''

သတိုးက ဖုန်းထဲမှပြောရတာပေမယ့် လူကအလိုလိုပင် မျက်နှာပူနေ၏။သာမန်မိတ်ဆွေတစ်ယောက်လို ကိုယ်က တွေ့ဖို့ဆုံဖို့ပြောတာပေမယ့် ကိုယ့်ဘက်ကစိတ်ဟာ မရိုးသားတော့ သူကများ ပါးနပ်စွာရိပ်မိသွားမလားဆိုပြီး စိုးရိမ်နေခဲ့ပြန်သည်။

''မနက်ဖြန်အားပါတယ်၊မနက်ဖြန်ဆုံမယ်လေ ဒီလိုလုပ်...၊အိမ်လဲ ရောက်ဖူးအောင် အိမ်ကိုအရင်လာလိုက်လေ၊ပြီးမှ ခင်ဝေးတို့ရဲ့ ဟိုတယ်လ်ကိုလိုက်ပြမယ်၊ခင်ဝေးက အခုအလုပ်စနေရပြီလေ၊ကိုယ့် အဖေရဲ့ အလုပ်မို့လို့ နိုလို့မရဘူး၊ကိုယ့်တာဝန် ကိုယ်ကျေအောင်၊တစ်နေ့ ရှစ်နာရီ ပြည့်အောင်အလုပ်ဆင်းရတယ်၊စနေ၊တနင်္ဂနွေပါဆင်းရရင် Over timeဆိုပြီး လခပိုယူရတယ်၊ဒါကြောင့်..ခု လောလောဆယ်က လေ လူလဲ သိပ်မခန့်ရသေးတော့ ခင်ဝေးက နေ့တိုင်း အလုပ်လုပ်ပေးနေရသေးတယ်၊ဒါကြောင့် အမြဲတမ်း မအားပေမယ့် ဧည့်သည်တစ်ယောက်ကိုတော့ ဧည့်ခံဖို့အထိ အချိန်ပေးနိုင်တာနဲ့ အားတယ်ဆိုပြီး ချိန်းတာလေ''



ခင်ဝေးသည် ဖုန်းပြောရတာတောင် စကားများနေသေးသည်။တကယ်များတွေ့ရင် ဘယ်လောက်ထိ စကားများလိုက်မလဲ။

အဲဒီ အသံလေးကိုလွမ်းဆွတ်လွန်းလို့ တွေ့ချင်တာလဲ ပါပါတယ် ခင်ဝေးရယ်။

လေဆိပ်မှာ နောက်ဆုံးခွဲရပြီးတဲ့နောက် ဆယ်ရက်လောက်ထိ အောင့်အီးသည်းခံနေခဲ့ရပြီးမှ ဖုန်းစဆက်ရတာ။အခုလို ချိန်းပြီးဆုံကြဖို့ ကိုယ့်ဘက်က စတင်ရတာ၊ကိုယ့်လုပ်ရပ်၊ကိုယ့် အကြံအစည်တွေဟာ ဝိရိယသေသပ်လှပါတယ်ဟု

www.burmeseclassic.com



သူ့ဘာသာပြန်အားပေးနေရပါသည်။

ဟိုနှစ်ကောင်ကား ဘာမှ အားကိုးမရ။တစ်ခါမှလည်း မချစ်မှုးကြသူများပီပီ မခံစားတတ်ကြရာ သတိုးအား နောက် ပြောင်ဖို့ ရယ်ဖို့သာ သိပြီး ဘာအကြံမှလည်းပေးဖော်မရ၊အကူ အညီလည်း ပေးဖော်မရ။နားထောင်ပေးကြတာတောင် ကျေး ဇူးတင်ရမလို ဖြစ်နေပြီ။

ဒါပေမယ့် သတိုး သူတို့ကိုစိတ်မဆိုး။စိတ်လည်းမ ကွက်ပါ။

ငယ်ကတည်းက လည်ပင်းဖက်ပေါင်းလာကြတဲ့သူ ငယ်ချင်းအရင်းကြီးတွေဟာ တစ်ယောက်နဲ့တစ်ယောက်ကိုယ့် ကိုကိုယ်ထက်မင် ပိုပြီး ခင်တွယ်သံယောဇဉ်ရှိတာ အလိုလိုနား လည်ပြီးသားပင်။

သူတို့နဲ့ခင်ဝေးသာ ချစ်သူတွေဖြစ်သွားကြရင်လဲ သူ တို့ကား ကျေနပ်ဝမ်းသာစွာ ကြိုဆိုကြမှာ။သတိုးရဲ့ မိသားစု ဟာ သူတို့မိသားစုအဖြစ် ခံယူထားကြသူများပီပီ သတိုးအိမ် ထောင်ပြုတာဟာ သူတို့အိမ်ထောင်ပြုသလိုပဲ ဝင်ပြီးကူညီ ကြမှာ။စိတ်ရော ကိုယ်ပါ ကူညီဖို့ အချိန်ပြည့်အဆင်သင့်ဖြစ် နေကြမှာ အသေအချာတည်း။



သတိုးသည် ခင်ဝေး၏ အိမ်ရှေ့သို့ရောက်သောအခါ သူ့ အတွေးတွေရပ်လျက် ချစ်သူနဲ့တွေ့ဖို့ လူပျိုပေါက်လေး တစ်ယောက်လို မနေတတ်၊မထိုင်တတ်နှင့် ရှက်ကိုးရှက်ကန်း ဖြစ်နေခဲ့ပြန်ပါသည်။

"ဒါက ခင်ဝေးရဲ့ ရုံးခန်းပေါ့၊ဟိုတယ် မန်နေဂျာ ရဲ့ အခန်းကသားနားပါတယ်နော်"

"ဟာ..သားနားတာပေါ့၊နည်းတဲ့ကုသိုလ် မဟုတ် ဘူးဗျ၊ကိုယ်ပိုင်ရုံးခန်းနဲ့၊ဖုန်းနဲ့၊FAXနဲ့၊E.Mail နဲ့ကု လားထိုင်အောက်မှာ အလုပ်လုပ်ရတယ်ဆိုတာ ဒါမျိုး ကိုခေါ်တာပဲဗျ"

အခန်းကား လေအေးစက်သီးသန့်ထားထား၏။မွေး မွ ကော်ဇောစိမ်းညို့ရောင်တွေနဲ့ နံရံ၏အရောင်ဖျော့တော့သော အစိမ်းနုရောင်တို့ကြောင့်အမြင်မှာ အတော်ကြီး အေးချမ်းနေ သည်။ခေတ်မီ အလုပ်စားပွဲကုလားထိုင်နှင့် ညှိသည်တွေ့

ဆုံရာ နေရာသီးသန့် ဆိုဖာရှည်သုံးလုံးနှင့်။ရုံးခန်းထဲမှာ အထူးခြားဆုံးက နေရာအနှံ့လှပစွာ အမြင့်လှအောင်တင်ထားသတဲ့ ပန်းအိုးပုံစံမျိုးစုံပဲ။

ပန်းအိုးများမှာ ပုံစံစုံလွန်းလှသဖြင့် ပန်းအိုးပြခန်းထဲသို့ပင်ရောက်ရှိနေသလားထင်စရာ။ထိုပန်းအိုးဒီဇိုင်းမျိုးစုံအကြီး၊အလတ်၊အသေးအရွယ်မျိုးစုံတွေထဲမှာ တွေ့ရတဲ့ပန်းကား တစ်မျိုးတည်းဖြစ်နေသည်။

အဲဒီပန်းတွေက နှင်းဆီပန်းတွေပဲဖြစ်ပြီး အရောင်စုံလင်ပါသည်။

အခန်းတစ်ခုလုံးမှာ ဘာအမွှေးနံ့သာခဲမှ မထားဘဲနဲ့ နှင်းဆီရနံ့များဖြင့် ခြုံလွှမ်းလို့တည်း။

ထိုအခန်းထဲဝင်သွားလျှင် ရုံးခန်းတစ်ခုထက် နှင်းဆီတောထဲရောက်သွားသလိုတောင် အမြင်မှားချင်စရာ။

သတိုးသည် ခင်ဝေးကိုတောင်မေ့သွားသလိုဖြစ်လျက် ထူးခြားသော အပြင်အဆင်များကို ငေးမောသွားပါသည်။

ဟိုတယ်လ်ကြီးမှာ အထပ်ဆယ်ထပ်ရှိပြီး အတွင်းကနံရံအရောင်တွေမှာ တစ်ထပ်နှင့်တစ်ထပ် မတူ။အတော့်ကို



လှပသစ်လွင်အေးမြသော အရောင်တွေသာ အသုံးများပြီးဟိုတယ်လ်တစ်ခုလုံးမှာအေးစိမ့်နေအောင် အားကောင်းသည့် Aircon ဖြင့်အအေးဓာတ်လွှင့်ထားလေသည်။ဟိုတယ်လ်၏အဝင်ဝတံခါးမှာကား ခေတ်မီလှစွာအော်တိုမစ်တစ်ပွင့်သောမှန်တံခါးဖြစ်ပြီး တံခါးပေါင်တွေ၊Reception ကောင်တာတွေ၊ ညှိသည်ထိုင်စောင့်သောနေရာတွေမှ စားပွဲ၊ဆိုဖာတွေကတော့ ကျွန်းရောင်တောက်တဲ့ ကနုတ်ပန်းကွက်များဖော်ထားပါသည်။ဟိုတယ်လ်ကို မြင်တော့မှ ခင်ဝေးဟာ နည်းနည်းနောနော ချမ်းသာတဲ့လူမဟုတ်ဘူးဆိုတာ ပိုသိလာပါသည်။

သတိုးလို လူတစ်ယောက်အတွက်ချမ်းသာခြင်း မချမ်းသာခြင်းဟာ စကားထဲထည့်ပြောစရာမဟုတ်ပေမယ့် လောကကြီးထဲမှာ ဒီလောက်ချမ်းသာတဲ့ မိသားစုတွေရှိနေပါသေးလားဆိုပြီး အံ့ဩရတာတော့အမှန်ပင်။

"အခန်းကို စိတ်ဝင်စားနေတာလား ကိုသတိုး"

"ဟုတ်တယ်၊ဝင်လိုက်တာနဲ့ နှင်းဆီတောထဲရောက်သွားသလို ခံစားရတယ်"

"အဲဒီလိုပဲ ခံစားစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ပြင်ဆင်ထားတာလေ"

www.burmeseclassic.com



"ခင်ဝေးက နှင်းဆီကြိုက်သလား"

"အို…အကြိုက်ဆုံးပေါ့၊နှင်းဆီကို ပန်တာမကြိုက်ဘူး၊ကိုယ့်ကိုကိုယ် အလှဆင်တာ မကြိုက်ဘူး၊အခုလိုမျိုး ကိုယ့်ပတ်ဝန်းကျင်လေးထဲမှာ မျက်လုံးလှန်ကြည့်လိုက်တိုင်း ရှိနေတာကို ပိုကြိုက်တယ်၊အနံ့မွှေးမွှေးလေးတွေ ရှူမယ်၊တစ်ခါတလေ ပွင့်ဖပ်လေးတွေကို လက်ညှိုးလက်မလေးနဲ့ ဖွဖွကိုင်မယ်၊နှာခေါင်းနားထိကပ်ပြီး အနံ့လေးကိုနမ်းမယ်၊ မျက်စိထဲမှာ ဘယ်လိုလေးလှတာဆိုပြီးတော့တစ်ခါတလေပဲ ဘာအလုပ်မှ မလုပ်တော့ဘဲ ဖောင်တိန် ဘေးချပြီးငေးမယ်၊အဲဒါမျိုးလေ………

အမယ်လေး…ဆန်းတယ်နော်၊ မထူးဆန်းဘူးလား"

"ထူးဆန်းတာပေါ့"

"မေမေက ခင်ဝေးကို နှင်းဆီပန်းတွေ ရှူးလွန်းလို့ဆိုပြီး တစ်ခါတလေကြည့်မရဘူးတဲ့၊နှင်းဆီသရဲတဲ့၊အဲဒီလိုကို နာမည်ပေးထားတာ"

"နှင်းဆီသရဲတဲ့လား၊ခင်ဝေးနဲ့လိုက်တဲ့ နောက်ထပ်



နာမည်လေးပဲ၊ကျွန်တော် မှတ်ထားလိုက်မယ်"

"ကိုသတိုးကရော…ဘာကို Crazy ဖြစ်လဲ"

"ကျွန်တော် အိမ်မှာ ငြိမ်ငြိမ်ထိုင်နေရတာထက်စွန့်စားပြီးသွားရတာကို ပိုနှစ်သက်တယ်၊အထူးသဖြင့် ကိုယ်ရောက်ခဲမယ့်နေရာမျိုး၊ပိုက်ဆံရှိရင်တောင် သွားမလည်ဖြစ်မယ့်နေရာမျိုးတွေကိုအခုလိုမျိုး သဘောသားတာဝန်နဲ့ လမ်းကြုံလို့ဝင်လည်ရတာကို သိပ်သဘောကျတာပဲ…..

ဒါကြောင့်…ကျောင်းပြီးတော့ မိဘတွေရဲ့ လုပ်ငန်းတွေရှိတာ တစ်ခုမှ ဝင်မလုပ်ဘူး၊ချက်ချင်း သဘောတာဝန်းတက်တာပဲ"

"မိဘတွေက ခွင့်ပြုသားပဲ၊ကောင်းတာပေါ့၊ကိုယ်လုပ်ချင်တာကို လုပ်ခွင့်ရတာဟာ သိပ်ကောင်းတာနော်"

"ဒါပေမယ့် ကတိတော့ပေးရတယ်လေ၊ဖေဖေတို့ မေမေတို့က တစ်နှစ်၊ဒါမှမဟုတ်ဆယ်လတစ်ခေါက်တော့ အိမ် ပြန်လာစေချင်တော့ လာပါ့မယ် ဆိုတဲ့ကတိကိုပေးခဲ့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊မိဘဆိုတာ အစားမရနိုင်ဘူး၊သက်ရှိထင်ရှားရှိတုန်း မြင်ထားတွေ့ထား၊အသံကြားထားရတာ၊မရှိတော့တဲ့အခါ မြင်ချင်လို့တောင် မမြင်ရဘူး၊ဆူသံ,ပူသံလေး ကြားချင်လို့တောင် မကြားရဘူး"

"ဟုတ်တယ်၊ကျွန်တော်လဲ ခရီးသွားတာကိုသာ ဝါသနာပါတာပါ၊ကိုယ့်နိုင်ငံနဲ့လဲကြာကြာ မခွဲနိုင်ဘူး၊အစားအသောက်တွေ လွမ်းတယ်၊ပွဲလမ်းသဘင်တွေ ပွဲတော်တွေကို လွမ်းတယ်ဗျာ"

"စကား ကောင်းနေလိုက်တာ ကိုသတိုး တစ်ခုခုသောက်မှပေါ့…ဘာသောက်မလဲ ကော်ဖီလား၊Tea လား၊အအေးလား၊အားမနာနဲ့ပြောနော်"

"ကော်ဖီကောင်းပါတယ်"

"မုန့်လဲ စားနော်၊ဟိုတယ်လ်ကမုန့်တွေမြည်းထားပေါ့၊ဒါမှ Wedding အတွက် Reception လုပ်ချင်လာရင် မုန့်စားကောင်းတဲ့ ဟိုတယ်လ်ကို သတိရမှာ၊လူငါးရာဆံ့တဲ့ Hall ကြီးရှိတယ်နော်၊ကိုသတိုးကို ကြော်ငြာပြီးသား၊ခင်ဝေးကဆို မုန့်ကောင်းတဲ့



ဟိုတယ်လ်တွေကို ပိုပြီးမှတ်မိတတ်တဲ့အကျင့်ရှိတယ်လေ"

"ဟာ…ဘယ်နှယ် မင်္ဂလာဆောင်ချင်လာအောင် ကြော်ငြာနေရတာလဲ၊ဖိတ်စာက တစ်ခြမ်းပဲ သေချာသေးတာနော်၊ဟဲ…ဟဲ"

သတိုးက စကားရောဖောရောနဲ့သူပြောလိုရာကို မြန်မြန်စကားထည့်အပြီးမှာ သူ့ဘာသာ ရင်တွေခုန်ပြီး မြန်ရှက်နေ ပြန်သည်။

ခင်ဝေးကား မသိသလိုလေးဟန်ဆောင်ကောင်းနေပြီး နှုတ်ခမ်းလေး မသိမသာကိုက်ပြီးခေါင်း မငုံ့တငုံ့ဖြင့် ငြိမ်းတာတော့ သတိုးက မြင်မြစ်အောင်မြင်လိုက်ရာ သူ့ရင်တွေ ပေါက်ထွက်မတတ် ခုန်တာမို့ ခင်ဝေးများ သူ့ရင်ခုန်သံ အကျယ်ကြီးကြားလေမလားဟု စိုးရိမ်ရခြင်းများတောင် ဖြစ်လာ ခဲ့ပါသတဲ့။

ခင်ဝေး…ခင်ဝေး…ခင်ဝေးရယ်…။ဒီနေ့တော့ တစ်ဖြောင့်စကတ်ရှည်ကြီးဟာ ခြေမျက်စိအထိရောက်ပြီး ကိုယ်လုံးနဲ့အတိအကပ်လေးဖြစ်လျက် ခြေသလုံးအောလေးဖက်ဘက်မှာ တစ်ခြမ်းကို ဘေးခွဲထားသည်မှာ အမြင်မရှိုင်းအောင်

www.burmeseclassic.com

www.burmeseclassic.com



ပုံစံနဲ့ ချောကလက်ရင့်ရောင်စကတ်ရှည်၊နှစ်လက်မလောက် ဒေါက်အမြင့်ရှိတဲ့ စကတ်နဲ့အရောင်တူ လေဒီရှူး၊ဖျော့တော့ လွင်ပျသော အဝါရောင်သမ်းတယ်ဆိုရုံလေး ပိတ်စပေါ်မှာ အညိုဖျော့ဖျော့အပွင့်သေးလေးများ ခပ်ကျဲကျဲရှိသော လက်ဖောင်းလက်ရှည်အင်္ကျီလေးဟာ လည်ပင်းအပိတ်တွင် ပိတ်စအရှည်လေးပိုထည့်ထားရာ ဖဲပြားကလေးချည်ထားတာလေးက အမြင်တစ်မျိုးဆန်းပါသည်။

ဒေါက်အမြင့်ဝတ်ထားတော့ သတိုးနဲ့ယှဉ်လျှောက်ရင် ခင်ဝေးအရပ်က သူနဲ့အတူတူဖြစ်နေတာမို့ ဘဝင်တော့ မကျလှ။ဒါပေမယ့် ခင်ဝေးဟာ လှကိုလှပါတယ်။သိပ်ပြီးတော့လည်းပဲ ချစ်စရာကောင်းပါတယ်။ဟိုတယ်လ်ကြီးတစ်ခုလုံးရဲ့ အဝေ့ဝေ့မန်နေဂျာဆိုတဲ့ ရာထူးနဲ့မလိုက်အောင် လူကလေးက ငယ်နုနေပြီး ကလေးဆန်နေပေမယ့် ဉာဏ်ပညာနဲ့သူ သင့်တော်နေတာပါပဲ။

“ကိုသတိုး ဆင်းဒဝစ်(ချ်)ဘယ်လိုနေလဲ၊ပတ်(ဖ)တွေရော၊ကိတ်ရော တစ်ခုစီ မြည်းပါဦး၊တစ်ခုစီလို့ ပြောလို့ တစ်ခုပဲမစားနဲ့နော်၊အကုန်စားသွားရင် ပိုသဘောကျတယ်၊သိလား”



“မုန့်တွေ အကုန်ကောင်းလွန်းလို့ဘယ်ဟာပိုကောင်းတယ်လို့တောင် မပြောတတ်တော့ပါဘူးဗျာ...”

“ဒါနဲ့ ရှိုင်းတယ်လို့တော့ မထင်နဲ့နော်၊ကိုသတိုးက ခင်ဝေးထက်အသက်ပိုကြီးမယ် ထင်တယ်”

“ကျွန်တော်က 1970(နိုင်တင်းဆဲဗင်းတီ)ဆိုတော့ အခုဆို နှစ်ဆယ့်ကိုး”

“ခင်ဝေးက 1975(နိုင်တင်းဆဲဗင်းတီဖိုက်)”

“ငါးနှစ်တောင်ငယ်တယ်၊ညီမလေးပေါ့”

“ကိုသတိုးကိုလဲ အစ်ကိုကြီးလို့ သဘောထားရ မလား”

သတိုးသည် ဒီလိုသွယ်ဝိုက်မေးတာခံရတော့ လူကအီလည်လည်ဖြင့် ပြုံးလျက်ခေါင်းညိတ်ရတော့သည်။တကယ်တော့ အစ်ကိုကြီး၊ညီမလေး မဖြစ်ချင်ပါဘူးခင်ဝေးရယ်။ကိုယ့်ရဲ့ချစ်သူလေးပဲ ဖြစ်ချင်တယ်ဆိုတာ ခင်ဝေးလည်းမိန်းမလှလေးတစ်ယောက်ပီပီ ရိပ်မိနိုင်ရဲ့သားနဲ့ ကြိုတင်ဟန့်တားတာလား။မူရာမာယာ ပိုသလား။မိတ်ဆွေတွေလို ခင်ရုံပဲခင်ချင်တဲ့သဘောလား။

www.burmeseclassic.com

(၃)

"အဲဒီလိုနဲ့ပဲ သတိုးက ဖုန်းဆက်တဲ့နေ့ ဆက်လိုက်၊ ကောင်မလေးဆီ အကြောင်းရှာသွားလည်လိုက်၊နှင်းဆီပန်းတွေ နှစ်ရက် တစ်ခါ ဝယ်ပို့လိုက်၊ကောင်မလေးရဲ့မွေးနေ့ကျတော့ သူ့ကိုဖိတ်တယ်လေ၊အဲဒီမှာ သူက ဖွင့်ပြောလိုက်တော့တာပဲ"

"မမြန်လွန်းဘူးလားကွ"

"သိပ်တော့ မမြန်လှပါဘူး၊သူတို့တွေ့တာ သုံးလေးလလောက်တော့ရှိပြီ"

"အမယ်...မင်းက သူငယ်ချင်းဘက်ကဝင်ပြီးရှေ့



နေလိုက်ပြန်ပြီ၊မင်း ဒီလောက်သံယောဇဉ်ကြီးနေရင် ဘယ်ဖြစ်မလဲ၊ပြဿနာက မင်းတို့ သုံးယောက်လုံး ဒီကောင်မလေးတစ်ယောက်တည်းကို ဝိုင်းကြိုက်နေတာနော်၊မင်း သူငယ်ချင်းသံယောဇဉ်သိပ်ကြီးနေရင် ဘယ်ဖြစ်မလဲ"

"ကျွန်တော်တို့ သူငယ်ချင်းတွေ..."

"အေး...ဘာလဲ ဆက်ပြောစမ်းပါဦး"

"အင်း...မပြောချင်တော့ပါဘူးဗျာ... အစ်ကိုကြီး သိပါတယ်၊ကျွန်တော်တို့ သိပ်ချစ်ကြတယ် ဆိုတာ သိပြီးသားတွေပါ"

"ကဲ..ဒါဖြင့်လဲ ဟိုကောင်မလေးနဲ့သတိုးအကြောင်း ဆက်ပြောပါဦး၊ကောင်မလေးရဲ့မွေးနေ့မှာ ဘယ်လိုပုံစံနဲ့ ဖွင့်ပြောသလဲ"

"မွေးနေ့မှာ လက်ဆောင်ပေးရင်းနဲ့ မွေးနေ့ဆုတောင်းကတ်ပြားလေးမှာ စာရေးပေးလိုက်တယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com

အသက် နှစ်ဆယ့်လေးနှစ်ပြည့် မွေးနေ့ကိုတော့ ပကာသန မဖက်စွာကျင်းပမည့်မိန်းကလေးအတွက် သတိုးသည် သူ့ရဲ့မွေးနေ့လက်ဆောင်ကို မြတ်နိုးစွာလက်ခံနိုင်ပါစေလို့ ကြိတ်ဆုတောင်းရပါသည်။

ကိုယ်က သူ့အပေါ် ချစ်ခင်မှု၊မြတ်နိုးမှု၊တွယ်တာမှုတန်ဖိုးထားမှုတွေရဲ့ ပြယုဂ်အဖြစ်အသည်းနှလုံးပုံ နီလာလော့ကက်ကလေးကိုပေးတာ ဖြစ်ပေမယ့် ခင်ဝေးရဲ့အမြင်မှာ သူ ဘယ်လောက်ကြွယ်ဝတယ်လို့ ကြွားဝါတယ်ထင်မှာလဲ စိုးရိမ်ခဲ့လေသည်။

သတိုးကား လူတစ်မျိုးပင်သူ၏ ချမ်းသာကြွယ်ဝမှုကို မည်သည့်အခါမျှသူတစ်ပါးသိသွားအောင် တကူးတက မပြောဆို မပြသတတ်ပေ။ဤသို့ပြောဆိုပြသရမှာကိုလည်း အလွန်အမင်း မနှစ်မြို့တတ်ချေ။သူ့အလိုလိုသိသွားတာ၊သိရှေတာမျိုးကိုပဲသူ လိုလားနှစ်သက်၏။

ယခုလည်း ခင်ဝေးဆိုတဲ့ မိန်းကလေးဟာသတိုးသူ



ရှိနှုဟူသော ယောကျ်ားပီသတစ်ယောက်၏ နေထိုင်မှုကို ပညာတတ်၊သဘော်သားလေးတစ်ယောက်၊တစ်ဦးတည်းသော သားတစ်ယောက်၊ပြည့်စုံကြွယ်ဝသည့် အ…ိုင်းအဝိုင်းမှ လူတစ်ယောက်အဖြစ်လောက်သာ သိမှာဖြစ်ပြီး သ…ိုး…ာ မင်းမျိုးမင်းနွယ် အမွေဘယ်နှစ်သိန်း ပိုင်ဆိုင်တယ်ဆိုတာ သိကိုသိမှာမဟုတ်။

ခင်ဝေး ကိုယ်တိုင်ကလည်း မစပ်စုတတ်။လူတစ်ယောက်ကိုခင်မင်ခြင်းဟာ ထိုသူကိုသာခင်မင်ခြင်းဖြစ်ပြီး သူ၏ ကြွယ်ဝချမ်းသာမှုအခြေအနေကို ဂရုမပြုတတ်သော မိန်းကလေးပုံစံမျိုးဖြစ်နေမှန်း သတိုးသည် ကြာလေရိပ်မိလေဖြစ်ပြီး ပို၍ပို၍သဘောကျမြတ်နိုးရတာတည်း။

"မနက် အရုဏ်ဆွမ်းကိုတော့ ရွှေတောင်ခေါက်ဆွဲကပ်မယ်၊သံဃာနှစ်ဆယ့်ငါးပါးကို သင်္ကန်းအစုံကပ်မယ်၊အဲဒါတွေရဲ့ ကုန်ကျငွေကို ခင်ဝေးက ဖေဖေ့ဆီမှာ အလုပ်လုပ်လို့ရထားတဲ့ လခနဲ့လှူတာလေ၊မနက်ဆယ်နာရီကနေ ဆယ့်နှစ်နာရီလောက် အထိကတော့ ခင်မင်တဲ့ သူငယ်ချင်းမိတ်ဆွေတွေရယ်၊ဆွေမျိုးတွေရယ်ပဲ ဖိတ်ထားပါတယ်၊ကိုသတိုးကိုလဲ ခင်မင်ရဲ့

www.burmeseclassic.com

တဲ့မိတ်ဆွေအဖြစ် သဘောထားပြီး ဖိတ်တာနော်၊လာဖြစ်အောင်လာပါ၊နေ့လည်ကို ထမင်းဟင်း အစုံလဲကျွေးမယ်၊ရွှေတောင်ခေါက်ဆွဲစားချင်ရင်လဲ စားလို့ရမယ်.....

အဲဒါတွေကို မေမေနဲ့ ခင်ဝေးပဲ ချက်မှာနော်"

"ဟာ…ဟုတ်လား၊ခင်ဝေးက ဟင်းချက်တတ်ပြီလား"

"အမယ် ဟင်းချက်တတ်ပြီလားတဲ့၊ဟင်းကိုအသက်ဆယ့်ခြောက်နှစ်ကျော်အရွယ်ကတည်းက ချက်တတ်လာတာနော်"

အဲဒီလိုပြောတဲ့အသံလေးထဲမှာ ကလေးဆန်သော မခံချင်စိတ်၊ကြွားဝါစိတ်တွေ ပါပါသည်။ခင်ဝေးဟာ တကယ်ကို မြင့်မားတဲ့ အသိုင်းအဝိုင်းမှာ ရှင်သန်နေထိုင်ခွင့်ရပေမယ့် သူမ၏ စိတ်နေသဘောထားတွေ စိတ်ဓာတ်တွေကား ပကာသနမဆန်၊ဟန်ဆောင်မှုများမရှိ၊မာနတွေမရှိ၊အဖွားကို ဦးစားမပေးတတ်သော စိတ်ဓာတ်ပိုင်ရှင် မိန်းကလေး တစ်ယောက်ပင်။ဤသည်ကား သတိုးသဘောအကျရဆုံးအချက်ပင်ဖြစ်တော့သည်။

ခင်ဝေးတို့အိမ်ရှေ့ ပေါ်တီကိုတွင် ကားတွေပြည့်နှက်နေတာမို့ သတိုးသည် သူ့ကားကိုအဆင့်ပြေသော တစ်နေရာမှာပဲ ရပ်ထားခဲ့ပြီးလမ်းလျှောက်ဝင်လာလိုက်သည်။

"ဟယ်…ကိုသတိုး…၊ကားရော"

"ဟို ရှေ့နားလေးမှာ ရပ်ထားခဲ့တယ်၊ရတယ်လေ၊အိမ်ခြံဝင်းထဲပဲရောက်နေပြီ၊လမ်းလျှောက် ဝင်လာလိုက်တော့တာပေါ့"

"နောက်ကျနေလို့ မလာတော့ဘူးထင်နေတာ"

"ဟုတ်တယ်၊မေမေ့ကို ဘုရားလိုက်ပို့နေရသေးလို့ မေမေက ဥပုသ်နေ့တွေဆိုဘုရားသွားတယ်၊သွားတိုင်းကျွန်တော် မြန်မာပြည်မှာရှိနေတဲ့အချိန်တွေဆို ကျွန်တော်လိုက်ပို့မှ ကျေနပ်တာ"

ခင်ဝေးသည် ဒီနေ့တော့ အင်္ကျီအဖြူလွလွလေးနှင့် ...ိုးရောင်ရင့်ရင့်ပေါ်မှာ အဖြူလုံးလေးတွေပါသောလုံချည် ...ည်ရှည်နှင့် တစ်မျိုးလှနေပါသည်။

"အမျိုးတွေပဲရှိတယ်ကိုသတိုးရဲ့၊အားမနာနဲ့ ကြိုက်တဲ့ စားပွဲမှာဝင်ထိုင်၊တစ်ယောက်တည်းထိုင်ချင်ရင်

www.burmeseclassic.com

www.burmeseclassic.com



လဲ ထိုင်နော်၊ကြိုက်သလိုပြော၊ခင်ဝေးကိုလဲ အား
မနာနဲ့"

"ဒါဆို ကျွန်တော်တစ်ယောက်တည်းပဲထိုင်မယ်၊အ
ဟဲ…ကျွန်တော့် အများကြီးစားတာ၊ခင်ဝေးရဲ့ အမျိုး
တွေသိမှာစိုးလို့၊ကျွန်တော်က အစားကြီးတယ်…ဟဲ
ဟဲ…"

"ကောင်းတယ်…ကောင်းတယ်၊ခင်ဝေးက ကိုယ်
ချက်ထားတာကို များများစားပေးမှ ကြိုက်တယ်"

"ဪ…ခင်ဝေးအတွက် မွေးနေ့လက်ဆောင်"

"ဟယ်…မလိုပါဘူး၊ခင်လို့ဖိတ်တာ၊လာရင် ကျေ
နပ်ပြီးသား၊လက်ဆောင်တွေဘာတွေက အဓိကမကျ
ပါဘူး"

"အမှတ်တရပေါ့၊ကျွန်တော့် မွေးနေ့ကျလက်ဆောင်
ပြန်ပေးရင်လဲ စိတ်မဆိုးပါဘူးဗျာ"

"ကိုသတိုးက သိပ်နောက်တတ်တာပဲ"

သတိုးသည် ကြွေစက္ကူပန်းရောင်လေးနဲ့ထုပ်ထား
သော လက်ဆောင်ဘူးကလေးနဲ့အတူ ဆူးခြွေပြီးသားနှင်းဆီ
ပန်းရောင်စုံတို့ကိုတော့ ထွင်းဖောက်မြင်ရအောင်ကြည်လင်





သည့်ကြွေစက္ကူဖြင့် ကန်တော့ပုံကလေးထုပ်ပိုးထားသော ပန်း
စည်းတစ်စည်းနဲ့အတူ ကော်ဖြင့်ပိတ်ထားသော စာအိတ်ပြာ
လေးထဲမှာတော့ မွေးနေ့ကတ်အပြာလေးကား နှင်းဆီများ၊
ဖယောင်းတိုင်များနှင့် ကိတ်မုန့်ပုံကလေးပါသော ကတ်ပြား
လေးတို့ကို ခင်ဝေးလက်ထဲ ကျေကျေနပ်နပ်လက်ခံသွားတာ
မြင်ရတော့ တစ်ဝက်စိတ်အေးသလို ခံစားလိုက်ရပါသည်။

အဲဒီ ကတ်ပြားလေးထဲမှာ…

"မွေးနေ့မှာ ပျော်ရွှင်မှုများစွာကို ပိုင်ဆိုင်ရပါစေ"

ဟူသော ဆုတောင်းစာတန်းလေးကို ရိုးရိုးလေးပဲ
ရေးထားသော်လည်း စာတန်းလေး၏အောက်ဘက်ညာဘက်
ထောင့်မှာတော့ မရဲတရဲလက်ရေးများနှင့်…

**ခင်ဝေးကို ကျွန်တော်ချစ်တယ်……။**

**သတိုး။**

လို့ရေးထည့်လိုက်စဉ်က လက်တွေတုန်ယင်နေ
ခဲ့တာ။လက်ဆောင်ကိုရော၊မွေးနေ့ကတ်ကိုရော ပေးပေးချင်း
ဘယ်သူတွေကမှ ဖွင့်မကြည့်တတ်ကြတာမို့ ထိုနေ့က ခင်ဝေး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ မွေးနေ့မှာ သတို့ မျက်နှာပူစရာမလိုဘဲ တစ်နာရီကျော် ကြာ ထိုင်စကားပြောပြီးမှ အိမ်ပြန်လာခဲ့တာပါ။

အိမ်ပြန်ရောက်ရောက်ချင်း သူငယ်ချင်းနှစ်ယောက် ကို ချက်ချင်းဖုန်းဆက်ပြောလိုက်သေးသည်။

"ကြည်မင်း ငါဖွင့်ပြောလိုက်ပြီကွ"

"ဘာလဲ မင်းအမေမသိအောင် ဟင်းခိုးစားတာကို လား"

"ဟေ့ကောင်...သိရက်သားနဲ့ နောက်မနေစမ်းနဲ့ ကွာ"

"မသိဘူးလေကွာ၊ထင်တာပြောတာပဲ၊ရှစ်ထိ..မင်း က ငါ့ကို မင်းပါးစပ်ဟတာနဲ့အကုန်သိနေတဲ့အကြား အမြင်ဆရာများ ထင်နေသလားကွ၊ဟေ..."

"ငါ ခင်ဝေးကို ဒီနေ့သူ့မွေးနေ့မှာပဲ ဖွင့်ပြောလိုက် ပြီကွ၊မင်းတို့ကို ပြောပြချင်လွန်းလို့ပါ၊ကြည်မင်းကြီး ရာ...အေးအေးဆေးဆေး နားထောင်ပေးပါ၊ငါ အ ရမ်း ရင်ခုန်နေပြီ၊ဒီ အချိန်လောက်ဆို သူ ငါပေး တဲ့လက်ဆောင်ကိုဖွင့်ကြည့်နေလောက်ပြီ၊ငါ ပေးတဲ့ မွေးနေ့ကတ်ထဲက စာကိုဖတ်နေလောက်ပြီ"



"အဲဒါ ဘာဖြစ်သလဲ သိစေချင်လို့ တပေးပြီးပြီ၊ ဘာလို့ ကြောက်ဒူးတုန်ရသလဲ"

"မင်းမှ မခံစားဖူးသေးတာ၊မင်းအလှည့်ကျမှ ငါ့ကို လာပြောရင် ငါ ဖနောင့်နဲ့ပိတ်ကန်မယ်"

"ကဲ...ကျေးဇူးရှင်၊ငါက မင်းလို သူဌေးသားမဟုတ် ဘူး၊အလုပ်လုပ်ရဦးမယ် ဒီလောက်ပြောတာနဲ့တင် ကျေနပ်တော့ကွာ၊မင်း ပြောရတာ မဝသေးရင် တိမ် တိုက်ကို ဆက်ပြောနော်၊လိမ္မာတယ်"

ကြည်မင်းခေါင်ကား အဖေနှင့် သား နှစ်ယောက် တည်းရှိတာဖြစ်ပြီး အသင့်အတင့်ကျယ်ဝန်းသော မြို့ထဲက တိုက်ခန်းတစ်ခုတွင် နေပါသည်။သာမန် အဆင့်အတန်းမီ နေနိုင်ရုံသာ ပြည့်စုံသော ဆူတို့သားအဖတွင် ဖခင်ကားယုဇန ဗလာဇာကြီးတွင် ဆိုင်ခန်းတစ်ခန်းပိုင်လျက် ထိုဆိုင်ခန်းတွင် ယောကျ်ားဆောင်း၊မိန်းမဆောင်းခေါက်ထီးမျိုးစုံတို့ကို တင် ရောင်းနိုင်သော လူသိများသည့် ခေါက်ထီးဆိုင်တစ်ဆိုင်ဖြင့် သူ့လုပ်ငန်း သူလည်ပတ်နေနိုင်သည်။

ကြည်မင်းခေါင်ကတော့ တခြားသူငယ်ချင်းတွေနဲ့ ရှုပြီး စီဒီယိုခွေအငှားဆိုင်အကြီးကြီးကို ကျယ်ပြန့်အောင်မြင်

www.burmeseclassic.com

www.burmeseclassic.com



ရွာ လုပ်ကိုင်နေဆဲ…။သူ့လုပ်ငန်းနှင့် သူတော့ ဝင်ငွေဖြောင့်နေသူ ဖြစ်သည်။သူ၏ ဗီဒီယိုခွေအငှားဆိုင်ကြီးတွင် မိတ္တူကူးစက်တပဲ နှစ်လုံးထောင်ထားနိုင်သူလည်း ဖြစ်သည်။

ဒါကြောင့် သူတို့ပြောလဲပြောစရာ။သူတို့က နေ့စဉ်ကိုယ့်အလုပ်နဲ့ကိုယ် လည်ပတ်နေရတာမို့ သတိုးလိုမအားကြပါ။

သူတို့တစ်တွေ ခင်ကြလွန်းလို့သာ တစ်ပတ်တစ်ခါလောက်ကို တမင်ချိန်းပြီး ဆုံကြတာဖြစ်သည်။

သတိုးသည် သူငယ်ချင်းတွေဟာ ကိုယ့်လိုအခြေအနေ မဟုတ်ဘူးဆိုတာ မသိမဟုတ် သိ၏။ဒါပေမယ့် ဒီနေ့မှာ သူ့ဘဝတွင် မစွန့်စားဖူးသော လုပ်ရပ်တစ်ခုကို လုပ်မိပြီဖြစ်ရာ အခင်ဆုံးသူငယ်ချင်းတွေကို တိုင်ပင်ရင်ဖွင့်လိုသောဆန္ဒကား တားမရပေ။

ကြည်မင်းက ဖုန်းအချမှာ သတိုးသည် တိမ်တိုက်ထံ ထပ်ပြီး ဖုန်းခေါ်ပြန်သည်။

တိမ်တိုက်ကိုတော့ သူ့ရဲအိမ်မှာ အမြဲရှိနေနိုင်မည်ဟု ခန့်မှန်းနိုင်သည်။တိမ်တိုက်ကား စတီရီယိုသီချင်းရေးသူအဖြစ်ရပ်တည်နေသူဖြစ်ပြီး အလည်အပတ်သွားနေတာနည်း



ကျက် အိမ်မှာ အမြဲသီချင်းရေးနေတတ်သူ။မိဘ မရှိတော့သော တစ်ကိုယ်တည်းသမားဖြစ်ပြီး မိဘချန်ရစ်သော ခေတ်မီတိုက်ခန်းကျယ်ကြီးတစ်ခန်း၊အမွေပစ္စည်းလေး အနည်းငယ်ဖြင့် သူ့ဘဝသူ ကျေနပ်နေသူ။

ပြီးတော့ အောင်မြင်သော သီချင်းရေးသမားလေးတစ်ဦးလည်းဖြစ်ပြီး သူ့ဘဝသူ သီချင်းတွေထဲမှာ မြုပ်နေရတာကိုပဲ ပီတိဖြစ်နေသူ။

ဖုန်းသံ သုံးလေးချက်ခေါ်အပြီးမှာ တိမ်တိုက်၏…

“ဟဲလို…”

ထူးသံမှာ အိပ်ချင်မူးတူးဖြစ်နေ၍သတိုးမှာ အားနာသွားပါသည်။

“တိမ်တိုက်၊မင်းညက သီချင်းရေးလို့လား”

“ဪ…သတိုးပါလား၊အေးကွာ…သီချင်း ရေးလိုက်၊သံစဉ်ရှာလိုက်နဲ့ တစ်ပုဒ်လဲပြီးရော မိုးစင်စင်လင်းမှန်း အဲဒီတော့မှ အသိဝင်တော့တယ်ကွာ။မင်းဘာကိစ္စရှိလို့လဲ”

“ဆောရီးကွာ၊ငါက ကိစ္စရယ်တော့ မဟုတ်ပါဘူး၊ရင်ဖွင့်ချင်တာ”

www.burmeseclassic.com

www.burmeseclassic.com



တိမ်တိုက်က သဘောပေါက်သလိုအသံဖြင့် ခပ်သဲ့သဲ့ ရယ်ရင်းသမ်းဝေလိုက်၏။

"ခင်ဝေးဝေးခင်အကြောင်းမဟုတ်ရင် ငါ ဖုန်းချ ပစ်မှာနော် သတိုး၊ဟား..ဟား...ဟား"

"အေးကွာ၊ငါ ဒီနေ့ စိတ်အရမ်းလှုပ်ရှားနေလို့ မင်း တို့ကို အနှောင့်အယှက်ပေးမိပြီ"

"ဘာလဲ...ကောင်မလေးက ချစ်တယ်တဲ့လား"

"အဲဒီလို အဖြေပေးရင် ငါ ဒီလိုတောင်မနေတော့ ဘူး"

"သိပြီ၊သိပြီ...မင်း ခြေထောက်နှစ်ချောင်းကို မိုး ပေါ်ထောင်ထားမှာလား"

"ခွေးကောင်တွေ၊မင်းရော...ကြည်မင်းရော ငါ့ကို လှောင်ဖို့ပဲတွေးနေ"

"ဟေ့ကောင်၊ငါတို့အတွက်က အချစ်ဆိုတာကို စ ကြုံဖူးသေးတော့ မင်းကိုလှောင်ချင်နေတာပေါ့ကွာ"

"မင်းက အချစ်သီချင်းတွေကျ ရေးနေပြီး"

"အငှား ခံစားတာလေကွာ၊ဥပမာ မင်းလိုကောင်မျိုး ဆယ်ယောက်နဲ့ စကားပြောရရင် ငါ့အတွက် သီချင်း



ဆယ်ပုဒ်ရတယ်၊ရုပ်ရှင်ဆို နိုင်ငံခြားကား Drama သန့်သန့်လေးတွေ ကြည့်ပြီး အချစ်ကို ခံစားတတ် တယ်၊တစ်ခုပဲ ရှိတယ်ကိုယ်တိုင်မခံစားတတ်သေး တာပဲ.........

ငါကိုယ်တိုင် အချစ်ကို အတိအကျခံစားနိုင် လာတဲ့ အခါကျရင် ငါ့ရဲ့သီချင်းတွေဟာ ပိုပြီးလှပ လာမယ်၊ကဲ...ကဲ၊မင်းက ရင်ဖွင့်ချင်လို့ ဖုန်းဆက် တာကိုကွာ ငါက အလိုက်မသိ စကားများမိနေပြီ၊ မင်းက ဖုန်းစဆက်တဲ့သူဆိုတော့ မင်း ပြောချင်တာ ပြောပါ၊ငါ နားထောင်မယ်လေ"

သတိုးသည် သူငယ်ချင်းတွေ တမင်နောက်ပြီး သူ့ကို လှောင်တာကို အမှန်တကယ်မှာတော့သူ စိတ်မဆိုး၊စိတ် မနုပေ။ဒါနဲ့ပဲ ပြောချင်ရက်လက်တို့ဖြစ်နေချိန်မှာ တိမ်တိုက် ကလည်း လိုလိုလားလားနားထောင်မည်ဖြစ်၍ သူ ကျေနပ် အားရစွာပင် ပြောပြမိပါသည်။

"ငါ ဒီလို ပုံစံနဲ့ သူ့ကိုချစ်တဲ့အကြောင်း အသိပေး တာ မမှားပါဘူးနော်"

"မင်းစိတ်ထဲမှာ မမှားဘူးလို့ယူဆရင်မမှားဘူးပေါ့

www.burmeseclassic.com

www.burmeseclassic.com



ကွာ၊မှားတယ် ယူဆရင် မှားတယ်ပေါ့ကွာ၊အဓိကက ကိုယ့်စိတ်ကိုယ် နိုင်နင်းဖို့ပဲ၊ နိုင်နိုင်နင်းနင်းဆုံးဖြတ် နိုင်ဖို့ပဲ၊မင်းသူ့ကို သိပ်ချစ်တယ်မဟုတ်လား၊ အဓိက က အဲဒါပဲချစ်ရင် မင်း သူနဲ့ပတ်သက်ပြီးမင်းဘက် က ဆုံးဖြတ်သမျှဟာ ဘယ်တော့မှမမှားပါဘူး သတိုးရာ"

"သူ ငါ့ကိုဘယ်လိုသဘောထားမလဲ မသိဘူး၊ဒီအ ချိန်လောက်ဆို သူ သိနေပြီကွာ၊ငါ စိတ်သိပ်လှုပ်ရှား တာပဲ"

"သူ့ရဲ့ သဘောထားက ငါလဲ မပြောတတ်ဘူး၊မြင် လဲ မမြင်ဖူးဘူး၊စကားလဲ တစ်ခါမှ မပြောဖူးဘူး လေကွာ၊မင်းက အမြဲဆုံတွေ့စကားပြောနေတဲ့လူပဲ၊ မင်းထက်များ ငါက ပိုသိဦးမလား"

"ဒါဆို တစ်နေ့ကျရင် မင်းတို့နဲ့ ခင်ဝေးကို ဆုံပေး မယ်လေ"

"ဇာတ်လမ်းပဲ ပြီးနေပြီ၊မင်းတို့ချစ်သူတွေဖြစ်ပြီးမှ ဆုံတော့၊ငါက ဘာအကဲခတ်စရာလိုတော့မလဲ၊ကဲပါ သတိုးရာ·မင်းက ပင်လယ်ထဲတစ်နှစ်လောက်သွား



ရင် အေးအေးဆေးဆေး အိမ်မှာ ပြန်ထိုင်စားလို့ ရ အောင် ဝင်ငွေရထားတာကွ၊ဒါ့မှမဟုတ်၊အပျင်းကြီး ပြီး ဘာမှ မလုပ်လဲ မင်းရဲ့မြေးမြစ်တွေအထိ ထိုင် စားလို့ ရတဲ့အမွေတွေ ရှိတယ်ကွ၊မင်းဘဝမှာ အချစ် က အရေးကြီးဆုံးဖြစ်ရင်ဖြစ်မယ်.....

ငါတို့ ဘဝမှာအချစ်လောက်အရေးကြီးတာ က အစာအိမ်ပြဿနာပဲ၊အဲဒီအစာအိမ်လေးပြဿနာ မဖြစ်အောင် တတ်သမျှ၊မှတ်သမျှ ဉာဏ်ကလေးနဲ့ ဘုရားပေးတဲ့ပါရမီနဲ့ သီချင်းရေးဆရာလေးလုပ်စား နေတာမို့ ညက အိပ်ရေးပျက်ခံသီချင်းရေးထားတဲ့ ငါ့ကိုညာတာသောအားဖြင့် ပြန်အိပ်ခွင့်ပြုပါ ရောင်း ရင်းကြီးရာ၊ငါ သေသေချာချာ လုံး၀ မအိပ်ရသေး ဘူး"

သတိုးသည် သူကလည်းပြောချင်တာတွေပြောလိုက် ရပြီးပြီဖြစ်ရာ တိမ်တိုက်ကိုလည်း အားနာနေပြီဖြစ်ရာ၊ကြည် မင်းထက်စာရင် တိမ်တိုက်ကမှ အနည်းငယ်ပိုစိတ်ရှည်စွာ နားထောင်ဆွေးနွေးခဲ့သည်ဖြစ်ရာ သူ့ရင်ထဲ တော်တော်ပေါ့ သွားလျက်...

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ တိမ်တိုက်၊ငါ ဖုန်းချလိုက်တော့မယ်၊ ကြည်မင်းထက် နည်းနည်းလေး ပိုစိတ်ရှည်ရှည်နဲ့ နားထောင် ဆွေးနွေးပေးတဲ့ မင်းကို ကျေးဇူးတင်ပါတယ်"

"နောက်မှ ထပ်တွေ့မယ် ဟုတ်ကောင်း၊ငါ စီးရီးအသစ်တစ်ခုအတွက် သီချင်းရေးပေးစရာရှိလို့ ဒီရက်ပိုင်းတော့ မအားသေးဘူး၊ငါ့ အလုပ်တွေပြတ်သွားရင် တွေ့မယ်ကွာ"

သတိုးသူရိန်ဆိုသော ခင်ဝေးဝေးခင်နှင့် ပထမဦးဆုံး ဆုံတွေ့ခွင့်ရတဲ့ လူငယ်လေးတစ်ယောက်ရဲ့ အဲဒီနောက်ပိုင်း နေ့ရက်တွေဟာ မျှော်လင့်ချက်များစွာဖြင့် ရှင်သန်လာတော့တာပါ။

သူဟာ..သူ အင်မတန်ချစ်မြတ်နိုးရတဲ့ မိန်းကလေး အတွက် နှင်းဆီတွေ မပြတ်လက်ဆောင်ပေးရင်းနဲ့ အဖြေ အောင်းဖို့ မဝံ့မရဲဖြစ်လျက် သူ့ဘက်က ဖုန်းတောင်မဆက် ဖြစ်တော့။သူ့ရဲ့ခံစားချက်၊မျှော်လင့်ချက်၊ချစ်ခြင်း နှမတ္တာ၊ မြတ်နိုးမှုနဲ့ သံယောဇဉ်ကြိုးတွေအကြောင်းကို နှင်းဆီပန်း တွေနဲ့ အတူရင်ဖွင့်ပြီး စိတ်ကူးတွေနဲ့ကျေနပ်နေပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com

# အချစ်ကြိုးနံ့ပါတ် (၂)

ကြည်မင်းနေဝင်

www.burmeseclassic.com

www.burmeseclassic.com

(၁)

""ဟ…ဒုတိယတွေ့တဲ့လူက ကြည်မင်းခေါင်လား၊ ဘယ်လိုဖြစ်ပြီး တွေ့ကြတာလဲ""

""ထူးဆန်းတယ်၊ အစ်ကိုကြီးရာ၊သတို့ဖွင့်ပြောအပြီး နောက်တစ်နေ့မှာ ကြည်မင်း စိတ်လှုပ်ရှားတဲ့အသံကြီးနဲ့ဖုန်းဆက်တာ ကြားရတာပဲ""

""မင်းက ပြဿနာတော့စပြီလို့ တွေးမိရောလား""

""ဘယ်ကလာ…ခင်ဝေးဝေးခင်ကိုမှ သူ့သဘောကျသွားတယ် ဘယ်ထင်မလဲ၊အဲဒီလောက်ကြီးတိုက်ဆိုင်မယ်လို့လဲ ဘယ်သူက သိနေမလဲ၊သူ့ အသည်းအ

www.burmeseclassic.com

www.burmeseclassic.com



သန့် ဖြစ်ပြီး မြင်မြင်ချင်းချစ်သွားတဲ့ ကောင်မလေး တစ်ယောက်ဆိုတာပဲ သိတာပေါ့”

တိမ်တိုက်သည် လွန်ခဲ့တဲ့ တစ်လလောက်ဆီက အဖြစ်အပျက်တစ်ခုဆီသို့ သူ့စိတ်တွေပြန်ရောက်သွားသောအခါ စိတ်တွေက ပိုပြီးလေးလံလာသလို ခံစားလိုက်ရတော့တာ ဆည်း...။

“မင်းကရော ဘယ်တုန်းကတွေ့ပြီး ဘယ်တုန်းက ခင်ဝေးဝေးခင်လို့ သိတာလဲ”

“ကျွန်တော့်အကြောင်းကထားဦးလေ၊ကြည်မင်း အကြောင်းကို အရင်ပြောပြရမှာ၊ဒီကောင်ကလဲ တစ်ခါမှ ချစ်ဖူးတဲ့ကောင် မဟုတ်ဘူး၊သူ တကယ်ချစ်သွားတာပဲ အစ်ကိုကြီးရာ၊သူက သူ့ အသက်ထက်တောင် မြတ်နိုးတယ်လို့လဲ ရင်ဖွင့်ခဲ့တယ်...”



ညနေစောင်း ခြောက်နာရီလောက်အချိန်မှာ ကြည်မင်းခေါင်တို့၏ Video Ezy(ဗီဒီယိုအီးဇီး) အမည်ရှိ ဗီဒီယိုခွေ အငှားဆိုင်ကြီးကား စတင်စည်ကားလေပြီ။မိတ္တူ[illegible] လုံးကလည်း သူ့ဟာနဲ့သူ လှုပ်မပြတ်သလို အထူး[illegible] လို သောကြာနေ့တွေဟာ ဗီဒီယိုငှားသူတွေပိုပြီး များပြားတတ်စမြဲ။

ကြည်မင်းခေါင်သည် ကျနံ့တဲ့ အပေါင်[illegible] လည်း အလုပ်ရှုပ်နေသလို သူသည်လည်း ဗီဒီယို[illegible] များကို တံဆိပ်ရိုက်လိုက်၊စာတန်းရေးလိုက်၊သူ[illegible] နား ဗီဒီယိုလာငှားလျှင် ထပြီး ရှာပေးလိုက်ဖြင့် [illegible]

ဗိုက်ကလည်း အနည်းငယ်ဆာလောင်[illegible] အာလူးကြော်တစ်ထုပ်ကြီးကို ဝါးလိုက်၊ခရက်ရှာ[illegible] လီကို သောက်လိုက်နှင့် ထမင်းစားဖို့ကို မစဉ်း[illegible] ချေ။အိမ်က ချိုင့်နဲ့ထည့်ယူလာသောထမင်းဟင်းတွေ[illegible] မှ စားရမည်ဆိုလျှင် ည ကိုးနာရီလောက်မှ စားရဖို့ရှိ[illegible]

www.burmeseclassic.com



ဤသည်ကား သောကြာ၊စနေနေ့တွေမှာ အမြဲကြုံတွေ့ရသော အဖြစ်အပျက်လည်းဖြစ်ရာ သူတို့အားလုံး အတွက်တော့ ရိုးနေလေပြီ။

ကျန်တဲ့ရက်တွေမှာတော့ လူက အဲဒီလောက်ကြီးမများသည်မို့ ခြောက်နာရီကျော်လောက်ဆို ထမင်းစားလို့ရနေပြီ။

ကြည်မင်းခေါင်သည် သူတို့တွင် သားအဖ နှစ်ယောက်တည်းလည်းရှိသည်ဖြစ်ရာ ထမင်းဟင်းချက်တဲ့ကိစ္စကို အများဆုံးလုပ်ရသူမှာ သူပဲဖြစ်၏။ဖေဖေက ဆိုင်ထွက်ဖို့ မနက်ကိုးနာရီလောက်ဆို အိမ်ကထွက်တတ်သည်။

အိမ်ကမထွက်ခင် မနက်ခြောက်နာရီလောက်ဆိုနိုးနေတတ်ပြီး ခြောက်နာရီကနေ ခုနစ်နာရီခွဲထိဘုရားရှိခိုး၊ ပုတီးစိပ်နေတတ်၍ မနက်စာပြင်ဆင် တာရော၊အိမ်မှာစားဖို့ ချက်ပြုတ်တာရော ကြည်မင်းခေါင်ပဲ လုပ်ရပါသည်။

ဈေးကိုတော့ လေးရက်မှ တစ်ခါလောက်သွားဝယ်ပြီး ရေခဲသေတ္တာထဲမှာ ထည့်သိုထားတာတွေကုန်လောက်မှ သွားဝယ်တာမျိုးဖြစ်သည်။အသီးအနှံများကိုတော့ရေခဲသေတ္တာ အောက်ဆင့်မှာထားပြီး ရေခဲသေတ္တာအပေါ်ဆင့် Frozen လုပ်



ရာနေရာမှာတော့ အသားငါးတွေကို Frozen လုပ်ထားရ၏။ ချက်ခါနီးမှာ Defrost ပြန်လုပ်ပြီး ချက်ရတာမို့တခြားသူတွေကတော့ လတ်ဆတ်မှုမရှိဘူးဆိုပြီး ကြိုက်ချင်မှကြိုက်မှာပေမယ့် သူတို့သားအဖကတော့ ဒီလိုပဲ စားနေခဲ့တာကြာပါပေါ့။

မတတ်နိုင်။နေ့စဉ်ဈေးဝယ်ဖို့ကို ယောကျာ်းသားများ ပီပီမလုပ်ချင်ကြရာ မေမေ မရှိတော့သည့် လွန်ခဲ့တဲ့ လေးနှစ်လောက် ကတည်းက ဒီလိုပဲချက်စားလာခဲ့ကြတာမို့ နေသားကျနေခဲ့ပြီ။

ယခုလည်း လူက ဗိုက်အတော်ဆာပြီဖြစ်ရာ မနက်က ချက်ပြုတ်လာတာလေးတွေ သတိတရရ တံထွေးတမျိုမျိုနှင့် အာလူးကြော်တွေပိုပြီးဝါးတော့တာဖြစ်သည်။

မနက်က ကြက်သားနဲ့ အာလူးဆီပြန်ကို မဆလာနံ့လေးသင်းနေအောင် ချက်ထားသည်။ကန်စွန်းရွက်ချဉ်ရည်ကိုတော့ ပိုပြီးကောင်းအောင် ငါးရန့်တစ်ကောင်ထည့်ချက်ထားသေး၏။ဘာလချောင်ကြော်ကတော့ သူတို့သားအဖ အမြဲခြွတ်ဝယ်ထားတတ်သည့် 'စားတော်ဆက်' တံဆိပ်နဲ့ ဘာလချောင်ကြော်နဲ့၊သခွားသီးတို့စရာလေးနဲ့ . . .။မနက်တုန်းကတော့

www.burmeseclassic.com

www.burmeseclassic.com



ချက်ပြီးပြီးချင်း မေမေ့ကို ထမင်းချိုင့်ပြင်ပေးအပြီး အိမ်မှာထ
စားဖြစ်ပါသည်။ညနေစာအတွက်ကိုသာ ချိုင့်နဲ့ထည့်ယူလာ
တတ်စမြဲ။

ဒီလို သိပ် ဆာနေချိန်မှာ ထမင်း,ဟင်းတွေ ဘယ်
လောက် အေးနေပါစေ ရေရေလည်လည်ဝါးပစ်လိုက်မှာပဲ။

"ဒီမှာရှင့်...ဒီမှာ၊ဗီဒီယိုခွေငှားချင်လို့"

ကြည်မင်းခေါင်သည် ကောင်တာကိုကျောခိုင်းလျက်
ဗီဒီယိုခွေတွေ လာအပ်ထားသမျှ ပြန်ရစ်မထားတာတွေ စက်
နဲ့ ပြန်ရစ်ရင်း ထမင်းဟင်းတွေအကြောင်းစိတ်ကူးယဉ်ကောင်း
နေပါသည်။

ကောင်မလေးတစ်ယောက်ခေါ်သံကိုတောင် အသံ
လောက်စူးရှနေတာတောင် မကြားခဲ့။

"ဒီမှာ ဟေ့လူ၊ဗီဒီယိုခွေငှားမလို့...၊ဘယ်လိုလဲ ခေါ်
နေတာ မကြားဘူးလား"

အသံနဲ့အတူ ခပ်ချွန်ချွန်အရာတစ်ခုက ကြည်မင်း
ခေါင်၏ ကျောပြင်ကိုလာရောက်ထိသောအခါ သူသည် ရုတ်
တရက်မို့ လန့်သွားပြီး...

"အား...ကြက်သားဟင်းနဲ့ ကန်စွန်းရွက် ချဉ်ရည်



ချက်ထားပါတယ်"

ဟုယောင်လျက် ခပ်တိုးတိုးရွတ်လိုက်မိသည်။ခပ်တိုး
တိုးပေမယ့် သူနဲ့အနီးဆုံးဖြစ်သောကောင်မလေးတော့ ကြား
ဖြစ်အောင်ကြားသွားရာ ကောင်မလေးသည် အံ့သြသလိုမျက်
လုံးပြူးရင်း ပြုံးစိစိနှုတ်ခမ်းလေးကိုက်နေတော့လေသည်။

ကြည်မင်းခေါင်သည် ရှက်လည်းရှက်၊သူ့ အဖြစ်သူ
ရယ်လည်းရယ်ချင်ကာ သူပါ ပြုံးစိစိဖြစ်နေပါသည်။ရှက်
တိုးရှက်ကန်းဖြင့် သူ့ မျက်ခုံးတစ်ဘက်ကို လက်ညှိုးလေးနဲ့
တုတ်နေကာ သူ့ဘာသာအသံထွက်၍ခပ်သဲ့သဲ့ရယ်လိုက်သေး
၏။

"ဘာဟင်းချက်လဲလို့ မေးတာမဟုတ်ပါဘူးရှင်၊ဗီဒီ
ယိုခွေငှားချင်တယ်လို့ ပြောတာပါ"

"ဟုတ်ပါတယ်၊ကျွန်တော်လဲ ကြားပါတယ်"

"ဟင်...ဒါဖြင့်..."

"ထမင်းကဆာနေပြီဗျ၊စားဖို့ အချိန်လဲ မရသေးဘူး၊
အလုပ်ကများနေတာ...၊ခင်ဗျားမြင်တဲ့အတိုင်းပဲ ဆိုင်
မှာလူကျနေတယ်၊ထမင်းစားဖို့ အချိန်မပေးနိုင်သေး
တော့ရဲ့ အာလူးကြော်တွေဝါးရင်း ထမင်းဟင်းတွေအ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း စိတ်ကူးယဉ်နေတော့ ပါးစပ်ကယောင်သွား
တယ်ဗျာ"

"ဖြစ်ရလေ…"

ကောင်မလေးက ချက်နှာလေးမြင်ရုံနှင့်ချစ်ခင်ပါ
စေဆိုသော ဆုနဲ့ပြည့်စုံသူကလေးပင်။ပြီးတော့ ဟန်တွေပန်
တွေသိပ်မရှိ။ဖော်ဖော်ရွေရွေကလေး ရယ်ပြုံးနေတာကို မြင်
မြင်ချင်းပင် ကြည်မင်းသည် သတိပြုမိလျက် စိတ်ထဲမှာအ
လိုလို ခင်မင်သွားခဲ့ပါသည်။

"ကဲ…ဘာအခွေလိုချင်ပါသလဲ"

"ကျွန်မ ဒီဆိုင်ကို အခုမှ စပြီးငှားဖို့လာတာပါ"

"သြော်…ဒါဆို လူသစ်ပဲ၊Membership Card မ
ရင် ငှားလို့မရဘူး ခင်ဗျ၊ကျွန်တော်တို့ဆိုင်ကအခွေ
ကောင်းတွေပဲတင်ပြီး…D.V.D လဲ ငှားတာမို့ လူ
သိရင် လက်လွှတ်စပယ်မငှားပါဘူးခင်ဗျာ၊အဲဒီအ
တွက် စိတ်မရှိပါနဲ့"

"ဒါဆို ကျွန်မလဲ Card လုပ်ထားမယ်လေ"

"ကားမောင်း လိုင်စင်၊မှတ်ပုံတင်၊အိမ်လိပ်စာ၊ဖုန်း
နံပါတ် အဲဒီထဲက အနည်းဆုံးနှစ်ခုပေးနိုင်ရင် Card



ထုတ်ပေးပါတယ်"

"အဲဒီအချက်အလက်တွေကိုကျတော့ ဘယ်မှာ မှတ်
ထားသလဲ"

"ကျွန်တော်တို့ဆီမှာ ကွန်ပျူ ာ ကျွမ်းကျင်တဲ့ သူ
ငယ်ချင်း တစ်ယောက်ပါပါတယ်၊သူကိုယ်တိုင်လဲ
ကွန်ပျူတာစာစီတဲ့အလုပ်ကို လုပ်နေတဲ့လူပေါ့၊သူ
ဟာ လူတစ်ယောက်နဲ့ ပတ်သက်တဲ့အချက်အလက်
တွေကို ကွန်ပျူတာထဲမှာ Record(ရီကော့ဒ်) လုပ်
ထားပါတယ်၊ကွန်ပျူတာထဲကပဲ ဒီလူပေးတဲ့အချက်
အလက်တွေ မှန်မမှန်စစ်ပေးတယ်"

"အရမ်း ခေတ်မီတာပဲနော်၊ဒါကြောင့် ဒီဆိုင်ကရန်
ကုန်မြို့မှာ တော်တော်နာမည်ကြီးနေတာ"

"အခုလိုကြားရတာ ဝမ်းသာပါတယ်ခင်ဗျာ"

"လက်ကမ်း ကြော်ငြာလေးတွေလဲ တွေ့တွေ့ နေ
တယ်၊မဂ္ဂဇင်းတွေ၊ဂျာနယ်တွေမှာ တီဗီမှာလဲ ကြော်
ငြာတာတွေ့တယ်၊တစ်ခါတလေ မြန်မာကားဗီဒီယို
ခွေတွေထဲမှာတောင်တွေ့တယ်၊ဒါကြောင့် စိတ်ဝင်
စားပြီး လာငှားတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ကြည်မင်းခေါင်သည် တစ်ခဏချင်း ရင်းနှီးကျွမ်းဝင်သလို စကားလက်ဆုံကျသွားသော ကောင်မလေးကို အခုမှ သေသေချာချာ ဂရုစိုက်ကြည့်မိလေသည်။

မျက်နှာလေးက ဖန်လုံးလေးလို လုံးလုံးဝန်းဝန်းနဲ့ မျက်လုံးလေးတွေကလည်း အဲဒီလောက်ကြည်လင်တာမျိုး ဘယ်တုန်းကမှ မတွေ့ဖူးခဲ့။

သလင်းကျောက်ကြည်ကြည်ဝိုင်းဝိုင်းလေးတွေ ထည့်ထားသလိုပဲ။ဘယ်လောက်ကြည်လင်လိုက်မှာသလဲဆိုရင်…။

ပြီးတော့ နှင်းဆီပန်း အဖူးအငုံလေးလို ပန်းသွေးရောင်နဲ့ နှုတ်ခမ်းစုစုလေးဟာ မျက်နှာဖြူဖြူလေးပေါ်မှာ ပတ္တမြားခဲနီနီလေးကိုတင်ထားသလိုပဲ။ဘယ်လောက်နီရဲ အရောင်စိုလိုက်သလဲဆိုရင်…။

ဒီဆံပင်၊ဒီမျက်နှာလေးနဲ့ ကောင်မလေးမျိုးတွေ ခဏခဏမြင်ဖူးပေမယ့် ဒီကောင်မလေးကျတော့ သူ့ရင်ထဲ တစ်မျိုးကြီးဖြစ်ကာ ငေး၍ပင်မဝချင်။

ဒါဟာ အချစ်ဆိုတာလား…။အထိတ်တလန့်တွေး မိစဉ် သတိုးကို ဖျပ်ခနဲသတိရသွား၏။သတိုး…သတိုး မင်း



ပြောပြောနေတဲ့ မင်းသောက်ပါးစပ်ကြီးက ရင်ဖွင့်နေတဲ့ အချစ်ဆိုတာ ဒါလားကွာ…၊။

ချောတဲ့၊လှတဲ့ ချစ်စရာကောင်းတဲ့ မိန်းကလေးတွေ အများထဲမှာမှ ဒီတစ်ယောက်ကိုကျမှ ရင်ထဲမှာ တစ်မျိုးကြီး ဖြစ်လျက် စိတ်လှုပ်ရှားလာတယ်ဆိုတာ အချစ်ပဲလား။ချစ်သွားတာလား။သတိုးလို အရူးအမူး ချစ်မိပြီလား။အသည်းအသန် ချစ်သွားတော့မှာလား…။

"နောက်ဆုံးပေါ်ကားတွေအကုန်ရှိလား"

"နောက်ဆုံးပေါ် မော်တော်ကားတွေ အကုန်ဝယ်နိုင်နေရင် ဒီလို ထမင်းစားချိန်မစားရသေးဘဲ အပင်ပန်းခံပြီး အလုပ်လုပ်မနေတော့ဘူးဗျာ…"

"ဟောတော့်…"

ကြည်မင်းခေါင်က ရယ်စရာလုပ်ပြောတော့ ကောင်မလေးက ပေါ့ပါးလွတ်လပ်စွာရယ်ပါသည်။

"သနားပါတယ်၊ထမင်း တော်တော်ဆာနေပြီ ထင်တယ်၊ထမင်းစားဖို့အကြောင်းပဲပြောနေတယ်"

"အလကားနောက်တာပါဗျာ၊ကဲ…ဘာအခွေ ငှားချင်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"Card လုပ်ရဦးမယ်"

"အခွေအရင်ရှာပေးလိုက်မယ်၊Card လုပ်တာက ဟို
မှာ…၊ကွန်ပျူတာနဲ့ ထိုင်နေတဲ့ မျက်မှန်နဲ့ ဖြူဖြူပိ
ပိန်လေ…၊သူ့ဆီမှာ သွားလုပ်လိုက်၊လိုချင်တဲ့ အခွေ
ပြောခဲ့၊ရှာထားလိုက်မယ်"

"The Mummy ရယ်၊Big Daddy ရယ်၊Never bee
Kissed ရယ်…"

"သုံးခွေတောင်"

"ငှားလို့မရဘူးလားဟင်"

"ရပါတယ်၊ပြီးပါ့မလားလို့"

"မနက်ဖြန်အလုပ်အားတယ်၊တစ်ညလုံး မအိပ်ဘဲ
ထိုင် ကြည့်မယ်၊တစ်နေကုန် အိပ်မယ်…ဟဲ…ဟဲ
မေမေမသိအောင် ကိုယ့် အခန်းတံခါးပိတ်ပြီး အ
ခန်းထဲမှာ ခိုးကြည့်ရမှာရှင့်၊မေမေက ကျန်းမာရေ
ထိခိုက်အောင် အိပ်ရေးပျက်ခံပြီးနေရင် မကြိုက်ဘူ
ပွစိပွစိနဲ့ဆူနေတာ၊တစ်ခါတလေ လူကြီးမသိအောင်
ခိုးလုပ်ရတဲ့ အလုပ်တွေက ပျော်စရာကောင်းတယ်"

"အလုပ်လုပ်တယ်လား"



"ဖေဖေခန့်လို့ရတဲ့အလုပ်ပါ၊အထင်မကြီးနဲ့ ဖေဖေ့
အားကိုးသာမရှိရင် ခုထိ မေမေ့ဆီမှာ မုန့်ဖိုးတောင်း
နေရဦးမှာသေချာတယ်၊ကဲ…Card သွားလုပ်လိုက်
ဦးမယ်…၊အခွေတွေ ရှာထားပေးနော်၊Copy ကောင်း
ကောင်းလေး သိလားမှုန်တုန်ပျောက်ကြီးပေးလိုက်
ရင် ချက်ချင်းလာလဲမယ်"

"ဟုတ်ကဲ့ ခင်ဗျား၊ဟုတ်ကဲ့"

ကြည်မင်းခေါင်သည် သွက်လက်သော ခြေလှမ်း
သေးတွေကို ပိုင်ဆိုင်သောချစ်စရာမိန်းကလေးကို ဒီဆိုင်ထဲ
အဝင် မြန်မြန်ပြန်မထွက်သွားစေချင်တော့သလို ခံစားနေရ
သည်။ကောင်မလေးမှာထားတဲ့ ဗီဒီယိုခွေကို အလွယ်တကူ
ရှာတွေ့နိုင်ရက်သားနဲ့ အချိန်ဆွဲ၍ ရှာနေမိတော့၏။သူဘာ
ဖြစ်နေပြီလဲ။တစ်ခါမှ ဒီလောက်ထိ မရိုးသားတာမျိုး အ
သဖြင့် မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်၍ မရိုးသား
ဖန်တီးမှုမျိုး မလုပ်ဖူးခဲ့ပါ။ဒါ ပထမဆုံးပဲ။ဘဝမှာ ပထမ
ဆုံးပါပဲ ကောင်မလေးရယ်။

စကားများသော အရယ်အပြုံးတွေ ကြွယ်ဝသော
ယ်လိုက်ပြုံးလိုက်ရင် ပိုပြီးချစ်ဖို့ကောင်းသော ဤမိန်းက

www.burmeseclassic.com

www.burmeseclassic.com



လေးကို ဘူ ချစ်သွားပြီဆိုတာ သေချာနေသောအခါ ကြည်မင်းခေါင်သည် ချက်ချင်းပင်သူငယ်ချင်းတွေကို ရင်ဖွင့်ချင်စိတ်ဖြစ်လာခဲ့တော့တာတည်း။

ဆယ့်ငါးမိနစ်လောက်ကြာတော့ ကောင်မလေးပြန်ရောက်လာပါသည်။

"ရှာပြီးပြီလား"

"တစ်ခွေ ကျန်သေးတယ်၊ရှာမတွေ့ဘူး၊ကျွန်တော်ထင်တာက The Mummy အခွေက လူအငှားများနေတယ်၊ကုန်များကုန်နေလားမသိဘူး"

"Mummy မရရင် Deep Blue Sea ရှာပေးပါ"

"နှစ်ခွေပဲ ကြည့်ပါလား"

"ဟယ်…ဘယ်လိုဖြစ်နေတာလဲ၊သူတို့ဆိုင်က အခွေတိုများများငှားလို့ ပိုက်ဆံများများရမှာ စိုးရိမ်ရတယ်၊နည်းနည်းပဲ ငှားဖို့ တရားချနေတာနော်"

"အလကား နောက်တာပါ၊ဒီမှာ Mummy တစ်ခွေတွေ့ပြီ"

"ကောင်းလား"

"အခွေက ကျွန်တော်တို့ဆိုင်ကဆို မကောင်းတာရှိဘူး၊စက်အကောင်းစားတွေ၊စက်အသစ်တွေနဲ့ပဲ ကူးတာပါ၊အမြဲတမ်းလဲ မှီဆေးထားတယ်၊အခွေတွေကိုကိုယ့် စက်နဲ့ ကိုယ်ပြန်ရစ်ပေးသွားတယ်၊ပြီးတော့ အခွေတစ်ခွေကိုဖျက်ပြီး အခါငါးဆယ်လောက် ထပ်ကူးတာ မျိုးလဲ မလုပ်ဘူး၊ဘာစ်ခွေ တစ်ကားပဲ၊ ဒါကြောင့် ဆိုင်မှာ လွန်ခဲ့တဲ့ ငါးနှစ်ကတည်းကကားတွေလဲ ရှိနေတယ်"

"အမယ်…သူ့ဆိုင်အကြောင်း ကြွားတာ အများကြီးပဲ၊ကျွန်မက ကောင်းလားမေးတာ ဒီကား ကောင်းလားလို့ မေးတာ"

"ကောင်းပါတယ်၊ကလေးကြိုက်၊လူကြိုက်နိုင်မယ့် ဖျော်ဖြေရေး ကားမျိုးပေါ့၊ဗျာ၊မမ်မီ အလောင်းကောင်ကြီးတွေ အသက်ပြန်ဝင်လာတာတို့ ဘာတို့ပေါ့"

"ရှင် ကြည့်ပြီးပြီလား"

"ကျွန်တော်ကလဲ ဗီဒီယိုသရဲပဲဗျ၊ဝါသနာပါလို့ဆိုင်ဖွင့်တာ၊အခွေသစ်ဝင်ရင်ကူးရင်း ကြည့်ဖြစ်နေကျပဲ၊သိတာပေါ့"







www.burmeseclassic.com

www.burmeseclassic.com


"ဗီဒီယိုခွေဆိုင် လုပ်တော့ ကောင်းတာပေါ့၊ဘယ်ကားမဆို ကြည့်ဖြစ်တာပေါ့ရှင်"

"ဘာလဲ ဆိုင်ဖွင့်ချင်သွားပြီလား"

"တော်ပါပြီ၊ထမင်းဆာတာတောင် ထမင်းမစားရမှာ ကြောက်လို့ ဖွင့်ဖို့ စိတ်ကူးမရှိတော့ပါဘူးရှင်"

ကောင်မလေးကပွင့်လင်း၍ ဟန်ဆောင်မှုကင်းစွာ ရယ်မောနောက်ပြောင်သောအခါ ကြည်မင်းခေါင်သည် တကယ်ပင် ကြည်နူးရလျက် သူပါလိုက်ပြီး အသံထွက်ရယ်မိပါသည်။သူတို့ မတိုင်ပင်ဘဲ ပြိုင်တူ အသံခပ်သဲ့သဲ့ကလေး ရယ်မောလိုက်ကြခြင်းရဲ့နောက်ကွယ်မှာ သူတို့ရဲ့ ခင်မင်ရင်းနှီးမှုတွေ စတင်ပေါက်ဖွားလာခဲ့ပြီဖြစ်ကြောင်း ရင်ထဲမှာ ခံစားလာရပါသည်။

ကောင်မလေးဆိုင်ထဲကထွက်သွားသောအခါ ကြည်မင်းခေါင်၏ မျက်နှာမှာ အပြုံးတွေ လက်ဖြာတောက်ပစွာ ကျန်ရစ်ခဲ့လျက်...

"ချစ်ဖို့ကောင်းလိုက်တဲ့ ဖန်လုံးလေးရယ်"

လို့ ခပ်တိုးတိုးရေရွတ်မိပါတော့တယ်။



ဗီဒီယိုခွေဆိုင်မှာ ညဆယ်နာရီမှာ ပိတ်ပြီးပြီးချင်းပင် ကြည်မင်းခေါင်သည် ဆိုင်နဲ့ မနီးမဝေးလေးမှာရှိသော အိမ်ကို ပြိုင်ဘီးကလေးနဲ့ အမြန်နှင်းပြန်မိလေသည်။

သူ ထမင်းဆာနေသော်လည်း အပျော်တွေပြည့်နေသောကြောင့် အနည်းငယ်သာ စားဝင်ခဲ့သည်။ထမင်းကိုစားသာစားနေရပေမယ့်အရသာလည်း သိပ်မရှိတော့သလို ဖြစ်နေသည်မှာ အဆာလွန်သွားလို့မဟုတ်ဘူးဆိုတာသေချာပါသည်။

ဘာကြောင့်လဲဆိုတော့ လူငယ်ပီပီ ဘယ်အချိန်စားစား စားကောင်းနေခဲ့တဲ့အတွက် သူ့ဘဝမှာထမင်းစားချိန်လွန်မှစားလည်း ဘယ်တုန်းကမှ ထမင်းစားမပျက်ခဲ့ဖူးပေ။

ဒါ ပထမဦးဆုံးသော စိတ်နဲ့ကိုယ် မကပ်တော့သလို ခံစားရတာပါပဲ ဖန်လုံးလေးရယ်။ကြည်မင်းခေါင်သည် ကောင်မလေး၏နာမည်ကိုလည်း မသိလို၊သိလည်း မသိချင်။ သိဖို့လည်း မလို။သိအောင် လုပ်ဖို့ကကိုယ့်ဆိုင်မှာ လာငှားတဲ့ လူပဲ။ဟိုကောင့်ရဲ့ ကွန်ပျူတာထဲသွားရှာလိုက်ရုံပဲ။


www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် နာမည်ထက် သူက သူ့ဘာသာ ချစ်စနိုး မှည့်ခေါ်မိသောမျက်နှာလုံးလုံး၊မျက်ဝန်းကြည်ကြည်လေးတို့၏ သရုပ်ကိုဖော်တဲ့ 'ဖန်လုံးလေး'ဆိုတဲ့ အမည်ကိုပင် မြတ်နိုးနေမိလေသည်။

အိမ်ရောက်ရောက်ချင်းအိပ်ခန်းထဲသို့ တဝုန်းဝုန်းပြေးဝင်သွားသော ကြည်မင်းခေါင်အား ဖေဖေက ပုတီးစိပ်နေရာမှ မျက်မှောင်ကြုတ်ကြည့်နေတာကို သိရက်နဲ့ ဂရုမပြုအားတော့ပေ။

အိပ်ခန်းထဲမှာ လိုင်းခွဲထားသော ဖုန်းကိုခလုတ်အမြန်နှိပ်တော့သူ့စိတ်တွေ အရမ်းပျော်နေမိသည်။

"ဟဲလို"

ဟူသော သတိုး၏အသံကိုကြားသောအခါ ကြည်မင်းခေါင်သည်...

"သတိုး...ငါပါကွ၊ကြည်မင်းပါ"

"ဘာလဲမင်းဒီဒီယိုခွေတွေ အခိုးခံရပြီလား"

"ဘာဖြစ်လို့ အဲဒီလိုမေးတာလဲ"

"အသံက ရေးကြီးသုတ်ပျာဖြစ်ပြီး မချိမဆန့်ခံစားနေရတဲ့ အသံဖြစ်နေလို့ကွ"





"ဟုတ်တယ်ကွာ၊မချိမဆန့်ခံစားနေရတာကွာ"

"ဘယ်နှစ်ခွေတောင် ခိုးခံရတာလဲ၊နောက်ဆုံးပေါ်ခွေတွေလား"

သတိုးကား သူ့အထင်နဲ့သူ ရမ်းပြောနေသည်မို့ ကြည်မင်းခေါင်ကပင် တဟီးဟီးရယ်လျက် သူ့ရဲ့ ခံစားချက်ကို ရင်ဖွင့်တော့တာဖြစ်သည်။

"သတိုး...သတိုး...ငါကွာ...ငါလေ၊မင်းလိုပဲ ခံစားတတ်သွားပြီကွ၊တကယ်...တကယ်၊ဒီနေ့မှ ငါ ခံစားတတ်သွားတာ"

"ဘာလဲ"

သတိုးက နားမရှင်းဘဲ အူတူတူအသံဖြင့် ပြန်မေးလေသည်။

"ငါ သိပ်ချစ်ရတဲ့ ကောင်မလေး တစ်ယောက်ကို ဒီနေ့ တွေ့သွားတယ်"

"ဗုဒ္ဓေါ...မြန်လှချည်လား"

"မြန်တာ...မမြန်တာတွေ ငါ အံ့သြမနေတော့ဘူးကွာ၊ငါ သူ့ကို သိပ်ချစ်သွားတာပဲ အံ့သြနေတယ်"

"ဘယ်က ကောင်မလေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးကွ"

"မင်းကလဲ"

"ဒီနေ့မှ တွေ့တာ၊ငါ့ဗီဒီယိုခွေဆိုင်မှာ လာငှားတဲ့ ကောင်မလေးကွ၊သိပ်ချစ်ဖို့ကောင်းတာပဲ"

"လှလား"

"လှတယ် ချစ်စရာကောင်းတယ်၊မျက်နှာလေးက လုံးလုံးလေးနဲ့ကွာ၊မျက်လုံးလေးတွေက ဖန်လုံးလေး လို ကြည်လင်ပိုင်းစက်နေတာပဲ၊ငါက သူ့ကို ချစ် စနိုးနဲ့ ဖန်လုံးလေးလို့တောင် ခေါ်မိတယ်"

"ဘာ မင်းက သူ့ကို အဲဒီလိုသွားခေါ်လိုက်တယ်၊ ဟုတ်လား"

"ဟာ…ဘယ်ခေါ်ပါ့မလဲကွ၊ငါ့ဘာသာ ချစ်စနိုး ခေါ်တဲ့ နာမည်လေးလေ"

"သူ့နာမည် အရင်းကရော ဘာလဲ"

"မသိဘူး"

"မင်းက မသိတာများနေပြီ"

"သိချင်ရင် အလွယ်လေးပါကွာ…၊ငါ့ ဆိုင်မှာ သူ **Membership Card** လုပ်သွားတာပဲ…၊ကွန်ပျူတာထဲ





လိုက်ရှာလိုက်ရုံပဲ၊ဒါပေမယ့် မသိချင်ဘူး၊ကိုယ်ချစ်တဲ့ နာမည်လေးကိုပေးပြီး ကျေနပ်မှုလေးဖြစ်နေချင်တယ်"

သတိုးသည် ခပ်လှောင်လှောင်ကလေး ရယ်နေပြီး…

"ရူးပါ့ကွာ၊ရူးတယ်ဆိုတာ ဒါမျိုးပါလားဆိုတာ မင်းကိုတွေ့မှ သိတော့တယ် ကြည်မင်းကြီးရာ"

ဟုပြန်၍ဂလဲ့စားချေသော အသံဖြင့် ပြောလေသည်။

ကြည်မင်းခေါင်သည် အခုမှကိုယ်ချင်းစာသလိုဖြင့်ရယ်လည်း ရယ်ရင်း ဝန်ခံပါသည်။

"အေးကွာ…ပြောတော့ကွာ…ပြောတော့"

"မင်းအလှည့်တုန်းက ဟားခဲ့သမျှ ပြန်ခံရတော့မယ် ဆိုတာကို သိသိကြီးနဲ့ ငါ မင်းကို အရင်ဆုံးရင်ဖွင့် ချင်တာကြောင့်အိမ်ရောက်ရောက်ချင်း ဖုန်းဆက်တာ ပဲ၊ငါ ဖန်လုံးလေးကို သိပ်ချစ်တယ်ဆိုတာ အလိုလို ခံစားလာရတဲ့အချိန်မှာကွာ ငါ ဘာကိုသတိရသလဲ ဆိုရင် မင်းရဲ့ခံစားချက်တွေ ရင်ဖွင့်တုန်းက ငါတို့ ဝိုင်းဟားခဲ့သမျှ ငါတော့ပြန်ခံရဖို့ အလှည့်ရောက် ပြီဆိုတာကိုပါ သတိရနေတယ် သတိုးကြီးရာ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့သူငယ်ချင်းတွေက တစ်ယောက်နဲ့တစ်ယောက် ဟာ ချစ်စနိုးဖြင့် နာမည်နောက်မှာ 'ကြီး' ထည့်ခေါ်တတ်သေးသည်။

"တိမ်တိုက်သိရင် ဘာပြောမလဲ မသိဘူး"

"ဒီကောင်လား…အံ့သြပြီးလွမ်းတော့မှာပေါ့ သတိုးရ၊မင်းရော ငါပါ အရှုံးအမူးချစ်တာ အသည်းအသန် ကြိုက်တာကို ခံစားတတ်ပြီဆိုပြီး ဒီကောင် လွမ်းသွားမှာပေါ့"

"ဒီကောင် ဟားလို့ရတော့မှာမဟုတ်ဘူး၊မင်းနဲ့ ငါက တကယ်ခံစားရတာမြင်ပြီး အားကျနေမယ်ထင်တယ်"

"အေးကွာ၊ဆောရီးပဲသတိုးရ၊မင်း အလှည့်တုန်းက ငါ ရေလည်လျောင်ထားမိတယ်၊အချစ်ဆိုတာ ကိုယ်တကယ် ကြုံရမှ ခံစားရမှ ကိုယ်ချင်းစာတတ်လာတယ်ကွာ"

"ရပါတယ်ကွာ၊မင်းတို့က ငါ့ကို တမင်နစ်နာစေချင်လို့ ရည်ရွယ်ပြီးလျောင်တာမှ မဟုတ်တာ၊ ခင်ရှို့နောက်တာ၊ငါက အစေးအမှတ်ထားပါ့မလား၊မင်း



တို့ကလျောင်လေနောက်လေငါက ပိုပျော်လေပဲ"

"တိမ်တိုက် အားပါ့မလားမသိဘူး၊ငါ သူ့ကို ဖုန်းဆက်ပြောချင်တယ်"

"ဆက်မနေနဲ့ ဒီကောင်ခုနလေးတင် ငါနဲ့ဖုန်းပြောအပြီးမှာ အပြင်ထွက်မယ်တဲ့"

"ဘယ်လဲ"

"သူ့ သီချင်းတွေနဲ့ ပေါက်သွားတဲ့ အဆိုတော်သစ်လေးကကွာ ဆိုင်မှာကျွေးမယ်ဆိုလို့ သွားရမယ်တဲ့"

"ဒါဆို ငါတို့ ဒီအပတ်ဆုံမှပြောကြတာပေါ့"

"မနက်ဖြန်စနေည ဆုံမယ်လေ၊မင်းအခွေဆိုင်ပိတ်ရင်ငါ့ဆီလာမလား၊ တိမ်တိုက်ကိုပါငါချိန်းထားလိုက်မယ်"

"အေး…ကောင်းတယ်၊ဆုံ ဘ"

"မင်း ဒီညကစပြီး ကေ ဒ်ပျော်မှာ မဟုတ်တော့ဘူး၊အိပ်ရင်ပ ဉ်မှာ မင်းရဲ့…ဘာ…ဖန်ဘူး…"

"ဖန်လုံးပါကွ"

"အေး ဖန်လုံး ."

www.burmeseclassic.com

www.burmeseclassic.com



"သေချာတာပေါ့ သတိုးကြီးရာ"

နောက်တော့ သူတို့သူငယ်ချင်းနှစ်ဦး ရယ်သံတွေနဲ့ ဖုန်းကို ပြိုင်တူချမိကြပါသည်။

သတိုးကလည်း ကြည်မင်းအတွက်ဝမ်းသာရခြင်းနဲ့အတူ ခင်ဝေးကိုပိုပြီးသတိရလျက် အိပ်ရေးပျက်ခဲ့ပါသတဲ့။

ကြည်မင်းသည်လည်းဖန်လုံးလေးရဲ့ အပြုံးများ၊ရယ်သံ သဲ့သဲ့လေးများ၊ချစ်စရာကောင်းတဲ့စကားပြောဟန်ကလေးများနှင့် ဟန်ဆောင်မှုကင်းမဲ့သော ပွင့်လင်းတဲ့အမူအရာလေးများကို ထပ်တလဲလဲမြင်ယောင်သတိရလျက် သူ့ဘဝရဲ့ အိပ်မပျော်သောညတစ်ညကို ပထမဦးဆုံးရင်ဆိုင်ကြုံတွေ့လိုက်ရပါသတဲ့။

(၂)

သောကြာနေ့နှင့် စနေနေ့ဆိုသော တစ်ပတ်၏ကုန်ဆုံးသောနားရက်တွေကို ယခုဆိုလျှင် ကြည်မင်းခေါင်သည် အမျှော်လင့်ကြီးမျှော်လင့်ပြီး ရင်ခုန်နေတတ်လေပြီ။

ဖန်လုံးလေးဟာ ဒီနေ့ဘာအရောင်လေးဝတ်လာမလဲ၊ဘယ်လို အဝတ်အစားဖက်ရှင်လေးနဲ့လာမလဲ၊ဘာကားတွေ ငှားလိမ့်မလဲ၊သူနဲ့ဘယ်လောက်ကြာကြာ စကားတွေပြောလိမ့်မလဲ စသည်ဖြင့် သူကလေး မလာခင်အချိန်မှာ စိတ်ကူးအယဉ်ကြီးယဉ်လျက် အချိန်တွေ ကုန်လို့ ကုန်မှန်းမသိ။

www.burmeseclassic.com

www.burmeseclassic.com



အရင်က ပျင်းရိငြီးငွေ့ခြောက်သွေ့စွာ သမားရိုးကျဆန်စွာ ဖြတ်သန်းလာခဲ့ရတဲ့ ကြည်မင်းခေါင်ရဲ့ နေ့ရက်တွေဟာ အခုမှပဲ အဓိပ္ပာယ်ရှိလာတာပါ။ရှင်သန်လာခဲ့တာပါ၊တောက်ပလာခဲ့တာပါ။

ဟာလာဟင်းလင်းနဲ့ ဘာခံစားချက်မှ မခံစားတတ်တဲ့နှလုံးသားဟာ အခုမှ ချစ်ခြင်းဆိုတဲ့ ခံစားချက်အသစ်တစ်ခုကို ခံစားတတ်တဲ့သံယောဇဉ်တွေ ပြည့်နှက်လာတာပါ။

သူတို့ တွေ့ကြရပြီး တစ်လကျော်ကြာခဲ့တာတောင် သူကလည်း ကောင်မလေးရဲ့ နာမည်တွေ၊အလုပ်အကိုင်တွေ ဘယ်မှာနေသလဲတွေ မမေးမိသလို ကောင်မလေးကလည်း သူ့ကို မမေးခဲ့။

သူတို့ လူချင်းသာ တစ်နေ့တခြားပိုပြီးရင်းနှီးလာခဲ့ကြပြီးတဲ့ တစ်နေ့မှာတော့ ဖန်လုံးလေးဟာ မိန်းကလေးပီပီ အင်မတန်မှလည်း စပ်စုတတ်သူကလေးပီပီ စတင်မေးမြန်းစပ်စုတဲ့အခါမှသာ အဲဒီတစ်နေ့ကိုကြည်မင်းခေါင်က ဘယ်တော့မှ မမေ့ခဲ့ပါတော့။

"ကျွန်မတို့ခင်နေတာ တော်တော်ကြာပြီနော်၊ရှင့် နာမည်လေးတောင်မသိရဘဲ ခေါ်ပြောနေမိတယ်၊ကျွန်



မထက် အများကြီးအသက်ကြီးနေရင် ကျွန်မတော့ ငရဲကြီးပါပြီ"

"နာမည် သိချင်ရင်သိချင်တယ်ပြောပါ၊စပ်စုတာက မိန်းမ တွေရဲ့ မွေးရာပါ ဝါသနာပဲ၊အပြစ်မတင်ပါဘူး"

ဖန်လုံးလေးက အဲဒီအခါမှာ ပြုံးစိစိကလေး လုပ်လျက်...

"ဒါဖြင့် မွေးရာပါ ဝါသနာအရ စပ်စုမယ်ရှင်၊နာမည်၊အသက်၊နေရပ်လိပ်စာလေးသိချင်နေတယ်"

"နာမည် ညီမျှခြင်း ကြည်မင်းခေါင်၊အသက် ညီမျှခြင်း နှစ်ဆယ့်ကိုးနှစ်၊ နေရပ်လိပ်စာ ညီမျှခြင်း အမှတ်(....)၊ ကမ်းနားလမ်း၊အထက် ဘလောက်၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊ဖုန်းနံပါတ် ညီမျှခြင်း(......)ပါခင်ဗျာ၊ဘာပြောဖို့ ဖြေဖို့ ကျန်ပါသေးလဲ"

ဖန်လုံးလေးက ကြည်မင်းခေါင်၏ရယ်စရာလုပ်ပြောခြင်းကို မျက်လုံးပြူးလိုက်၊ရယ်လိုက်နှင့် နားထောင်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း၊ကျွန်မထက်အသက်ကြီးတဲ့ အစ်ကိုကြီး
တစ်ယောက်ကို ရှင်တွေ ကျွန်မတွေနဲ့ စကားပြော
မိပြီတော့၊ဆောရီး…ဆောရီး၊ဒီနေ့က စပြီး ကိုကြည်
မင်းခေါင်လို့ ပြောင်းခေါ်ပါ့မယ်"

"ကြည်မင်းလို့တော့ သူငယ်ချင်းတွေက ခေါ်တာ
နာမည်ရှည်နေရင် ကိုကြည်မင်းလို့ပဲ ခေါ်ပေါ့"

"အင်း…အင်း၊ကိုကြည်မင်းက မြို့ထဲမှာပဲနေတာ
ကိုး၊ဒီဆိုင်ကနဲ့အိမ်နဲ့ဆို ဘယ်ဝေးမလဲနော်"

"ဟုတ်တယ်၊မနီးမဝေးလေးပဲ၊ဖေဖေကတော့ ယု
နယ်လာဘာမှာ ခေါက်ထီးဆိုင်ဖွင့်ထားတယ်၊မေမေက
လွန်ခဲ့တဲ့ လေးနှစ်ကနလုံးရောဂါနဲ့ ဆုံးသွားတယ်
လေ၊မေမေဆုံးပြီးကတည်းက သားအဖနှစ်ယောက်
ဒီလိုပဲ ကိုယ့်အလုပ်နဲ့ကိုယ် ကျင်လည်လိုက်၊ညဘက်
တချို့တလေတွေမှာတော့ ကျွန်တော်က သူငယ်ချင်း
တွေနဲ့ ဆုံလိုက်နဲ့…၊အခုတော့ ခင်စရာ သူငယ်ချင်း
ကောင်မလေးတစ်ယောက်ထပ်တိုးလာတာမို့ သူ
ဒီယိုခွေလာငှားရင် သူ စပ်စုနေတာတွေဖြေလိုက်
သူ့ ကတ်သီးကတ်သတ် ရှာဖွေလာတဲ့ ဗီဒီယိုကား





တွေ ရွတ်ပြသမျှကို ရှာပေးလိုက်နဲ့ပေါ့ဗျာ"

"အံမယ် ကြည့်စမ်း၊သူများကို စပ်စုသလေး ဘာ
လေးနဲ့ ခင်လို့စပ်စုတာပဲ၊ကျွန်မက မခင်ရင် စကား
တောင်အဖက်လုပ်မပြောဘူး"

"စိတ်မဆိုးပါနဲ့၊နောက်တာပါ"

"သိပါတယ်၊ကျွန်မကလဲ ကိုကြည်မင်းကို တကယ်
ခင်ပါတယ်၊ဪ…ကျွန်မရဲ့ Visiting Card လေး
ယူထားနော်၊ဒီဆိုင်မှာ ပေးထားတာက အိမ်ဖုန်းပဲပါ
တယ်၊ဒီ Card ထဲမှာတော့ ရုံးခန်းက ဖုန်းရော၊ဆယ်
လူလာရော၊Fax ရော၊E.Mail ရော အကုန်ပါတယ်"

ကြည်မင်းခေါင်သည် ကနုကမာရောင်ကတ်ကလေး
ကို အသာလှမ်းယူလိုက်ပါသည်။

Visiting Card တောင် ထားနိုင်တဲ့ အထိ အလုပ်အ
ကိုင်ကြီးကြီးမားမားရှိသတဲ့လား ဖန်လုံးလေးရယ်။အသက်
လေးငယ်ငယ်နဲ့ ရုံးခန်းနဲ့၊ဖုန်းနဲ့၊ဆယ်လူလာနဲ့၊Fax နဲ့၊E.Mail
နဲ့ အလုပ်လုပ်တဲ့သူဆိုတော့ သူ့ကိုယ်သူပင် ပြန်ပြီး အားငယ်
သလိုခံစားသွားရပါသည်။ကိုယ်ကတော့ သာမန်သိပ္ပံဘွဲ့က
လေးနဲ့ ဘယ်ကုမ္ပဏီအလုပ်မှ ဝင်မတိုးနိုင်၊ဘယ်လောက်မှ



www.burmeseclassic.com

www.burmeseclassic.com


လဲ မချမ်းသာ မကြွယ်ဝတာမို့ ကိုယ်ပိုင်ကုမ္ပဏီကြီးလည်း မရှိခဲ့ပါဘူးဖန်လုံးလေးရယ်။

ကြည်မင်းခေါင်သည် ကနုကမာကတ်ကလေးကို ဖတ်ကြည့်လိုက်သည့်အခါ.....

**"KHIN WAYY WAYY KHIN"**

ဟူသော အင်္ဂလိပ်စာလုံးဖြင့်ပေါင်းထားသော အမည်ကို မြင်မြင်ချင်း ခေါင်းနပန်းကြီးသလို ခံစားသွားရပါသည်။ ငါများ ပေါင်းဖတ်တာမှားသလားလို့ မယုံကြည်တော့ဘဲ ကတ်ကို တစ်ဘက်လှန်လိုက်တဲ့အခါ...

**ခင်ဝေးဝေးခင်**

ဆိုတဲ့ မြန်မာစာလုံးဖြင့် ပီပီသသရိုက်နှိပ်ထားသည့် နာမည်ကိုမြင်သည့်အခါ ရင်ဘတ်ထဲတွင်အလုံးကြီးတစ်လုံး လာဆောင့်တိုးသလိုပင် ခံစားလိုက်ရတော့တာဖြစ်ပါသည်။

သေချာတာမှ သိပ်ကိုသေချာလွန်းနေပါရက်နှင့် နာမည်အောက်ကအလုပ်အကိုင်နှင့် နေရာအမှုည်ကိုဆက်၍ဖတ်မိသေးသည်။

**အထွေထွေမန်နေဂျာ**

**ရွှေသစ်ခွဟိုတယ်**



ဟူ၍ မြန်မာလိုလည်းတစ်မျိုး၊အင်္ဂလိပ်လိုနှင့် ရိုက်နှိပ်ထားသော တခြားတစ်ဘက်မှ အင်္ဂလိပ်စာလုံးတွေမှာတော့...

GENERAL MANAGER

**GOLDEN ORCHID HOTEL**

ဟူ၍တစ်မျိုး ဖုန်းနံပါတ်၊အိမ်လိပ်စာ၊ဟိုတယ်လိပ်စာ၊ဖက်(စ်)များ၊အီးမေးလ်များ၊ဆယ်လူလာနံပါတ်သည်တို့သည်လည်း မြန်မာလိုရော၊အင်္ဂလိပ်လိုပါ ရိုက်နှိပ်ထားတာကို ကိုယ်လည်းမျက်စိနဲ့ တပ်အပ်ကြီးမြင်ပြီး တွေ့ပြီးလျက်နှင့် ကြည်မင်းခေါင်မှာ မယုံချင်သလို ဖြစ်ကိုဖြစ်နေလေသည်။

သတိုး...သတိုးရေ်...။မင်းနဲ့ငါတော့ ကောင်မလေးဒီတစ်ယောက်တည်းကိုမှအရူးအမူးချစ်မိကြပြီ။တကယ်ချစ်မိသွားကြပြီ။အသည်းအသန် ချစ်ကိုချစ်မိနေကြပြီ။ဘယ်လိုလုပ်ကြမလဲ။

သူငယ်ချင်းဆိုတဲ့ သံယောဇဉ်ကို သိသိကြီးနဲ့တစ်သက်မှာ တစ်ခါပဲချစ်မိတဲ့ ဒီချစ်သူလေးအတွက် ငါ ဘယ်တော့မှ အလျှော့မပေးနိုင်ဘူး။နောက်မဆုတ်ချင်ဘူး။မင်း အ

www.burmeseclassic.com

www.burmeseclassic.com



ရင်တွေ့တာ…။မင်းအရင်ချစ်တာ…။ငါကနောက်မှတွေ့ပြီး နောက်မှချစ်တာတွေလည်း စဉ်းစားမနေချင်တော့ပါဘူး သ တိုးကြီးရယ်…။ငါ့ကိုခွင့်လွှတ်တော့…။

ကြည်မင်းခေါင်သည် ကတ်ပြားလေးကိုကိုင်၍ ငိုင် ၍ အကြာကြီးတွေးနေမိလေသည်။

သူ့ဘာသာ ခင်ဝေးဝေးခင်ပဲဖြစ်ဖြစ်။သတိုးရဲ့ခင် ဝေးပဲဖြစ်ဖြစ်။ကြည်မင်းခေါင်အတွက်တော့သူမဟာ ကြည် မင်းရဲ့ ဖန်လုံးလေးပဲ…။

"ကိုကြည်မင်း ကျွန်မကို ဗီဒီယိုခွေလေးရှာပေးဦး လေ၊The Hunting နဲ့၊Step Mum နဲ့၊ဒီနေ့ နှစ်ကားပဲ ကြည့်တော့မယ်၊မနက်ဖြန် မနက်ကျရင် မေမေ့ အသိရဲ့သားတွေ ပဒ္မင်းခံတာတဲ့သိမ်ဆင်းသွားလောင်း ဖို့မနက်ရှစ်နာရီလောက်အရောက် ဘုန်းကြီးကျောင်း သွားရမှာမို့ အစောကြီးအိပ်ရာကထစရာရှိတာနဲ့ သုံးကား မိုးလင်းတောင် ကြည့်ချင်တာကြည့်လို့မ ရတော့ဘူး"

ဖန်လုံးလေးကား ထုံးစံအတိုင်း အကျိုးအကြောင်း တွေနဲ့ စကားတွေ အများကြီး တတွတ်တွတ်ဆက်ပြောနေ



ပါသည်။

"ခဏလေးစောင့်နော်၊ရှာပေးမယ်"

ကြည်မင်းခေါင်သည် ကောင်မလေးကိုကျောခိုင်း ၍ဗီဒီယိုခွေရှာစင်များမှ ဗီဒီယိုအခွေတွေကို ရှာရင်း ကိုယ့် ဘက်က သေချာအောင် သတိုးနဲ့ယှဉ်လို့ရအောင် ကိုယ့်အချစ် ကိုလည်း ဖွင့်ပြောမှဖြစ်တော့မယ်။ငါ ခြေလှမ်းနှေးနေလို့မ ရတော့ဘူး။နောက်ကျလို့မဖြစ်တော့ဘူး။မျိုးကျော့မြိုင်ရဲ့ သီ ချင်းလိုပဲ နောက်ကျတာတဲ့အကျင့်ဟာဘယ်လိုမှမကောင်း နိုင်ဘူးဆိုတာမျိုးပဲ။

ဟုတ်တယ်။ငါက နောက်မှတွေ့ရတာပေမယ့်နောက် ကျလို့တော့မဖြစ်ဘူး။ခုလောလောဆယ်မှာ ဖန်လုံးလေးဟာ သတိုးကိုရွေးချယ်သေးတာမဟုတ်ဘူး။ဒီတော့ သတိုးနဲ့ယှဉ် ရင် ငါဟာဘာဂုဏ်ဒြပ်တွေမှ မရှိပေမယ့် ဖန်လုံးလေးဟာ ငတာသနတွေမက်တဲ့ပုံစံမျိုး မဟုတ်ဘူးဆိုတာ ငါလေ့လာနိုင် ခဲ့သားပဲ။ယောကျ်ားတစ်ယောက်မှာ ငွေကြေးချမ်းသာကြွယ်ဝ နေတာထက် မိန်းမတစ်ယောက်ကိုတင့်တောင့်တင့်တယ်ထား နိုင်တဲ့ အရည်အချင်းမျိုး ရှိနေဖို့ကအရေးကြီးပါတယ်ဖန်လုံး လေးရယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကို မင်းလို အလုပ်အကိုင်ကြီးကြီးမားမားလုပ်နေပြီး ပညာသိပ်တတ်တဲ့ မိန်းကလေးမျိုးက ဝေဖန်ပိုင်းခြားနိုင်မှာပါ။

"မနက်ဖြန်ကျရင်တော့ သုံးကားငှားမယ်"

"ဖြည်းဖြည်းအေးအေးဆေးဆေးကြည့်ပါ ခင်ဝေးဝေးခင်ရယ်၊ကျွန်တော်တို့ ဗီဒီယိုခွေဆိုင်ကထွက်မပြေးသေးပါဘူး"

"နာမည်ကို အရှည်ကြီး ခေါ်နေတယ်၊ မမောဘူးလား"

"အရှည်ကြီးပဲ ခေါ်စေချင်လို့နာမည် အရှည်ကြီးမှည့်ထားတာမဟုတ်ဘူးလား"

"နာမည်ခေါ်ရတာရှည်လို့ အားနာပြီးပြောတာပါ"

"ကျွန်တော်ကတော့ ခင်ဝေးဝေးခင်ဆိုတဲ့ နာမည်ထက် ကျွန်တော့်ဘာသာ မှည့်ပေးထားတဲ့ နာမည်ကိုခေါ်ချင်တာ"

"ဘာနာမည်လဲဟင်"

"အင်း…"

ကြည်မင်းခေါင်သည် ပါးစပ်က ရုတ်တရက်ကြီး





ထုတ်ပြောရမှာ မဝံ့မရဲဖြစ်နေလေသည်။သူ့တစ်သက်တွင် တစ်ခါမှ ရင်မဆိုင်ရဖူးသော၊မကြုံဖူးသော အရဲမစွန့်ဖူးသော ဤအတွေ့အကြုံသစ်သည် တကယ့်တကယ်ကျတော့ နှုတ်မရဲသေးပေ။စိတ်ကသာ ဘယ်လောက်ပဲ တိုက်တွန်းနေခဲ့ပါစေ နှုတ်က မထွက်ရဲ၊မပြောရဲ…။

"သိပ်မကြာခင်မှာ အဲဒီနာမည်ကိုပြောပြပါ့မယ်"

ကောင်မလေးက သူ့ကို ခပ်ရူးရူး စိုက်ကြည့်ပြီးအကဲခတ်တော့ သူက မလုံမလဲဖြင့်…

"ကောင်းတဲ့နာမည်ပါ၊Nick Name ပေးမယ့် လုပ်ပါတယ်"

"အခု ဘာလို့ မပြောပြလဲ"

"နောက်မှ ပြောပြပါ့မယ်ဆိုမှကွာ၊လိမ္မာပါတယ်၊အခု မသိချင်နဲ့နော်"

"ဟာ…ဘာတွေမှန်းလဲ မသိဘူး"

ခင်ဝေးဝေးခင်သည် ဗီဒီယိုခွေလေးတွေ ထည့်ထားတဲ့၊Video Ezy တံဆိပ်ပါတဲ့ကြွပ်ကြွပ်အိတ်ကိုကောက်ကိုင်လိုက်ပြီးနောက်မျက်မှောင်လေးကြုတ်ကာ ထွက်သွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည်မင်းခေါင်ကတော့ပြောလည်းပြောချင်၊မျက်နှာချင်းဆိုင်လည်း မပြောရဲခဲ့သော သူ့ကိုယ်သူ ပြန်မုန်းတီးလျက်သူကလေးစိတ်ဆိုးသွားပြီလားလို့ စိတ်တထင့်ထင့်ဖြစ်နေရတော့၏။

နောက်ဆုံးတော့ သတိုးကို ရှုံးရမှာကြောက်တာထက် ကိုယ်သိပ်ချစ်နေရတဲ့ ချစ်သူကိုဆုံးရှုံးရမှာကြောက်သော ကြည်မင်းခေါင်ဟာ အဲဒီနေ့ရဲ့ ညဘက်မှာပဲ ခင်ဝေးဝေးခင်ဆီ ဖုန်းဆက်ခဲ့ပါတော့တယ်။

"ခင်ဝေးဝေးခင်လို့ မသိခင်ကတည်းက ချစ်စနိုးနဲ့ နာမည်လေးတစ်ခုပေးထားခဲ့မိပါတယ်.....

အဲဒီနာမည်လေးက ဖန်လုံးလေးတဲ့...၊ဘာဖြစ်လို့ အဲဒီနာမည်လေးပေးလဲဆိုတော့ မျက်နှာလုံးလုံး၊နှုတ်ခမ်းလုံးလုံးနဲ့ မျက်လုံးဝိုင်းဝိုင်းလေးတွေနဲ့ ချစ်ဖို့ကောင်းနေတဲ့ ကောင်မလေးဟာ ကျွန်တော့်



မျက်စိထဲမှာ ဖန်လုံးကြည်ကြည်လေးနဲ့တူနေသလို ခံစားရတယ်.....

ချစ်စနိုးနာမည်ပေးတယ်ဆိုတာ ချစ်လို့ပေါ့ ဖန်လုံးလေးရယ်၊ဒီတစ်ယောက်ကိုပဲ တစ်ခါပဲချစ်ဖူးတာပါ၊ယုံပါလို့မပြောပါဘူး၊ဒါပေမယ့် ကျွန်တော် ညာပြောတာတော့ မဟုတ်ပါဘူး.....

ကျွန်တော် မြင်မြင်ချင်းချစ်သွားတယ်ဆိုတဲ့ စကားကို အယုံအကြည်မရှိခဲ့ပေမယ့် ကျွန်တော့်အလှည့်ကျတော့ ဖန်လုံးလေးကိုမှ မြင်မြင်ချင်း ချစ်သွားမိတာမို့ အဲဒီစကားကို အဲဒီတော့မှ ယုံသွားပါတယ်၊တကယ်ပါ၊မြင်မြင်ချင်းလဲ ချစ်သွားပါတယ်၊ တကယ်လဲချစ်ပါတယ်၊မြတ်မြတ်နိုးနိုးနဲ့ ချစ်ရတာပါ ဖန်လုံးလေးရယ်"

ကြည်မင်းခေါင်၏ ဖုန်းထဲမှပြောသော ရင်ဖွင့်စကားများကို ကောင်မလေးက ယဉ်ယဉ်ကျေးကျေးပင် လက်ခံနားထောင်ပေးခဲ့သည်။

သတိုးနဲ့ သူတို့ မကြာခဏဆုံပေမယ့် ကြည်မင်း

www.burmeseclassic.com

www.burmeseclassic.com

ခေါင်သည် ဒီကိစ္စကို အသိမပေးဘဲ လျှို့ဝှက်ထားခဲ့ပါသည်။

သတိုးကိုသာ မပြောပြခဲ့ပေမယ့် တိမ်တိုက်ကိုတော့ တိုးတိုးတိတ်တိတ်ပြောပြခဲ့ပါသည်။သတိုးကလည်း သူ့ခံစားချက် သူ ရင်ဖွင့်။ကြည်မင်းခေါင်ကလည်း သူ့ရဲ့ဖန်လုံးလေး အဖြစ်နာမ်စားသုံးလျက် ရင်ဖွင့်။

တိမ်တိုက်တစ်ယောက်တည်းသာ သူတို့ရဲ့ ရင်ဖွင့်ခြင်းများကို ဒိုင်ခံနားထောင်။

"ကောင်းတယ်...များများခံစားကြ ရင်ဖွင့်ကြစမ်း ကွာ၊ငါ့အတွက်သီချင်းတွေ အများကြီးရတယ်၊ကုန်ကြမ်းတွေ...ကုန်ကြမ်းတွေ"

လို့ပြောရင်း တိမ်တိုက်ဟာ ငါ ဘာလို့ သူတို့လိုမချစ်တတ်သေးတာလဲ ဆိုတာမျိုး တွေးတော့တွေးမိပါရဲ့။ဒါပေမယ့်...ချစ်ကြည့်ဖို့တော့ စဉ်းကိုမစဉ်းစားခဲ့ချေ။

# အချစ်ကြိုးနဲ့ပါတ် (၃)

တိမ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

(၁)

တိမ်တိုက်သည် နောက်ဆုံးနှင့်လတ်တလောဖြစ်ရပ်တစ်ခုဖြစ်နေသည့် သူနှင့်ခင်ဝေးဝေးခင်၏ အကြောင်းအရာတို ပြောရတော့မည်ဆိုလျှင် ရှိနေသမျှအားအင်တွေကုန်ခန်းသွားသလိုခံစားရလျက် ခုနက ခဏလေးမေ့သွားခဲ့သော… သတိုးနဲ့ ကြည်မင်းတို့ရဲ့ အကြောင်းတွေပြောနေချိန်မှာ အနည်းငယ်မေ့သွားသလိုဖြစ်သော…။သူ့ရင်ထဲက စိုးရိမ်ဆွေခွဲမရခြင်းတည်းဟူသော ခံစားချက်အား တစ်ဖန်ပြန်၍ကြုံတွေ့ရင်ဆိုင်ရလေပြီ။

"မင်းနဲ့တွေ့တာက မြန်လှချည်လား၊ကြည်မင်း" အ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းတောင် သိပ်မကြာလိုက်ဘူး”

“ဟုတ်တယ်၊ကြည်မင်းက ဘာမှ ပြောစရာမရှိ[illegible]
လေ၊သူက ဗီဒီယိုခွေဆိုင်မှာထိုင်စောင့်၊ကောင်မ[illegible]
က ဗီဒီယိုခွေလာငှားနဲ့ အဲ့ဒီလို လည်ပတ်နေတ[illegible]
ကောင်မလေးဟာ…ခင်ဝေးဝေးခင်မှန်း သိသိ[illegible]
သူက ဖွင့်ပြောလိုက်တာပေါ့၊သတိုးကမှ သုံး[illegible]
ငါးလလောက်ကြာပြီးမှ ဖွင့်ပြောတာ၊ကြည်မင်း[illegible]
တော့ တစ်လကျော်လေးပဲရှိသေးတယ်၊သူ နော[illegible]
ကျမှာစိုးလို့ဆိုပြီး မြန်မြန်ဖွင့်ပြောလိုက်တယ်”

“အဲ့ဒီနောက်ပိုင်းကျတော့ရော…”

“ဘယ်တွေ့တော့မလဲ၊ကောင်မလေးက သူ့ကိုကြ[illegible]
မင်းက ဖုန်းထဲကနေလဲ ရည်းစားစကား ပြော[illegible]
ဆိုင်ကို လုံးဝမလာတော့ဘူးတဲ့၊ငှားသွားတဲ့ ဗီဒီ[illegible]
ခွေတွေကို သူ့အဖေကိုပဲအပ်ခိုင်းလိုက်ပြီး လုံး[illegible]
ထပ်လာမငှားတော့ ကြည်မင်း လွမ်းတော့တာ[illegible]
ဆုံတိုင်း သူ ရင်ဖွင့်တယ်…”

အဲ့ဒီလိုပဲ သတိုးကလဲခင်ဝေးဆီ ဖုန်း[illegible]
တိုင်း အိမ်ဖုန်းဆို သူလာကိုင်တာ မကြုံရဘူး[illegible]





အိမ်က လူတစ်ယောက်ယောက်ကိုင်တာ ကြုံပြီးခင်ဝေးမရှိတာ၊မအားတာတွေပဲ အကြောင်းပြတာ ကြုံရတယ်တဲ့၊ရုံးခန်းဖုန်းဆိုလဲ ခဏပဲပြောရတယ်တဲ့၊ခင်ဝေးက အလုပ်ရှိလို့၊ဧည့်သည်လာလို့နဲ့ အလိမ္မာသုံးပြီး ရှောင်တတ်တယ်တဲ့…

ကြည်မင်းဖုန်းဆက်လဲ အဲ့ဒီအတိုင်းပဲတဲ့”

“သူတို့က အဖြေတွေ တဂျီဂျီတောင်းတယ် ထင်တယ်”

“ဟုတ်တယ်၊ကောင်မလေးက ကျွန်မ မစဉ်းစားချင်သေးဘူးလို့ ငြင်းသားပဲ၊အဲ့ဒါကို ဒီကောင်တွေက ဘာပြောသလဲဆိုရင် ကောင်မလေး စဉ်းစားတဲ့အချိန်ထိ ဖွဲ့ရှိရှိနဲ့ စောင့်ပါ့မယ် စောင့်ချင်တယ်တဲ့လေ”

“သူတို့နှစ်ယောက်စလုံး ကောင်မလေးတစ်ယောက်တည်းကို ပြိုင်တူကြိုက်နေတာ မင်းကသိတယ်၊သတိုး မသိဘူး၊ကြည်မင်းလဲသိနေတာပေါ့”

“ဟုတ်တယ်၊သတိုးမသိဘူး အစ်ကိုကြီး၊ကြည်မင်းက ကျွန်တော့်ကိုပဲ တိုးတိုးတိတ်တိတ် ပြောပြပြီး သတိုးကို အားနာလို့ မပြောနိုင်းတော့ ကျွန်တော်လဲ



www.burmeseclassic.com

www.burmeseclassic.com



မပြောခဲ့ပါဘူး၊သူတို့ကိုစွပဲလေ....

ဒါပေမယ့်...သုံးယောက်ဆုံတိုင်း သူတို့
ယောက်က ကိုယ့်ကောင်မလေးအကြောင်းကိုယ်ပြော
ကြတာမို့ သူတို့ရဲ့ အခြေအနေမှန်ကိုတော့ သိနေ
ခဲ့ပါတယ်"

"မင်းနဲ့ကျတော့ ဘယ်လိုတွေ့တာလဲ"

"တွေ့တာက တစ်ပတ်ပဲရှိသေးတယ်"

"ဟ...မင်းက ပိုတောင်မြန်သေး"

မနက် ငါးနာရီခွဲကျော်ကျော်ကတည်းက ထိုင်စကား
ပြောနေသည်မှာ အခုဆိုရင် ခုနစ်နာရီပင်ထိုးခါနီးတော့မည်

တိမ်တိုက်ကား ပြောရတာ မောလည်းမမောသေး
အိပ်လည်းမအိပ်ချင်လာသေး။အစ်ကိုကြီးလည်း အိပ်ချင်စိတ်
ပျောက်ပြယ်ပြီး သူတို့၏ အဖြစ်အပျက်ထဲမှာ နစ်မြောနေလေပြီ

"ဒါပေမယ့် ကျွန်တော်က သူတို့ထက် တွေ့တာ
နောက်ကျပါတယ်၊ပြီးတော့ ခုထိလဲဖွင့်မပြောရသေး
ဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ သူ့ကို ခင်ဝေးဝေးခင်တ



သိလိုက်ကတည်းက ကျွန်တော် သူ့ကိုရှောင်နေလိုက်
မိတယ်လေ"

"မင်း တကယ်ချစ်တယ်မဟုတ်လား၊ဘာလို့ ရှောင်
ရတာလဲ"

"ကျွန်တော် ဝေခွဲမရဘူး"

တိမ်တိုက်က သက်ပြင်းတစ်ချက်ချရင်း သူနဲ့တွေ့
ခဲ့ပုံကို စပြီးပြောပြတော့သည်။

တိမ်တိုက်သည် အိမ်ရာကဖျတ်ခနဲနိုးတော့ နာရီကို
ကြည့်လိုက်ပါသည်။မနက် ဆယ်နာရီခွဲကျော်ကျော်တောင်
မယ့် သူ အိပ်ရေးမဝသေးပါ။အရှင်းဆုံးပြောရရင် သေ
သချာချာကို မအိပ်ရသေးတာလည်း ပါပါသည်။

သူ မနက် ခြောက်နာရီလောက်မှ အိပ်ရာဝင်ခဲ့တာ
သည်။**Backstreet Boys** အဖွဲ့၏ **I Want It That Way**
ည်ရှိ သီချင်းကို ကော်ပီသီချင်းအဖြစ် စာသားထည့်ရေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်နေအောင်လိုက်နဲ့မို့ ထုံးစံအတိုင်း သူ အိပ်ဖို့မေ့လျော့ပြီး တစ်ညလုံးကုန်သွားခဲ့တော့သည်။

သီချင်းတစ်ပုဒ်လည်းရရော မနက်ခြောက်နာရီထိုးခါနီးနေတာကို သိပေမယ့် တိမ်တိုက်ကား အံ့သြမနေ။ဂရုစိုက်မနေပါ။သူ့အတွက် အိပ်ချိန်ဆိုတာ ဘယ်တုန်းကမှ အတိအကျမရှိခဲ့ဖူး၍တည်း။

မနက်ခြောက်နာရီကျမှ အိပ်ရာဝင်သော်လည်း လူကကောင်းကောင်း အိပ်မပျော်။နိုးလိုက်၊အိပ်ပျော်လိုက် နာရီကြည့်လိုက်၊စိတ်တိုလိုက်နဲ့ ဖြစ်နေခဲ့၏။

အခု မနက်ဆယ်နာရီခွဲ ကျော်ကျော်မှာ ဖျတ်ခနဲပြန်နိုးပြန်ပြီ။ဗိုက်ကလည်း တော်တော့်ကိုဆာနေပြီဖြစ်ရာ အိပ်ချင်မူးတူးဖြင့် တစ်ခုခုစားဖို့ ထရလေသည်။

ရေခဲသေတ္တာထဲကြည့်လိုက်လျှင်…

"ဟာ…ရှစ်ထိတ်ပဲမှပဲ၊ဘာမှ မရှိပါလား၊ကြည့်စမ်းဈေးဝယ်ဖို့ ငါမေ့ထားတာကိုး"

တိမ်တိုက်သည် သူ့အားပြောင်သလို လှောင်သလိုကြည့်နေသော ပန်းသီးတစ်လုံးနဲ့ ရေပုလင်းနှစ်လုံးကို ကြောင်ငေးကြည့်လျက် ရေရွှတ်လိုက်မိသည်။



ပန်းသီးကိုယူပြီး တဂျွမ်းဂျွမ်းဝါးကာ နံရံကပ်ဗီရိုထဲကို ဖွင့်ကြည့်လိုက်ပြန်သည်။

ခေါက်ဆွဲခြောက်ထုပ်တွေ၊ ခေါက်ဆွဲခြောက်ဘူးတွေသည်း တစ်ခုမှ ရှိမနေတော့။

နက်(စ်) ကော်ဖီပုလင်း၊နို့မှုန့်ဘူး၊သကြားပုလင်းနှင့် Lipton တံဆိပ် Tea Bag ဘူးများက သူ့ကိုကြိုဆိုနေကြပေမယ့် သူ ဒါတွေချည်းပဲ သောက်လည်း ဝ,မည်မဟုတ်။

ညကတည်းက ညစာလည်း ကောင်းကောင်းမစားခဲ့။တစ်ညလုံး သီချင်းရေးတော့လည်း ကော်ဖီနဲ့ လက်ဖက်ရည်တွေသာ တစ်လှည့်စီသောက်နေခဲ့တာဖြစ်သည်။

လူကဆာတာရော၊အိပ်ချင်စိတ်နဲ့ ခေါင်းထဲမကြည်လင်တာရော ပေါင်းကာ မေ့မေသာရှိရင်ဘယ်လောက်ကောင်းလေလဲလို့ သတိရသွားခဲ့ပါသည်။ဖေဖေကတိမ်တိုက်အသက်နှစ်ဆယ်မှာ ဆုံးပါးသွားပြီးနောက် အကြာကြီး မေမေနဲ့အတူတူနေခဲ့ရာမှ မနှစ်ကမှ မေမေပါဆုံးပါးသွားခဲ့ရာ သူ့ဘဝမှာ အတွယ်တာရဆုံး မည်သည့် တစ်ဦးတစ်ယောက်မျှသက်ရှိထင်ရှား မရှိတော့တဲ့ အထီးကျန်ခြင်းကို အမြဲတစေ စိတ်မညစ်ပေမယ့် အခုလိုနေ့မျိုးတွေမှာဆိုရင်တော့ စိတ်ညစ်နေ

www.burmeseclassic.com



တတ်ပြီးအထူးသဖြင့်မေမေ့ကို ပိုပြီး သတိရတတ်လေသည်။

တိမ်တိုက်သည် လူက ငြီးစီစီဖြစ်နေပေမယ့် ရေလည်းချိုးချင်စိတ် မရှိသေး။အပျင်းထူထူနှင့် သူ့ တိုက်ခန်းနဲ့ အနီးဆုံးဖြစ်သည့် Shopping Centre ကြီးဆီ ကားမောင်းထွက်လာလိုက်ပါသည်။

ရှော့ပင်းစင်တာ(Shopping Centre)ထဲ ရောက်တော့ သူက ဘယ်ပစ္စည်းတွေကိုမှ ငေးမောမနေ။အစားအသောက်တွေရောင်းသည့် အထပ်ကိုသာတက်ဖို့ စက်လှေကားဆီ တန်းသွားလိုက်သည်။

သူက စက်လှေကားဆီသာ အာရုံစိုက်၍ဝင်လာရာ အိပ်ချင်မူးတူးလည်းဖြစ်နေရာ သူသည် ခေါင်းထဲမှာ မူးနောက်နေပါသည်။

ရုတ်တရက်တွင် သူနဲ့ မိန်းမကြီးတစ်ယောက်မျက်နှာချင်းဆိုင်ဝင်တိုးမိရာ တိမ်တိုက်သည် လိုအပ်တာထက်ပိုပြီးလန့်ဖျပ်သွားသလို ဖြစ်ပြီး ဝင်မတိုက်မိအောင် ကမန်းကတန်းပင် ဘေးကို ရှောင်ပေးလိုက်ပါသည်။အရှောင်မကောင်းဘဲ ကံဆိုးစွာပင် တိမ်တိုက်၏ နံဘေးမှ မှန်ကောင်တာ၏ထောင့်စွန်းကို သူ၏ တင်ပါးနံဘေးတစ်ဘက်ရှိ အရိုးကိုပြင်းထန်ထန်ဝင်တိုက်မိတော့လေသည်။





တင်ပါးရိုးသည် ပြင်းပြစွာနာကျင်သွားသဖြင့် တိမ်တိုက်သည် ဣန္ဒြေမဆည်နိုင်ဘဲ ထိုအရိုးကို လက်တစ်ဘက်ဖြင့် အုပ်ကိုင်ပြီး…

"အား ကျွတ်…ကျွတ်…နာလိုက်တာ"

ကောင်တာမှ ကောင်မလေးသည်ပြုံးစိစိနှင့် သူ့ကိုကြည့်နေ၏။

တိမ်တိုက်နှင့် ဝင်တိုးသော ခပ်ဝဝ အမျိုးသမီးကြီးကတော့ ကရုဏာသက်သလိုဖြင့်…..

"ဟယ်…ဝင်တိုက်မိတာ နာသွားပြီကွယ်၊မင်း အန်တီ့ကိုရှောင်လိုက်လို့ မှန်ပေါင်ကြီးကို သတိမထားမိဘဲ ဝင်တိုက်မိတာ…..

ကျေးဇူးပါပဲကလေးရယ်၊မင်းသာ မရှောင်ဘဲ ဝင်တိုက်လိုက်မယ်ဆိုရင် အန်တီ့လက်ထဲမှာကိုင်ကြည့်နေတဲ့ ကြွေပန်းအိုးလေးလွတ်ကျပြီး ကွဲရင်ကွဲသွားနိုင်တယ်၊အလျော်လဲ ပေးရမှာဆိုတော့အလကားကိုယ်လဲမရဘဲ ငွေကုန်ဦးမယ်"

စကားလုံးများက တိမ်တိုက် လုံးစေ့ပတ်စေ့မကြား



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ပြန်လည်းမပြောအား၊ခေါင်းလည်း ညိတ်မပြအား၊တင်ပါးရိုးကိုသာဖိရင်းတရှူးရှူးတကျွတ်ကျွတ်ညည်းညူနေမိလေသည်။ဒီနေ့ ကံမကောင်းဘူး။ဗိုက်ကလည်းဆာလွန်းနေတဲ့အချိန်မှာ အိမ်မှာ ဘာမှ စားစရာကလည်းမရှိ။အိပ်လို့လည်းမပျော်နိုင်။အိပ်ရေးလည်း မဝ။သူများနဲ့ ဝင်တိုက်မိတော့လည်း ရှောင်လိုက်တာ အရှောင်မကောင်းဘဲ တင်ပါးသားဘက် နံရိုးနဲ့ မှန်ပေါင်စွန်းနဲ့ ဝင်တိုက်တော့ အသည်းခိုက်အောင်၊အီစိမ့်နေအောင် ခံရပြန်ပြီ။

"ဘယ်လိုနေသေးလဲ ကလေး၊အရမ်း နာနေတယ်ထင်တယ်၊အန်တီ့မှာ ပရုပ်ဆီတော့ပါတယ်၊ယူလိုက်ပါလား၊Toilet ထဲမှာ သွားလူးလိုက်လေ၊ပူသွားရင်တော့သက်သာသွားမှာပါ၊ပရုပ်ဆီဘူးလေးလဲ ပြန်ပေးမနေနဲ့တော့ ယူသာသွားလိုက်၊နေ့တိုင်း မှန်မှန်လေး လူးပေးရင် သုံးလေးရက်ဆို မနာတော့ပါဘူးရှော့....ရှော့"

အမျိုးသမီးကြီးက သူ့လက်ကိုင်အိတ်အကြီးကြီးထဲမှ **Mentho Plus** အမည်ရှိ နိုင်ငံခြားဖြစ်ပရုတ်ဆီဘူးလေးကို အတင်းထုတ်ပေးလေသည်။



တိမ်တိုက်က ဒီတော့မှ ကြိုးစား၍ပြုံးပြရင်း...

"ဟာ...နေပါစေအန်တီ၊ရပါတယ်၊ကျွန်တော် မယူတော့ပါဘူး"

"အားမနာပါနဲ့ကလေးရယ်၊အန်တီ့မှာအများကြီး ရှိပါတယ်၊ယူပါ...ဆေးလှူတဲ့သဘောပေါ့"

"မဟုတ်ပါဘူး၊ကျွန်တော်အရေးကြီးတဲ့ကိစ္စ ရှိလို့အလျင်လိုနေတာခင်ဗျ၊ဒါကြောင့် Toilet ရှာပြီး ပရုတ်ဆီလူးဖို့ အချိန်လဲမရှိလို့ပါ၊အိမ်ရောက်မှပဲ လူးပါ့မယ်၊ကျွန်တော့်မှာလဲ ဒဏ်ကြေလိမ်းဆေးတွေရှိပါတယ်၊အန်တီ့ရဲ့ စေတနာကို အရမ်းကျေးဇူးတင်ပါတယ်ခင်ဗျာ"

"သက်သာရဲ့လားကလေးရယ်..."

"ဟုတ်ကဲ့၊ခုနက ချက်ချင်းကြီးမို့ အရမ်းနာသွားတာပါ၊အခု တော်တော်သက်သာသွားပါပြီ၊ဒြော်...အန်တီ၊ကျွန်တော့်ကိုခွင့်ပြုပါဦး ခင်ဗျာ၊ကျွန်တော် အရေးကြီးတဲ့ ကိစ္စရှိလို့ပါ"

တိမ်တိုက်သည် အမျိုးသမီးကြီးကို မြန်မြန်စကားဖြတ်၍ နှုတ်ဆက်ခဲ့ပြီးနောက်စက်လှေကားပေါ် အမြန်နင်း

www.burmeseclassic.com

www.burmeseclassic.com



တက်လိုက်တော့သည်။

တင်ပါးရိုးက နာတော့နာသေးတာပဲ။ဒါပေမယ့် ဝယ်စရာရှိတာတွေကလည်း မဖြစ်မနေ ဝယ်ရဦးမှာမို့ အပေါ်ထပ်ရှိ စားသောက်ကုန်တွေ ရောင်းတဲ့ဆီတက်လာရတာပေါ့။နှိုနို့အိမ်မှာ စားစရာရှိလို့ကတော့ ဒီလောက် နာကျင်နေရက်နဲ့လူက ခုနကထက် ပိုမူးလာရက်နဲ့ အပင်ပန်းခံ၊ကိုယ့်ကိုကိုယ်နှိပ်စက်ပြီးဈေးဝယ်ဖို့ စဉ်းစားတော့မည်မဟုတ်ချေ။

တိမ်တိုက်သည် သူ့အိမ်မှာ အများဆုံးစားထားနေကျ ခေါက်ဆွဲခြောက်ထုပ်နှင့်ခေါက်ဆွဲခြောက်ဘူးတွေကို အရင်ဆုံးဝယ်မည်ဟု စိတ်ကူးပြီး အဲဒီပစ္စည်းတွေတင်ထားရာ အတန်းဘက်ဆီလျှောက်လာခဲ့ပါသည်။သူ့လက်ထဲက ဈေးဝယ်သော ပလတ်စတစ်ခြင်းတွင် ဘာမှ မရှိသေး။

ခေါက်ဆွဲခြောက်တွေပြီးလျှင် ငါးသေတ္တာဝယ်မည်။ဘီစကစ်မုန့်ပုံးတစ်ပုံးလောက် ဝယ်ထားမည်။ဘီစကစ်ကို ကြိုက်လှတယ်လည်းမဟုတ်။တစ်ခါတလေ ပျင်းလွန်းလို့ခေါက်ဆွဲ တောင်ပြုတ်မစားချင်လျှင် ဘီစကစ်တွေချည်းထိုင်စားပစ်တတ်သောအကျင့်ရှိ၍ဝယ်ထားရတာပေါ့။ပန်းသီးဝယ်ရမည်။အအေးဘူးတွေ ဝယ်ရမည်။တိမ်တိုက်သည် ဝယ်စရာရှိ





သည်များကို ခေါင်းထဲတွင် အစီအရီတွေးလျက် ခေါက်ဆွဲထုပ်တွေတင်သော အတန်းကိုရောက်သောအခါ ချိုးကွေ့ဝင်လိုက်လျှင်…

“ဒုတ်…”

“အား…သေပါပြီဗျာ…”

“ဟယ်…တိုက်မိသွားပြီ”

တိမ်တိုက်သည် ဈေးဝယ်သော တွန်းလှည်းခြင်းကြီးနှင့် သူ၏ ညို့သကျည်းတို့ ပြင်းထန်စွာဝင်တိုက်မိလိုက်ခြင်းကြောင့် အသည်းခိုက်အောင် နာကျင်လျက် မျက်နှာမှာရှုံ့မဲ့လို့၊လူက တအားအားအော်ဟစ်ညည်းညူလို့ ညို့သကျည်းကို ခါးကိုင်း၍ ဖိနှိပ်နေမိပါသည်။

နာလိုက်တာ…"နာလိုက်တာ။သေသွားမလောက်နာပါတယ်။တာကယ်…။ခုနက တင်ပါးဆုံဘေးကအရိုးကိုဆောင့်မိပြီး နာတာထက် အဆတစ်ရာလောက်ပိုနာပါတယ်။ညို့သကျည်းကိုဆောင့်ကန်ခံရသလိုပဲ။ကျွတ်…ကျွတ်။သေပါပြီ…သေပါပြီ။

တိမ်တိုက်သည် ပတ်ဝန်းကျင်ကို ဂရုမစိုက်နိုင်တော့ သူ့ဘာသာအတွေးတွေနဲ့ စိတ်ထဲမှာ အလုပ်ရှုပ်နေရင်း ခြေ



www.burmeseclassic.com

www.burmeseclassic.com



သလုံးက အသည်းခိုက်အောင်နာနေတာကိုပဲ ဂရုစိုက်နေမိပါ
သည်။

"ဆောရီး...ဆောရီး၊ကျွန်မ အားနာလိုက်တာ၊စိတ်
မကောင်းလိုက်တာရှင်၊ကျွန်မလဲ အငေးလွန်ရင်း ချိုး
ကွေ့လိုက်မိတယ်၊တကယ်ဆို ဒီဘက်ကိုချိုးဝင်လာ
မယ့် တစ်ယောက်ယောက် ရှိမရှိကိုအရင်လှေ့လာ
သတိထားပြီးမှ တွန်းလှည်းကို ချိုးကွေ့သင့်တာပါ
သိပ် နာသွားလားဟင်၊ညို့သကျည်းကိုထိတာထင်
တယ်၊ ညို့သကျည်းကို ထိရင် အသည်းခိုက်အောင်
နာတာ မျိုးနော်၊ကျွန်မ တကယ်စိတ်မကောင်းပါ
ဘူး"

စိတ်မကောင်းရင် လဲသေလိုက်။တိမ်တိုက်သည် နာ
လည်းနာ။(လူကနှစ်ခါနာမှ)စိတ်လည်းတိုကာ စက္ကန့်လေး
နည်းငယ်အတွင်းမှာ စကားလုံးများစွာပြောသွားသော အင်
တန်စကားများလွန်းသည့်မိန်းမငယ်ကို စိတ်ထဲမှ ပြန်ဆဲ
လိုက်မိလေသည်။

သူ့ထက် အသက်များစွာ ငယ်ပုံရမည့်ထိုမိန်းကလေး
ကတော့ သူမ၏အမှားကြောင့် မျက်နှာချိုသွေးသလို၊နှုတ်ခမ်း



ကိုအစွမ်းကုန်ဖြဲလျက် သွားတွေအကုန်ပေါ်အောင် ပြုံးပြနေ
ပါသည်။

အနီရောင် ရဲရဲပေါ်မှာ အနက်ရောင်အပွင့်ကြီးတွေကွဲ
ကွဲပါသော စကတ်ရှည်နှင့်၊အနက်ရောင် လည်ပိတ်စပို့ရှပ်
ကိုယ်ကျပ်တို့ကိုဝတ်ဆင်ထားသော ကောင်မလေးမှာ တိမ်
တိုက်က သူမအားမော့ကြည့်ရင်း ခါးကိုင်းနေရာမှ ပြန်မတ်
တော့ ဘာပြောမလဲလို့ စောင့်မျှော်သည့် မျက်လုံးဝိုင်းဝိုင်း
လက်လက် များနှင့်...။

တိမ်တိုက်သည် လူက စိတ်အလိုလိုတိုနေပြီဖြစ်ရာ
ဘာမှ ပြောချင်စိတ်မရှိတော့ဘဲ ခပ်ယဲ့ယဲ့တစ်ချက်ပြုံးပြပြီး
ခေါင်းဆတ်၍ နှုတ်ဆက်ကာ ကောင်မလေးအားကျော်ရှောင်
သွားမလို့ ခြေလှမ်းစလှမ်းလိုက်တဲ့အခါ...

"ခြေထောက် ဘယ်လိုနေသေးလဲဟင်၊သက်သာရဲ့
လား၊ကျွန်မအမှားကြောင့် ဖြစ်တာပါ"

စကားဆက်ရှည်နေသော မိန်းမငယ်ကို ဘာမှ ပြန်
ပြောလိုစိတ်လည်း မရှိပါ။

သို့သော် ကိုယ်က ဘာမှ မပြောဘဲ နှုတ်ပိတ်ပြီး
ထွက်သွားပြန်လျှင် ယောကျ်ားမပီသရာကျမည်။သူမကို

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုး၍ အဖက်လုပ်ပြီး စကားမပြောတာပဲဆိုသော သဘော ထား သေး သိမ်မှု ပုံစံမျိုးဖြစ်သွားလိမ့်မည်။

"ရပါတယ်၊ကိစ္စမရှိပါဘူး"

"တကယ်ရရဲ့လား"

တကယ်မရတော့ရော မင်းကဘာလုပ်ပေးနိုင်တာ မို့တ်လို့...။တိမ်တိုက်သည် လက်အံသာကာပြရင်း ခေါင်းသာ ညိတ်လျက် စိတ်ထဲမှ ကန့်လန့်ပြောမိသည်။

ဒီနေ့ အဆင်ကိုမပြောဘူး။ဝင်တိုက်မိတာကနှစ်ခါ။ နှစ်ခါလုံးအိစိမ့်နေအောင်လည်း နာသေး။ပြီးတော့ ဝင်တိုက် မိတဲ့ မိန်းမနှစ်ယောက်လုံးဟာ အရွယ်သာ မတူကြတယ်။ စကားများပုံချင်းကျတော့ တူပါ့။

ခင်သည် ကိုယ့်ကို စကားပင်လေးလုံးကွဲအောင် သေ သေချာချာမပြောဘဲ ကျွေ့ရှောင်ပြီးထွက်သွားလေသော စ လတ်စတစ်ခြင်း အဝါလေးနှင့်သူ့ကို လိုက်ငေးမိပါသည်။

သူ့ရဲ့ ကျောပြင်ပြန့်ပြန့်ကျယ်ကျယ်၊မြင့်မြင့်မားမား ကိုယ်နေဟန်၊ယောကျ်ားပီသချောမောမှုနဲ့ကြည့်ကောင်းသော အသွင်သဏ္ဌာန်တို့ကို တစ်ခဏချင်းအလွတ်မှတ်မိသွားခဲ့ပြီ။

ခင်သည် သူ့ရဲ့ အိပ်ချင်မူးတူးဟန်နှင့်ရီရီဝေဝေ မျက်



လုံးညိုတွေကို..။ပြီးတော့ နာကျင်မှုကြောင့် ရှုံ့မဲ့သွားခဲ့သော မျက်နှာသွင်ပြင်တွေကိုမျက်လုံးထဲတွင် ဖျောက်မရအောင် မြင်လျက် ကရုဏာတွေ တစ်ပုံကြီးဖြစ်ကိုဖြစ်လာတော့တာ အတော် အံ့ဩဖို့ကောင်းသည်။

ခင်သည် ကိုယ်နဲ့ဆုံတိုင်းယောကျ်ားပျိုတိုင်းက ကိုယ့် ကို စိတ်ဝင်တစားကြည့်တာ၊ငေးမောတာကိုခံရလွန်း၍ ဘာ မှ ထူးပြီးမခံစားရဖူးသော်ငြား သူ့ကျတော့ ကိုယ့်ကို အသေအ ချာတောင် ငေးလည်းမကြည့်။စိတ်လည်း မဝင်စား။ဂရုပင် မစိုက်တော့ဘဲ ကိုယ့်အနားက မြန်မြန်ထွက်သွားဖို့သာ စိတ်ကူး သောသူ့ကို ခင်က တစ်ပြန် ထူးထူးခြားခြားပင် စိတ်ဝင်စား မိသည်မှာ ဂုစ်ခဏချင်းပါပဲရှင်။

ခင်သည် ဈေးဝယ်သော တွန်းလှည်းခြင်းကိုဦးတည် ရာ ပြောင်းလဲလိုက်ပါပြီ။

ခင်ဝေးဝေးခင်ဟူသော မိန်းမငယ်သည် သူမစိတ်ဝင် စားသွားမိသည့် ယောကျ်ားပျိုလေးကို နောက်ကနေ လိုက် ငေးဖို့ စိတ်ဆုံးဖြတ်လိုက်တော့သတဲ့...။

www.burmeseclassic.com

www.burmeseclassic.com


တိမ်တိုက်သည် ခြေထောက် ထော့နဲ့နဲ့ကလေးဖြစ်လျက် လက်ကလည်း တစ်ချက်တစ်ချက်မှာ တင်ပါးဆုံရိုးကို ဖိလိုက်ဖြင့် ဒုက္ခိတပုံ လုံးလုံးဖြစ်ကာ ခေါက်ဆွဲခြောက်ထုပ်နဲ့ ခေါက်ဆွဲခြောက်ဘူးတွေကို အလိုလိုနေရင်းဒေါသတကြီးပင် ဆွဲယူ…။ခြင်းတောင်းထဲပစ်ထည့်…။ခေါင်းကလည်း မူးရိပ်ရိပ်ပိုဖြစ်လာသလိုလည်း ခံစားရတာကို စိတ်ပျက်…။ ဗိုက်ဆာလို့ပဲ ခေါင်းကပိုမူးလာသလား။ဒဏ်ရာ နှစ်ခုဆီက နာကျင်မှုတွေကြောင့်ပဲ ခေါင်းက ပိုမူးလာသလားမသိ။ဒီနေ့ တကယ်ကို ကံမကောင်းတာပဲ။ဒီလိုဒဏ်ရာတွေ ကိုယ်ကမမှားဘဲ သူများကြောင့် အလကားနေရင်း ရမယ်မှန်းသိရင်ဈေးလာဝယ်မနေတော့ပါဘူး။အိမ်မှာပဲ လက်ဖက်ရည်သောက်ပြီး ဗိုက်မှောက်တေပေပြီး အိပ်ဆေးသောက်ပြီး အိပ်ပစ်လိုက်မှာပေါ့…။

တိမ်တိုက်သည် ခေါက်ဆွဲတွေဝယ်ပြီးလျှင်မုန့်ပုံးကိုလည်း ဘာမုန့်၊ဘာတံဆိပ်ပင်ကြည့်မနေတော့ချေ။မျက်စိထဲ ခြင်းရာကိုသာ ကောက်ထည့်လိုက်၏။တော်ပြီကွာ…သစ်သီးတန်းကိုသွားပြီး ပန်းသီးလည်းဝယ်မနေတော့ဘူး။အအေးဘူးလည်း ဝယ်မနေတော့ပါဘူး။

နောက်မှပဲ လာဝယ်တော့မယ်။ဒီနေ့ စိတ်လည်းသိပ်မကြည်တော့ဘူး။တိမ်တိုက်သည် ခြင်းတောင်းဆို ကိုင်ပြီးဈေးရှင်းရန် ကောင်တာကိုသွားစဉ် မျက်လုံးထောင့်တွင် [illegible] ကောင်မလေးကိုတွေ့လိုက်၏။ဘုရား…ဘုရား…[illegible] တစ်ခါ ထပ်ဆုံလို့မဖြစ်။တွေ့ရင်ရယ်ပြဲ၊ဖြီးဖြန်းဦး[illegible] တော်တဆ သူမ စကားများတာ၊စပ်စုတာ ဖြစ်ဖြစ် [illegible] ဦးမယ်။

တိမ်တိုက်သည် ထော့နဲ့နဲ့ဖြင့် ခြေလှမ်း[illegible] လျှောက်လိုက်လျှင် ခင်သည် သူ့ကျောပြင်ကို [illegible] ကြည့်ပြီး အသံတိုးတိုးလေးထွက်အောင်ပင် ရယ်[illegible] သည်။ကြည့်စမ်းပါဦး။ထော့နဲ့နဲ့ကလေးနဲ့ သူ့ [illegible] သနားဖို့တောင်ကောင်းနေပြီ။ပြီးတော့ ခင့်ကိုတွေ့[illegible] လည်း စကားပြောရမှာစိုးရိမ်တဲ့ပုံစံနဲ့လေ…။

သူ့ပုံစံက လောကကြီးကို စိတ်ကုန်နေတဲ့ [illegible] ရေးမဝလို့ စိတ်တိုနေတဲ့ ပုံနဲ့။သူ့ ညက ကောင်း[illegible]




www.burmeseclassic.com

www.burmeseclassic.com



ပျော်တာလား။အိပ်ရေးပျက်ထားသလား။သူ့မျက်ကွင်းတွေညို့နေပြီး မျက်တွင်းတွေ ချောင်ကျနေတယ်ကွယ်။မျက်တောင်တွေကလည်း ခပ်စင်းစင်းငိုက်ငိုက်ဖြစ်နေသေးရဲ့။

သူသည် ငွေရှင်းပြီးနောက် ကြွပ်ကြွပ်အိတ်ဆွဲကာ ဒီ အထပ်ကနေ မြေညီထပ်ကိုဆင်းဖို့ စက်လှေကားဆီ ဦးတည်နေပြီ။

ခင်သည် ကိုယ့်မှာ ဝယ်စရာတွေကျန်သေးပေမယ့် ဆက်ဝယ်ဖို့ စိတ်မဝင်စားတော့ဘဲကောင်တာမှာ ငွေရှင်းကာ သူ့နောက်ကို လိုက်ငေးကြည့်ရန်ဆုံးဖြတ်လေသည်။

သူ့ကို ခင် စိတ်ဝင်စားတာတင်မကဘူး။ခင် သူ့ကိုမှ…သူဆိုသော ဤယောကျ်ားတစ်ယောက်ကိုမှ မြင်မြင်ချင်း သဘောကျမိသလိုဖြစ်ရပြီ။

သူ့ကိုချစ်သွားတာလည်း ဖြစ်ချင်ဖြစ်နိုင်ပါတယ်။ အဲဒီလိုစွပ်စွဲကြရင်လည်း မငြင်းပါဘူးရှင်။

ငြင်းဖို့ကို စိတ်မဝင်စားတာပါ။ကိုယ့်ကို စိတ်ဝင်စား သဘောကျကြလေသော ယောကျ်ားတွေထဲကမှ ကိုယ့်အပေါ် တစ်စက်မှ စိတ်ဝင်စားမှုမရှိသောယောကျ်ားတစ်ယောက်ကို ခင်…ချစ်မိပြီထင်ပါရဲ့…။ချစ်မိတာနဲ့အတူ ခင်သည် သူ့မှာ





ချစ်ရသူမရှိ နေပါစေနဲ့၊ပိုင်ဆိုင်သူ မရှိပါစေနဲ့။ခင့်အတွက်သူပဲဖြစ်ပါစေလို့ ဆုတွေ ကယောင်ချောက်ခြားတောင်းလျက် သူ့ကိုမီလို မီငြား အောက်ထပ်ကိုအမြန်ဆင်းလိုက်လာခဲ့မိပါတော့သည်။ယုဇနShopping Centre ထဲမှာတော့ အင်မတန် မှ နှစ်ခြိုက်ရသော 'Backstreet Boys' အဖွဲ့၏ 'I Want it That Way' အမည်ရှိ သီချင်းသံသဲ့သဲ့ကိုလည်းဖွင့်ထားရာ ခင်သည် သဘောတကျလိုက်၍ခပ်တိုးတိုးညည်းရင်း ချစ်သူကို ရှာဖွေရင်း…..

" **You are my fire.....the one desire...**

**Believe what I say I want it that way**"

ခင်သည် သီချင်းကလေး၏ ,အဓိပ္ပာယ်ကိုလည်း ကိုယ့်ဘာသာပီတိဖြစ်လျက် တစ်ယောက်တည်း ပြုံးလည်းပြုံးနေခဲ့ရာ ကောင်လေးတချို့က ခင့်ကို အနားကပ်နောက်ပြောင်သွားတာ၊စူးစမ်းကြည့်ရှုသွားကြတာကိုပင် ခံရပါသည်။

သူရယ်…။ဒီသီချင်းထဲက စာသားတချို့လိုပဲ မင်းဟာ ငါ့ရဲ့ မီးတောက်ကလေး၊ငါ့ရဲ့ စိတ်ကူးဆန္ဒတစ်ခုပါပဲလို့ ခင် ပြောပြလိုပါပြီ။

ဘုရားရေ…။ခင် တကယ်ပဲရူးပြီ ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူရယ်လည်း အတိအကျမသိပါဘဲ ဈေးဝ
ရင်း မတော်တဆဆုံရတဲ့ လူတစ်ယောက်ကို အဲဒီလောက်
ထိ အရူးအမူး မစွဲလန်းသွားသင့်ဘူး။အသည်းအသန်ကြီး
နောက်လိုက်မကြည့်သင့်ဘူး ခင်ရယ်...။

ခင်သည် ကိုယ့်စိတ်ဝိညာဉ် ကိုယ်ပြန်ထိန်းကွပ်
ရသွားသောအခါမှာ ခင်၏ ကားပါ့ဒ်လုပ်ထားသည့်နေရာ
ပင် ရောက်နေလေပြီ။ ခင်သည် ကားသော့ ကိုဖွင့်လျှ
ကားထဲဝင်ထိုင်ပြီးသည့်အခါ လူက အိပ်မက်တစ်ခုမက်
လိုပင် ငေါင်တောင်တောင်ဖြစ်ပြီး ကားထဲတွင် စတီယာ
ကို ကိုင်လျက် အကြာကြီး ငေးလို့နေခဲ့မိသည်။

ထိုအချိန်မှာပဲ ခင်၏နံဘေးမှ ကားသည် မောင်းထွ
ပါသည်။မောင်းထွက်တုန်းကတော့ ခပ်ကျဉ်းကျဉ်းပါကင်
ရာမှ ကျွမ်းကျွမ်းကျင်ကျင်ထွက်တာပါပဲ။သို့သော် ကား
ခါးလွတ်ပြီးနောက် ခေါင်းကိုချိုးကွေ့လိုက်တဲ့အခါတွင်
၏ဖင်ပိုင်းသည် ရမ်းသွားပြီး ခင့် ကားဘေးတစ်ခြမ်းကို
ခနဲ အသံမြည်တဲ့အထိငြိသွားခဲ့ပါတော့သည်။

ခင်သည် ဒီနေ့မှ ပြဿနာတွေနဲ့ချည်းကြုံတွေ့
တယ်။မြေရှင်းရဦးမယ်။အလျော်ကိစ္စ ပြောရဆိုရဦးမယ်။



လိုပြောရတာလောက် စိတ်ပျက်တာ မရှိဘူး။ကိုယ်က မငြိ
တော့လည်း သူများကားကလာငြိတယ်။သူ့ကားကအဖြူရောင်
စူပါစလွန်း။ငါ့ကားက မက်တယ်လ်လစ်ရောင် ကော်ရိုလာ
လီမိတက်။တန်ဖိုးချင်းလည်း ကွာသေး။အရောင်ကလည်း ရှား
သေး။ထိရငြိရတာ မတန်လိုက်တာ။စသည်ဖြင့် မိန်းမပီပီ
ပြိုင်ဆိုင်စိတ်နဲ့တွေးရင်း ကားတံခါးကို ခပ်လေးလေးဖွင့်၍
ဆင်းလိုက်ရပါတော့သည်။

တစ်ဘက်ကားမှ လူကလည်း သူ့ကားကို လွတ်ကင်း
ရာ ဘေးတစ်နေရာမှာ ရပ်နေလေသည်။ကားသည် နေကာ
များကပ်ထားတာမို့ အထဲကသူကို မမြင်နိုင်။ရှယ်တူ မိန်းက
လေးချင်း၊ဒါမှ မဟုတ် အမျိုးသမီးတစ်ယောက်ဖြစ်ဖြစ်၊ဒါ
မှမဟုတ် ရှယ်တူကောင်လေး၊ဒါမှမဟုတ် အမျိုးသားကြီးပဲ
ဖြစ်ဖြစ် ဘယ်သူပဲဖြစ်ဖြစ် အဓိကကတော့ စကားပြော ပြေ
ပြစ် အဆင်ပြေဖို့ပါပဲ။

ကားတံခါး ဖျပ်ခနဲပွင့်လာပြီး အပြင်ထွက်ရပ်လိုက်
သော လူကို မြင်လိုက်ရသည့်အခါ ခင်သည်တိုက်ဆိုင်စွာ
ဆုံစည်းပေးသည့် ကံကြမ္မာအား လှိုက်လှိုက်လှဲလှဲပင် ကျေး
ဇူးတင်လိုက်မိတော့တာတည်း။

www.burmeseclassic.com

www.burmeseclassic.com



တိမ်တိုက်သည် သုန်သုန်မှုန်မှုန်ဖြစ်နေခဲ့သည့် သူ့မျက်နှာအနေအထားကို မပြင်ချင်တော့ဘဲ စိတ်အညစ်ကြီးညစ်လျက် လူက ချက်ချင်းပဲလဲသေချင်စိတ်ပေါက်နေပြီတည်း။ပြီးတော့ စကားအင်မတန်များသည့် မိန်းကလေးနဲ့မှ ထပ်ဆုံရတာကိုလည်း အံ့ဩနေရသေးသည်။

တိမ်တိုက်သည် သူ့ကို လက်ကလေးပိုက်ရပ်လျက် စောင့်ဆိုင်းနေသည့် ကောင်မလေးရှေ့တွင် ခြေစုံရပ်လိုက်ပြီးသည့်နောက်...

"ဆောရီးပဲ ညီမရယ်...၊ကားချင်းငြိသွားတယ်၊ကျွန်တော် တစ်ခါမှ ဒီလိုမဖြစ်ဖူးဘူး၊ဒီနေ့မှ..."

"မီးလုံးမထိလို့တော်သေးတယ်၊မီးလုံးဘေးက ဘန်ဘာ တစ်ခြမ်းနည်းနည်းပွန်းသွားပါတယ်၊သိပ်တော့ မများလှပါဘူး၊ဒါပေမယ့် ခင့်ကားကလေး...မက်တယ်လ်လစ်ကာလာဆိုတော့ အရောင်ရှားတယ်"

ခင်သည် အစက 'ကျွန်မ'ဟု ကိုယ့်ကိုကိုယ် နာမ်စားသုံးစကားပြောခဲ့သော်လည်း သူ့ကိုကျတော့ 'ခင်'ဟူသော သူမ နာမည်ထဲက နာမ်စားလေးကို သုံးချင်သွားပါသတဲ့။ သူ့ ခင့်နာမည်ကလေးကို သိပါစေတော့ရယ်လို့ ကိုယ့်ဘက်



က စတင်ရတာပါ။

"ရပါတယ်...ကျွန်တော် ပြန်လုပ်ပေးပါ့မယ်၊ဒါမှမဟုတ် ညီမစိတ်ကြိုက် ဝပ်ရှော့ တစ်ခုခုဖြစ်ဖြစ်သွားပါ၊ကုန်ကျသလောက် လျော်ပေးပါ့မယ်၊ကျွန်တော့်အမှားပဲ"

"ဒါထက်...စကားမစပ်နော်၊ခုနကခင်နဲ့ ဝင်တိုက်မိသေးတယ် မဟုတ်လား"

ခင်သည် သူ့ မမှတ်မိမှာစိုးရိမ်၍ စကားအစဖော်ရသေး၏။သူက နှုတ်ခမ်းစေ့ပြုံးလျက် ခေါင်းညိတ်ရင်း...

"ဟုတ်ပါတယ်...အဲဒီ့ မတိုင်ခင်ကလဲ ကျွန်တော် ကောင်တာတစ်ခုကမုန့်ပေါင်အစွန်းကို တင်ပါးဘေးက နံရိုးနဲ့ ဝင်တိုက်မိလာသေးတယ်၊အခုလဲ သူများကားကို ဝင်တိုက်တယ်၊ဒီနေ့ အတိုက်အခိုက်ချည်းပဲ ကြုံရတယ်ဗျာ၊ဒီနေ့ တကယ်ပဲ ကံမကောင်းတာသေချာနေပြီ"

သူ၏ ညည်းညည်းညူညူပြောသံကို ခင်သည် အသနားကြီးသနားရတော့သည်။ဒီလို စကားပြောတော့လည်း သူ့ မျက်နှာကသုန်မှုန်နေပေမယ့်ခင်စရာကောင်းသားပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ရှင့် ဝပ်ရှော့ပဲ ခေါ်သွားပါ၊အဲဒါ ပိုအဆင်ပြေမယ် ထင်တယ်၊ဘာလို့လဲဆိုတော့ ခင်က လျှော်ကြေး ဘယ်လောက်တောင်းရမလဲဆိုတာ မသိဘူး၊အခုတ က ခင့်ကား အရောင်အတိုင်း ပြန်ရဖို့ပါပဲ၊သေချာ ရဲ့လားဟင်"

"ရပါတယ်၊သေချာပါတယ်၊ဒါဆို ကျွန်တော် ရှေ့ က မောင်းသွားလိုက်မယ်နော်၊ညီမ နောက်ကမောင်း လိုက်လာရင်ဖြစ်မလား"

"ဖြည်းဖြည်းမောင်းမှာလား"

"ဖြည်းဖြည်းပဲမောင်းမှာပါ စိတ်ချ"

တိမ်တိုက်သည် ကောင်မလေး၏ မျက်လုံးအရောင် တလက်လက်တွေကို မြင်ရလေလေ၊ရင်ထဲမှာ တစ်ခုခုလာ စူးတာ ခံစားရသလိုလိုဖြစ်လေလေဆိုသော ခံစားချက်အသစ် ကို တအံ့တသြဖြင့် သက်ပြင်းချ၍ သူ့ကားကို မောင်းထွက် လာရလေသည်။

ကား နောက်ကြည့်မှန်ထဲမှ မြင်နေရသော မျက်လုံး ဝိုင်းကလေးများသည် ပြုံးတတ်သလားတော့ မသိ…။

(၂)

"မင်းလဲ မြင်မြင်ချင်းကိုချစ်သွားတာပါဖဲလား၊ရှင် ဝေးဝေးခင်က ပြုံးတတ်တယ်ထင်တယ်"

"ဟုတ်မှာပေါ့လေ၊ဒါကြောင့်လဲ ဟိုကောင်တွေ ပါး စပ်ဖျားက မချနိုင်အောင် အံ့ချီးအမွှမ်းဖြစ်နေကြတာ ပဲပေါ့"

"မင်း ခင်ဝေးဝေးခင်မှန်း ဘယ်အချိန်မှာ သိသွား တာလဲ"

"အဲဒီနေ့ပဲ"

"ဟော…"





www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်…၊စတွေ့တွေ့ချင်းနေ့မှာပဲ သူ့ကိုယ်သူ 'ခင်က…'လို့ နာမ်စားသုံးတတ်တဲ့ မိန်းကလေးရဲ့ နာမည်အပြည့်အစုံဟာ ခင်ဝေးဝေးခင်ပါလို့ သိလဲ သိလိုက်ရရော အဲဒီနေ့ကစပြီး ဒီနေ့အထိ တစ်ပတ် လုံးညညတွေမှာ အိပ်မပျော်တော့တဲ့ဝေဒနာရခဲ့တော့ တာပဲအစ်ကိုကြီးရာ…"

ခင်ဟာ ကိုယ့်ရဲ့ဟာလာဟင်းလင်းနဲ့ မှောင်မိုက်နေတဲ့ နှလုံးအိမ်ထဲကို တောက်ပစေတဲ့ လမင်းလေးပါပဲ ခင်ရယ်…။

တိမ်တိုက်သည် လွန်ခဲ့သော တစ်ပတ်အတွင်းကို သတိတရဖြင့် တသသဖြစ်နေခဲ့လေသည်။

* *

ဝပ်ရှော့ရှေ့မှာ ကားတွေအသီးသီးရပ်ကြပြီးနောက် တိမ်တိုက်သည် သူ့အသိမက္ကင်းနစ်ကို အကျိုးအကြောင်း ပြော၍ ကားတွေ ဆေးမှုတ်ပေးဖို့အပ်လိုက်သည်။



"ကိုတိမ်တိုက်ကြီး တစ်ခါမှ မမှားဖူးပါဘူး၊ဘာဖြစ် တာလဲ…ဟဲ…ဟဲ၊တမင် ဇာတ်လမ်းလုပ်တာလား ဗျာ"

"ဟာ…မဟုတ်ပါဘူးဗျာ၊ကျွန်တော် ညက သီချင်း ရေးနေတာနဲ့ အိပ်ရေးမဝဘဲ ထ,လာတာဗျ၊အိပ်ချင် မူးတူးဖြစ်နေတော့ ဘေးကကားကိုလွှတ်ပြီထင်ပြီး ထွက်တာ မှန်းတာလွဲသွားလို့ ငြိသွားတာပါ"

"ကောင်မလေးက မိုက်တယ်နော်၊သီချင်းတစ်ပုဒ် အသစ်ရဖို့ထက် ချစ်သူတစ်ယောက်ရဖို့ စိတ်ကူးမိ ရင် မမှားဘူး"

"ကဲပါဗျာ၊ကောင်မလေး ကားကို မြန်မြန်လေးလုပ် ပေးလိုက်ပါ"

တိမ်တိုက်သည် စကားမြန်မြန်ဖြတ်၍ လှည့်ထွက် လာခဲ့ပါသည်။ကောင်မလေးကတော့ ဗာဒံပင်ကြီးတစ်ပင်ကို နှီးပတ်၍ ကွပ်ပျစ်ရိုက်ထားရာ နေရာမှာ စိတ်အေးလက် အေးပင် ခြေထောက်တွဲလောင်းချပြီး ထိုင်နေခဲ့ပါသည်။

တိမ်တိုက်က သူမအနား လက်တစ်ကမ်းအကွာမှာ ဝင်ထိုင်လိုက်တဲ့အခါ နှုတ်ခမ်းစူစူလေးတွေ ပြုံးရုံမက မျက်

www.burmeseclassic.com

www.burmeseclassic.com

လုံးလက်လက်များကပါ အရောင်တွေဖြာလျက် လိုက်ပြုံးလေသောအခါ တိမ်တိုက်မှာ ငေးသွားခဲ့ရပါသည်။

"ဘယ်လောက်တောင် ကြာမှာတဲ့လဲဟင်"

"တစ်နာရီလောက်ပါ၊ကျွန်တော့်ကားက အခုဆေးမမှုတ်သေးပါဘူး၊နောက်…အားမှပဲ ဆေးလာ မှုတ်တော့မှာ၊ညီမရဲ့ ကားကိုပဲ အရင်ဆေးမှုတ်ပေးလိမ့်မယ်"

"ဘာလို့ အခုချက်ချင်းဆေးပြန်မမှုတ်သေးတာလဲ"

"မအားလို့"

"ဟယ်‥ တကယ်လား၊အားနာလိုက်တာရှင်၊ခင်က အရေးတကြီးလဲ ဆေးပြန်မမှုတ်ပါဘူး၊ဒီလိုမှန်းသိရင် ဘာလို့ မပြောလဲ"

"မအားဘူးဆိုတာက…"

"အလုပ်ကိစ္စမဟုတ်လား"

ခင်က စကားဖြတ်မေးလိုက်ပါသည်။မမေးလို့လည်းမဖြစ်။သူ့ပုံစံက ပြောရမှာအားနာနေသလို တွေ့နေရ၍ပင်။

တိမ်တိုက်သည် ရယ်ကျဲကျဲလုပ်ရင်း ခေါင်းကလဲ တဆစ်ဆစ်ထိုးကိုက်နေသည်ဖြစ်ရာ နားထင်ကိုလည်း လက်နဲ့



နှိပ်ရင်း…

"မအားတာက အိပ်ချင်နေလို့ အကြောင်းပြတာပါ"

"အိပ်ချင်နေတယ်"

ခင်က သံယောင်လိုက်မေးမိပါသည်။

"အရမ်း အိပ်ချင်နေတယ် ညကရွေ့သေချာချာမအိပ်ခဲ့ရသေးဘူး မနက်ကျတော့ဗိုက်အရမ်းဆာတာနဲ့ထပြီး စားသောက်ဖို့လုပ်တော့ ရေခဲသေတ္တာထဲမှာရော ကြောင်အိမ်တွေဗီရိုတွေထဲမှာရောဘာ စားစရာမှမရှိဘူး ဒါနဲ့အိမ်နဲ့နီးတဲ့ယုဇနကိုပဲ ဈေး ခဏလာဝယ်တယ် အဲဒီမှာအိပ်ချင်မူးတူး မူးနောက် မူးနောက်နဲ့အန်တီကြီးတစ်ယောက်ကို ဝင်တိုက်မိမလိုဖြစ်တော့ အားနာပြီးမြန်မြန်ရှောင်လိုက်တယ် အရှောင်မကောင်းပဲ အရှောင်းကောင်တာကမှန်ရှိုးကေ့စ်ရဲ့ဘောင်အစွန်းကို အင်း တင်ပါးဘေးအစွန်းကအရိုးခါးရိုးခေါ်မလား တင်ပါးရိုးခေါ်မလား ထားပါတော့ အဲဒီ အရိုးကြီးနဲ့ဝင်တိုက်မိတယ်၊ အီစိမ့်နေအောင်နာသွားတော့တာပဲ ပြီးတော့အပေါ်ထပ်လဲရောက်ရော ဒီကညီမနဲ့ ထပ်တိုက်မိတယ် ညိုသကျည်းဟာ အ

www.burmeseclassic.com

www.burmeseclassic.com



သည်းခိုက်အောင်နာတယ်ဆိုတာမျိုး ဒီနေ့မှပဲခံဖူးတော့တယ် ပြီးတော့နောက်ဆုံးအဖြစ်အပျက်ကတော့ ညီမရဲ့ကားကိုဝင်တိုက်မိတာပဲ အဲဒါကြောင့်ဒီနေ့ဘာမှအဆင်မပြေဘူး ကံမကောင်းဘူးလို့ပြောတာပေါ့"

ခင်သည် သူ့ကိုတစိမ့်စိမ့်ငေးမောလျက် အံ့ရမ်းသနားနေတဲ့စိတ်တွေ တားမရဆီးမရ။

"အခု နားထင်ကိုနှိပ်နေတယ်နော် ခေါင်းမူးတာလားခေါင်းကိုက်တာလားဟင်"

တိမ်တိုက်က မိန်းကလေးတစ်ယောက်၏သနားကရုဏာသက်မှုကို မခံချင်၍နားထင်ဆီမှလက်ချောင်းတွေကိုပြန်ရုပ်လိုက်မိပါသည်။

"မကိုက်ပါဘူး အိပ်ချင်တာပါ"

"အိပ်ချင်ရင်လဲ အိမ်ပြန်လိုက်ပါလား"

"ဘယ်ဖြစ်မလဲ ဝပ်ရှော့မှာညီမ ကားအပ်ထားတယ်လေ၊ထိုင်စောင့်ပေးရမှာပေါ့ မိန်းကလေးတစ်ယောက်တည်း ဘယ်ဖြစ်မလဲ၊ ပြီးတော့ ကျွန်တော့်မှာတာဝန်ရှိတယ်လေ ကျွန်တော် စောင့်ပေးရမှာပေါ့ အိပ်တာကဒီကိစ္စပြီးမှအိပ်လဲရတာပဲ အရေးမကြီး



ပါဘူး"

"စပ်စုတယ်လို့မထင်နဲ့နော် ညကဘာလို့သေသေချာချာ မအိပ်တာပဲ"

တိမ်တိုက်သည် အဲဒီပြုစားတတ်သော [illegible] ငိုင်းလက်လက်များ၊စပ်စုတတ်လွန်းစကားများလွန်း[illegible] နီစုစုလေးနှင့်ပုလဲလုံးလိုအစီအရီလှပနေသောသွား[illegible] ရှုဆုံးကသွားလေးနှစ်ချောင်းအနည်းငယ်ကြီးလျက် [illegible] ရှဉ့်ကလေးလိုလို ပုံစံပေါက်နေသောမိန်းကလေး[illegible] ညှို့ငင်နိုင်မှုတွေကို တရိပ်ရိပ်ခံစားနေခဲ့ရပြီး သူ့နှလုံး[illegible] မှာတော့ ချစ်ခြင်းတရားတည်းဟူသောမြတ်နိုးမိခြင်း[illegible] သော၊တွယ်တာခြင်းတည်းဟူသော ခံစားချက်တစ်[illegible] ထင်ရှားရှားသိသာစွာ ခံစားနေရပြီမှန်း သူ့အံ့ဩ[illegible] တင်မက အဲဒီခံစားချက်ကိုလည်းမက်မောနေမိပြီ[illegible]

ကိုယ် မင်းကိုချစ်သွားပါပြီ မိန်းကလေးရယ် [illegible] မင်း၊ငါ့အဖြစ်ဟာ ဟိုနှစ်ကောင်နဲ့ဘာများကွာခြား[illegible] လိုပဲ ကြည်မင်းလိုပဲ ငါဟာလဲမိန်းကလေး [illegible] တွေတာဖြင့် မကြာသေးဘူး မြင်မြင်ချင်းချစ်မိပြီ[illegible] ရူးအမူးချစ်မိပြီထင်ရဲ့။

www.burmeseclassic.com

www.burmeseclassic.com



သီချင်းတွေထဲမှာသာ အချစ်ကိုခံစားဖူးသောခံစား တတ်သောခံစားကြည့်သော တိမ်တိုက်သည်ကား တကယ့် ချစ်ခြင်းကိုအခုမှခံစားမိလေပြီ။

"မဖြေချင်ရင် ရတယ်နော် ခင့်ကသူများကိုယ်ရေး ကိုယ်တာကိုအကင်းစပ်စုသလိုဖြစ်နေပြီ ခင် မှား သွားတယ်"

"ဟာ မဟုတ်ဘူး မဟုတ်ဘူး ကျွန်တော်မဖြေချင် လို့မဟုတ်ပါဘူး လူတွေအိပ်ရေးပျက်ထားတော့အဖြေ တစ်ခုခုကိုစဉ်းစားရင် ဖြေရင် Response က နှေး နေတာမျိုးပါ"

"ခင်ကလည်းမေးပြီးမှမြန်အားနာသွားလို့ပါ"

"ရပါတယ် ကျွန်တော်က ညကျမှပဲစိတ်အေးလက် အေးနဲ့ mood ဝင်တယ် ညဘက်လေလေးလေတိုက် ဆိုတဲ့ ငြိမ်သက်တာလေလေးနဲ့ ခံစားမှုတွေ ပိုတက် လာတတ်တယ် စကားလုံးတွေဖိုပြီးလာတာတဲ့အတွေ ပျိုးတွေရလာတတ်တယ် အဲဒါကြောင့်ညဘက်ရေး ကြတာပဲ"

"ဝတ္ထုတွေ ကဗျာတွေရေးတာလား"



"မဟုတ်ပါဘူး သီချင်းရေးတာပါ"

"ဟယ် သီချင်း"

ခင်သည် တအံ့တသြနှင့် သူ့ကိုအားကျသလိုငေးမော ခဲ့မိနေပါပြီ။

ခင် သီချင်းတွေကိုချစ်သည်။နှစ်သက်သည်။စွဲစွဲ လန်းလန်းနှင့်နှစ်ခြိုက်စွာ နားထောင်တတ်သည်။မည်သည့်နိုင် ငံမည်သည့်လူမျိုးရဲ့သီချင်းပဲဖြစ်ဖြစ် နားထောင်ကောင်းသော သံစဉ်မျိုးဆိုလျှင် ခင်ကနားထောင်တတ်လေသည်။

ထိုကြောင့်ပင် ခင်သည်သီချင်းတွေကိုဖန်တီးသည် ဆိုသော သူ့ကိုပိုပြီးအံ့သြအားကျသွားခဲ့ရတာပဲဖြစ်သည်။

"သီချင်း ရေးတတ်တယ်ဟုတ်လား"

တိမ်တိုက်သည် ကလေးလိုမေးသောမေးခွန်း အား ရယ်ချင်သွားပြီး နှုတ်ကပြန်မဖြေတော့ပဲ ခေါင်းသာ ညိတ်ပြ လိုက်ပါသည်။

"ဘယ်သူ့အတွက် ရေးပေးတာလဲ"

"သီချင်းဆိုတဲ့ လူတွေအတွက်ပေါ့"

"ဩော် ဒါတော့သိတာပေါ့ အဆိုတော်ဘယ်သူတွေ အတွက် ရေးပေးတာလဲလို့"

www.burmeseclassic.com

"ကျွန်တော့်ဆီက သီချင်းတွေကို ထိုက်ထိုက်တန်တန်ငွေကြေးပေးတဲ့ ဘယ်အဆိုတော်ကိုမဆို သီချင်းရောင်းလိုက်တာပါပဲ ဘယ်သူ့အတွက်ရယ်အတိအကျပင်တိုင်ရေးတာမျိုးမရှိပါဘူး"

"ကော်ပီလား ကိုယ်ပိုင်သံစဉ်လား"

"နှစ်ခုစလုံး ရေးပါတယ်"

"ခင်ကရုပ်ရှင်ထက် သီချင်းပိုကြိုက်တယ် သီချင်းကြိုက်တော့ ရေးတဲ့လူရော ဆိုတဲ့လူရောသိပ်လေးစားအားကျတာပဲသိလား အဲဒါမျိုးတွေကဝါသနာပါတိုင်းလဲဖြစ်တာမဟုတ်ဘူးနော် ပါရမီကလဲပါဦးမှ"

တိမ်တိုက်သည် လူကခပ်ငိုက်ငိုက်ဖြစ်နေသလိုမကြာခဏပါးစပ်ကိုလက်ဝါးနဲ့ကွယ်၍မသိမသာ သန်းဝေနေမိသေး၏။

ကောင်မလေးကို သဘောကျမိတာ၊ငေးမောမိတာချစ်မြတ်နိုးမိသွားတာတော့ ဟုတ်ပါရဲ့။ဒါပေမယ့် ခုလောလောဆယ်မှာ အိပ်ချင်စိတ်ကအဆမတန် ကြီးစိုးနေသည်ဖြစ်ရာကောင်မလေးအနားမှာကြာကြာနေနေရဖို့လဲ စိတ်မပါလှ။

ကားမြန်မြန်ဆေးမှုတ် ပြီးစေချင်လှပြီ။ကိစ္စမြန်မြန်ပြီးရင် မြန်မြန်အိမ်ပြန်အိပ်ချင်လှပြီ။ဒီလိုစိတ်ထဲမှာတွေးနေမိတာတွေသာ ဟိုနှစ်ကောင်ကိုမြန်မြန်ပြောပြလျှင်တော့ လှောင်ပြောင်ရယ်မောကြလိမ့်မည်ထင်သည်။

"အားနာလိုက်တာနော် ရှင်အရမ်းပင်ပန်းပြီး အရမ်းလဲအိပ်ချင်နေတယ်ထင်တယ်"

တိမ်တိုက်က သူ့ ခဏခဏသန်းပြနေတာ ကောင်မလေးလဲမြင်နေတာမို့ ငြင်းမနေတော့ပေ။

လူက ဟန်လဲမဆောင်နိုင်တော့ပြီဖြစ်ရာ

"ပင်စည်ကိုမှီပြီး ခဏလေးငိုက်လိုက်ဦးမယ် ကျွန်တော့် အပြုအမူရိုင်းသလို ဖြစ်နေရင် တောင်းပန်ပါတယ် ညီမရယ်၊စကားပုံထဲကလို ငိုက်မရှက်ဖြစ်နေပြီ အဟဲ"

"ဩော် ရပါတယ် ခင်ကလဲ မေးချင် ခဏမေးပါလားလို့တောင်အကြံပေးမလို့ပါပဲ"

တိမ်တိုက်သည် ကွပ်ပျစ်ပေါ်ခြေထောက်တွေတွေးတင်ထားလိုက်ပြီး လက်နှစ်ဘက်ကိုတော့ရင်ဘတ်ရှေ့တွင်ပိုက်လျက် ဗန်ဒါပင်၏ပင်စည်ကိုမှီ၍မျက်လုံး မှိတ်ထားလိုက်လျှင်ခဏလေးနဲ့မှေ့ခနဲ အိပ်မပျော်တပျော်လေးဖြစ်သွား

www.burmeseclassic.com



ပါသည်။

ဟိုကောင်တွေနဲ့ ဒီတစ်ပတ်ဆုံရင် ငါလဲငါသိပ်ချစ်ရတဲ့ကောင်မလေးတွေပြီကွ လို့ပြောပြရဦးမည်။ဒါပေမယ့်ပြောရမှာ ရယ်စရာတွေဖြစ်နေမည်။ကိုယ် ချစ်မြတ်နိုးတဲ့မိန်းကလေးအနားမှာ အကြာကြီးနေရတာတောင် တစ်မှိုစ်မှိုမငေးနိုင်ပဲငိုက်မြည်းနေတဲ့ သူ့အဖြစ်ဟာစဉ်းစားကြည့်ရင် အတော့်ကိုရယ်စရာကောင်းနေသားပင်။

ကောင်မလေးက သူ့ကိုယ်သူ ခင်တဲ့။နာမည်လေးကရိုးရိုးလေးနဲ့ချစ်ဖို့ကောင်းလှ၏။လမ်းခွဲခါနီးကျမှပဲ နာမည်ချင်းဖလှယ်ပြီး ဖုန်းနံပါတ်တော့တောင်းထားဦးမှပါ။

ဒီခေတ် ဒီအခါမှာ သူ့ရုပ်သူ့ရည်လှလှလေး အရွယ်ကောင်းလေး ကိုယ်တိုင်ကားမောင်းသွားလာနေသူလေးမို့ချစ်ချင်သူတွေ ဝိုင်းဝိုင်းလည်နေမှာပဲ။

ချစ်သူရှိပြီးပြီလား။ချစ်သူ ရှိခဲ့ဖူးသလား ချစ်သူရှိနေခဲ့ရင် ကိုယ်တော့ နာကျင်တိတ်တဆိတ်မျက်ရည်ဝဲရမှာပေါ့ကောင်မလေးရယ်။ချစ်သူ ရှိခဲ့ဖူးတယ်ဆိုရင်တော့ ဒါဟာကိုယ့်အတွက်ပြဿနာမဟုတ်လှပါဘူး။ကိုယ်က နားလည်ခွင့်လွှတ်တတ်ပါတယ်။





တိမ်တိုက်သည် လူကမေ့ကနဲအိပ်ပျော်သွားလိုက်။ရုတ်ခနဲ ပြန်နိုးလာလဲမျက်လုံးတွေမဖွင့်ပဲ ဟိုတွေးဒီတွေးဖြစ်လိုက်နဲ့ ဆယ့်ငါးခါလောက်ဖြစ်ပြီးသောအခါ

"ဟိတ်···ဟိတ် ကားဆေးမှုငြိုးပြီတဲ့"

ကောင်မလေး၏ခပ်တိုးတိုးကယ်၍နိုးသံကြောင့်တိမ်တိုက်၏မျက်လုံးတွေမှာဖျတ်ခနဲ ဖွင့်လိုက်တော့သည်။

ခင်သည် မျက်လုံးတွေခပ်ရီရီဖြစ်လျက် မျက်ခွံအားတွေရှိနေသောသူ့ကို ငေးနေမိ၏။သူ အိပ်သွားလိုက်တာအကြာကြီးပဲ။

ခင် တစ်ယောက်တည်း ဟိုငေးဒီငေးဟိုကြည့်ဒီကြည့်လုပ်နေပြီး ခင်သဘောကျမိတဲ့သူ့ရဲ့မျက်နှာပြင်ကိုတော့စိတ်ကြိုက်ကြည့်ခွင့်ရလိုက်ပါသည်။

သူ့လို ချောမောသောသူ့ထက်ပင် ချောမောကြည့်ကောင်းလွန်းသော ယောကျ်ားတွေလဲမြင်ဖူးပါရဲ့။ဒါပေမယ့် ခင် တစ်ခါမှအခုလောက်ထိ အသည်းအသန်စိတ်မဝင်စားခဲ့ဖူးချေ။

ချောမော၍ ကြည့်ကောင်း၍သာ ငေးမိခြင်းဖြစ်ရှိမယ်။သဘောကျသွားတာမျိုးဖွဲ့လမ်းချင်သွားတာမျိုးတစ်ခါမှ



www.burmeseclassic.com

ကို မဖြစ်ပေါ်ခဲ့ဖူးတာလည်းကျိန်ပြောရဲပါသည်။

သူ့နာမည်လဲ ခုထိမပြောသေးဘူး။ခင့်နာမည်လဲမမေးသေးဘူး။သိပ်အိပ်ချင်လွန်းလို့ အချင်းချင်း နာမည်ပြောပြီးမိတ်ဆက်ကြရမှာကိုတောင်မေ့နေပြီထင်တယ် ခင်တို့ဒီနေ့မှမိတ်ဆွေမဖြစ်ရင် ဘယ်တော့များမှပြန်ဆုံကြပါ့မလဲ။

တစ်ယောက်တစ်လမ်းဆီ လျှောက်နေကြသူတွေ။ခင်က ဟိုတယ်လ်ကြီးတစ်ခုထဲမှာအလုပ်တွေနဲ့ကျင်လည်နေတဲ့သူ။သူကတော့ သီချင်းတွေထဲမှာကျင်လည်နေတဲ့သူ ဘယ်လောက်မနီးစပ်လိုက်တဲ့အခြေအနေတွေလဲဆိုတာ ကြည့်စမ်း။

✻✻✻

ခွဲခါနီးသောအခါမှာ တိမ်တိုက်သည်အိပ်ချင်မူးတူးနှင့်ပင်ကောင်မလေးကို မခွဲချင်တော့သလိုခံစားလာရပါသည်။

သူတို့တစ်ယောက်နဲ့တစ်ယောက်ခပ်ကြာကြာလေးပင် ဟန်မဆောင်စတမ်းစိုက်ကြည့်နေရင်းမှတစ်ယောက်၏နှလုံးသားကိုကျန်တစ်ယောက်ကမြင်ခဲ့ကြပြီးနားလည်မှုတွေအ



သီးသီးဖြစ်ထွန်းလာခဲ့ကြတာကို သူတို့မငြင်းလို။

"နှုတ်ဆက်တယ်နော် နောက်တော့ထပ်ဆုံကြတာပေါ့"

ခင်က စ၍နှုတ်ဆက်လေသည်။ဒီတော့မှ သူကလှုပ်လှုပ်ရှားရှားဖြစ်သွားပြီး..

"ထပ်ဆုံကြဖို့ဆိုတာ တစ်ယောက်နဲ့တစ်ယောက်အသိမိတ်ဆွေတွေဖြစ်နေရမယ်လေ။ကဲ ကျွန်တော်ကပဲစပြီးမိတ်ဆွေဖွဲ့ပါတယ်ဗျာ ကျွန်တော့်နာမည် တိမ်တိုက်လို့ခေါ်ပါတယ် နေတာကတော့ ရွှေဂုံတိုင်လမ်းမကြီးပေါ်ကတတိယထပ်တိုက်ခန်းမှာပါ တိုက် နံပါတ်(-)ပေါ့ဖုန်းနံပါတ်(-) ဟော မထူးပါဘူးဗျာ အုတ္တူတူနဲ့ပါးစပ်က လျှောက်ရွတ်ပြနေမိတယ် လူကအိပ်ချင်ပြီးဘဲမှ ဦးနှောက်ထဲကမထွက်သလိုဖြစ်နေတယ် ကျွန်တော့်မှာ visiting cardရှိသားနဲ့မေ့ပြီးပါးစပ်ကရွတ်ပြနေမိတယ်"

သူ၏'တိမ်တိုက်'ဟူသော ထူးထူးခြားခြားအမည်ကိုခင်ကား အမှတ်တွေပေးနေခဲ့ပြန်သည်။ ခင့် နှလုံးသားဟာဒီတိမ်တိုက်ကြီးရဲ့လွှမ်းမိုးမှုကို တကယ်ရင်ဆိုင်ကြုံတွေ့နေရ

www.burmeseclassic.com

တော့တာပါပဲ ကိုတိမ်တိုက်ရယ်။

"ကိုတိမ်တိုက်လို့ခေါ်မယ်နော် ခင့်ကိုလဲခင်နာမ်စားသုံးသုံးနေသလို 'ခင်' ပဲခေါ်ပါ ရပါတယ် ဒါပေမယ့် ခင့်နာမည်အပြည့်အစုံကအရှည်ကြီးပဲဆိုတာလဲ ပြောပြထားရဦးမယ်"

"နာမည်လှလှလေးဖြစ်မှာပေါ့ ဟုတ်လား"

"မဟုတ်ပါဘူး ရိုးပြီးရှည်နေတာပါ 'ခင်ဝေးဝေးခင်' တဲ့ အဟင်း ဆန်းလဲမဆန်းပဲနာမည်ကရှည်နေတာလေ"

တိမ်တိုက်သည် ရုတ်တရက်တော့အံ့ဩရလွန်း၍ ခေါင်းတွေမိုက်ကိုက်လာသလိုပင် ခံစားရလေသည်။

သူသည် အံ့ဩရလွန်း၍မယုံနိုင်သလိုဖြစ်ကာ မျက်လုံးထဲတွင်ကောင်မလေးကိုမြင်မနေတော့ပဲ သတိုးနဲ့ကြည်မင်းတို့၏မျက်နှာတွေကိုသာ တစ်လှည့်စီမြင်ပြီး သူသည်ချက်ချင်းပင်ရူးချင်သလိုခံစားလာရတော့တာဖြစ်သည်။

ကြုံပဲကြုံတတ်လွန်းတယ် တိုက်ဆိုင်လွန်းတယ် ခင်ရယ်။

လောကကြီးထဲမှာ မိန်းကလေးတွေအများကြီး။ ချော



မောရွှင်ချစ်စရာကောင်းသော မိန်းမငယ်တွေအများကြီးထဲမှာမှဒီတစ်ယောက်တည်းကိုပဲ။ဒီ 'ခင်ဝေးဝေးခင်' တစ်ယောက်တည်းကိုပဲ သူတို့သူငယ်ချင်းသုံးယောက်စလုံးပြိုင်တူချစ်မိကြသတဲ့။တော်ရုံတန်ရုံချစ်ခြင်းမျိုးမဟုတ်ပဲ စစ်မှန်သောချစ်ခြင်းမျိုးနဲ့အရူးအမူးချစ်သွားခဲ့ကြတာတဲ့။

ဘယ်လောက် တိုက်ဆိုင်လွန်းတဲ့အဖြစ်အပျက်လဲ တစ်ခြားလူကသာလာပြောမယ်ဆိုရင် ယုံချင်မှယုံမှာပေမယ့်ဒီအဖြစ်အပျက်ဟာ ကိုယ်ကိုယ်တိုင်ပါဝင်ပတ်သက်နေရပြီဖြစ်ရာမယုံချင်ပါဘူး ပြောလို့လဲမရတော့ပြီတည်း။

ငါ ဘာလုပ်ရမလဲ။ဘာ လုပ်သင့်သလဲ ဒီပြဿနာကိုရှောင်လို့ရသေးတဲ့အခြေအနေဆိုတာ သိပေမယ့်ရှောင်ထွက်လိုက်ရမှာလဲ မရှောင်ချင်။သူငယ်ချင်းတွေကြားကသံယောဇဉ်နဲ့ခင်မင်မှုကိုလဲ မပျက်ချင်။

သတိုးလဲ သတိုးမို့။

ကြည်မင်းလဲ ကြည်မင်းမို့ တိမ်တိုက်ကခင်မင်လေသည်။

နှုတ်ကရော အမူအရာကပါ မပြသ၊မပြောဆိုတတ်သော်ငြား သူတို့အပေါ်မှာတော့ တိမ်တိုက်ရဲ့ခင်မင်တွယ်တာမှု

www.burmeseclassic.com

www.burmeseclassic.com



က အတော့်ကိုကြီးမားခဲ့တာဖြစ်သည်။

တိမ်တိုက်သည် ခင်ဝေးဝေးခင်ကိုနှုတ်ဆက်ပြီးပြန်ခဲ့ရသောအခါ သူ့ရင်ထဲတွင်သူမကိုလွမ်းဆွတ်သလိုခံစားရခြင်းနှင့်အတူ ငါဘာဆက်လုပ်ရမလဲဟူသောအတွေးတွေကပါ ရောနှောနှောင့်ယှက်ခံရတော့၏။

သူ့တွင် ထိုနေ့ကလည်း အိပ်မပျော်ခဲ့ခြင်းတည်းဟူသော နေ့ရက်တစ်ရက်ကိုကြုံတွေ့ရင်ဆိုင်ရရုံတင်မကအဲဒီနေ့ကစပြီး တိမ်တိုက်ရဲ့နေ့တွေညတွေဟာအတွေးပေါင်းစုံနဲ့ပြည့်နှက်နေခဲ့တော့တာပဲဖြစ်လေသည်။

## (၃)

"အဲဒီနေ့ကစပြီး မင်းတို့တစ်ခါမှပြန်မဆုံကြတော့ဘူးလား"

"ဆုံသေးတယ်"

"ဟော.."

"တမင်ပဲဆုံအောင် ဖန်တီးတာမဟုတ်ပဲ မတော်တဆ ဆုံသွားတာပါ၊ ကျွန်တော်သူ့ဆီဖုန်းတောင်ဆက်ဖို့စိတ်မကူးခဲ့ပါဘူး၊ တကယ့်ကိုမမျှော်လင့်ပဲဆုံခဲ့ကြတာပါ"

"မင်းကိုရေစက်ပါတယ် ထင်တယ် ဟဲဟဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ မတိုင်ခင်ပေါ့ သူနဲ့ထပ်မဆုံဖြစ်ခင် တစ်ရက်ကတော့ ကျွန်တော်တို့ သုံးယောက် ဆုံခဲ့ကြသေးတယ်"

"မင်းနဲ့ခင်ဝေဝေးခင် တို့ရဲ့ဇာတ်လမ်းကို မင်းမပြောခဲ့ဘူးမဟုတ်လား"

"ဘာလို့ပြောနေတော့မလဲဗျာ၊ ကျွန်တော်ဘာမှမဆုံးဖြတ်ရသေးဘူး ကောင်မလေးဟာကျွန်တော်တို့သုံးယောက်ထဲက ဘယ့်သူကိုရွေးမလဲ ဘယ့်သူ့ကိုမှမရွေးပဲနေမလဲဆိုတာမသိပဲနဲ့သူငယ်ချင်းချင်း မိန်းအတစ်ယောက်ကြောင့်စိတ်ဝမ်းမကွဲချင်ဘူးဗျာ"

"မင်း အကဲမခတ်တတ်ဘူးလား"

"သူက နိုင်ငံခြားမှာတောင်ပညာသင်လာတဲ့မိန်းကလေးလေ သူ့ရဲ့အမူအရာတွေ၊လူမှုဆက်ဆံရေးတွေဟာပွင့်လင်းတယ် ယောကျ်ားမိန်းမရယ်ခွဲခြားပြီးရှက်ရွံ့ရုံ့အမူအရာမျိုးနဲ့လဲ မဆက်ဆံတတ်ဘူး၊ အဲဒါကြောင့် ကျွန်တော်မခန့်မှန်းတတ်ပါဘူး"

သတိုးနဲ့တုန်းကလဲ တော်တော့်ကိုခင်မင်တဲ့ပုံစံနဲ့ဆက်ဆံခဲ့တာ၊ကြည့်မင်းကိုဆိုလဲ သိပ်ခင်ဖွင့်ရင်းနှီးခဲ့တာ



ကျွန်တော့်ကိုလဲ တရင်းတနှီးဆက်ဆံခဲ့တာလေ သူဘယ်သူ့အပေါ် ပိုသလဲဆိုတာ ဘယ်သူမှ မသိဘူး ကာယကံရှင် သူပဲသိတယ်"

"မင်းတို့သုံးယောက်ဆုံကြတော့ ဘာတွေရင်ဖွင့်ကြသလဲ"

တိမ်တိုက်၏စိတ်ဝိညာဉ်တွေက လွန်ခဲ့တဲ့ရက်အနည်းငယ်ဆီသို့ ရောက်ရှိသွားခဲ့ပြန်ပါသည်။

သတိုးက အရင်ဦးဆုံးရောက်လာရှာသည်။ သတိုးရောက်လာတော့ တိမ်တိုက်တချက်ပြုံတ်နေဆဲအခန်းထဲဝင်လာချင်း

"အား မွေးကြိုင်နေပါလားကွ ဒီနေ့တော့တိမ်တိုက်ကြီးလက်စွမ်းပြတာတွေ တဝတပြဲစားရဦးတော့မယ်ကွ"

www.burmeseclassic.com



ဟု အော်ကျယ်အော်ကျယ်ပြောရင်း မီးဖိုချောင်ထဲ တန်းဝင်လာသည်။

တိမ်တိုက်၏အခန်းကျယ်ကြီးမှာ ပေနှစ်ဆယ်၊ပေခြောက်ဆယ်ကျယ်ပြီး အိပ်ခန်းကနှစ်ခန်းပါသည်။အခန်းတံခါးကလည်းအထဲတွင် သစ်သားတံခါးတစ်ထပ်အပြင်ကခြင်လုံသံဇကာတံခါးတစ်ထပ်နှင့်ခေတ်မီသည့်တိုက်ခန်းပုံစံဖြစ်သည်။

ထမင်းဟင်းချက်ပြုတ်လျှင်တော့ တိမ်တိုက်ကသစ်သားတံခါးကိုဖွင့်ထားတတ်၏။သူငယ်ချင်းတွေလာမည်ဆိုလျှင်ခြင်လုံသံဆန်ခါတံခါးကိုလည်း သော့မခတ်ထားပဲ အပြင်ကဖွင့်လိုက်ရုံဖြင့်ပွင့်သွားအောင်ပိတ်ထားသည်မို့ သတိုးက ကိုယ်တိုင်ဖွင့်ဝင်လာနိုင်တာဖြစ်သည်။

"ဘာ ဟင်းချက်တာလဲကွ"

"ဝက်သားကို ရှိစ်လုပ်နေတာကွအာလူးနဲ့ရောပြီးဆီနေအောင်ချက်ထားတယ် မင်းတို့ကြိုက်တယ်ဆိုလို့ ငါတမင်အပင်ပန်းခံပြီးချက်နေတာကွ၊ ငါးနဲ့ပုစွန်တွေကိုတော့ ဆားနနွင်း၊အချိုမှုန့်၊ပဲငန်းပြာရည်နဲ့နယ်ပြီးနှပ်ထားတယ်ကွ၊ဝက်သားပြီးမှ grilled လုပ်မယ် ပန်းဂေါ်ဖီရယ်၊ဂေါ်ဖီရယ်၊ပဲပင်ပေါက်ရယ်၊မုန်လာဥနီရယ်ကိုတော့ အစိမ်းကြော်ကြော်ထားတယ်၊ ခပ်စိမ်းစိမ်း မာမာလေးလေ"

"တိမ်တိုက် မင်းကတော့ကွာ တကယ် စိတ်ရှည်လက်ရှည်ချက်တယ်၊ အချက်အပြုတ်လဲ တကယ်တော်တယ် မင်းမိန်းမဖြစ်မယ့်သူတော့ ကံကောင်းတာပဲ ငါတို့ဆိုမင်းလက်ရာကိုအမြဲ လက်ရာထက်တောင် ကြိုက်တယ်"

"တစ်ခါတလေမှပါကွာ များသောအားဖြင့် တစ်ခွက်ကောင်းပဲချက်ဖြစ်ပါတယ် ငါလဲအားတဲ့နေ့မျိုး မင်းတို့လာမယ့်နေ့မျိုးမှများများချက်တာပါ၊ သိပ်ပျင်းတဲ့အခါမျိုးကျရင်တော့ ခေါက်ဆွဲခြောက်တွေနဲ့ပဲနှစ်ပါးသွားနေရတာကွ"

"ငါးနဲ့ပုစွန်က ကင်မှာနော် ငါ ကင်ပေးမယ်"

"ဟိုကောင်ရဲ့ ကြည့်မင်းတော့ သူ့ဆိုင်က စောစောထွက်လာမယ်တဲ့ ငါ့ဆီဖုန်းဆက်ထားတယ်ကွ"

"ခုပဲ ရှစ်နာရီကျော်နေပြီ ဒီကောင်ကစီးပွားရေးသမားပီပီ မိနစ်တိုင်းကိုငွေနဲ့တွက်ပြီးနှမြောနေတာကွ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပဲ အပြင်ဘက်ကတံခါးဖွင့်သံကြားရပြီ
ကြည်မင်းခေါင်၏အသံကျယ်ကျယ်ကိုပါ ကြားလိုက် ရသေ
သည်။

"ဘယ်ကောင်လဲကွ ငါ့အိတ်ထဲအုပ်နေတာ ဟေ
"ငါကွ ငါပြောတာကွ၊လာ မင်းနောက်ကျမှရော
တဲ့အတွက် ငါတို့ချက်ပြုတ်ထားတာတွေ အဆင်သ
စားမယ့်အတွက် မင်း ငါတို့အတွက်ပန်းကန်တွေ
ပေး ထမင်းပွဲပြင်ပေးစမ်း"

"ဟေ့ကောင် ငါ့ကဒီမှာမင်းတို့အတွက်အာလူးကြေ
တွေငါးမုန့်ကြော်တွေဝင်ဝယ်နေတာကွ"

"လိမ္မာလိုက်တဲ့ လူကလေး"

သူတို့သုံးယောက်သား မီးဖိုချောင်ထဲမှာလုံးထွေး
ကြိတ်ပြီး ကလေးတွေလိုတဟီးဟီးတဟားဟား သဘော
ကျ အော်ရယ်လို့။

တိမ်တိုက်သည် သူငယ်ချင်းတွေဒီလိုတရင်းတ
နောက်ပြောင်၊ရယ်မော အသားမနာအောင် ထိုးကြ၊ကြိတ်
ချက်ပြုတ်စားသောက်ကြနဲ့အတူတူဆုံရသော အခွင့်အ
လေးဟာမကြာခင်ပျက်ပြယ်တော့မလား။ဖြူစင်ပွင့်လင်း



ပြီးအတေးတွေ၊အာယာတတွေ မရှိသောခင်မင်မှုသံယောဇဉ်
တွေဟာ ဘယ်တော့ပျက်စီးသွားတော့မလဲ။မိန်းမတစ်ယောက်
ကို ချစ်လိုက်မိခြင်းတည်းဟူသော နောက်ထပ်သံယောဇဉ်တစ်
ခုကြောင့် သူတို့ကြားမှာကြေကွဲစရာတွေဖြစ်ရတော့မည်လား။

နှစ်ပေါင်းနှစ်ဆယ်ကျော်လောက် ခင်မင်တွယ်တာတဲ့
သူငယ်ချင်းသံယောဇဉ်တစ်ခုဟာရက်ပိုင်း၊လပိုင်းအတွင်းမှာ
ချစ်လိုက်မိတဲ့ မိန်းမတစ်ယောက်အပေါ်ထားတဲ့သံယောဇဉ်
တစ်ခုအောက်မှာ ကျရှုံးရတော့မလား စသဖြင့်တွေးမိရင်းလူ
တ သူတို့နဲ့အတူလိုက်ရယ်နေရသော်လည်း အပြည့်အဝမပျော်
တော့သလိုခံစားရလေသည်။

ချက်ပြုတ်ပြီး ထမင်းဝိုင်းကြီးအတူတူဖွဲ့၍စားသောက်
ကြပြီးတဲ့အခါ အိမ်ရှေ့ဧည့်ခန်းမှာတီဗွီရှေ့မှာအတူတူထိုင်ကြပါ
သည်။

ဆိုဖာတွေပေါ်မထိုင်ကြပဲ ဖရောင်းပုဆိုးခင်းထား
သော ကြမ်းပြင်ပေါ်မှာလွတ်လွတ်လပ်လပ်ထိုင်လိုထိုင်၊လှဲလို
လှဲ၊ကြည်မင်း ဝယ်လာသောအာလူးကြော်၊ငါးမုန့်ကြော်များနဲ့
ဘီယာဘူးကိုယ်စီနဲ့ တီဗွီမှာတော့ MTV တစ်ခွေထည့်ပြီးဖွင့်
ကြည့်ပေမယ့် မကြည့်ဖြစ်ကြပဲ သူတို့ရောက်တတ်ရာရာပြော

www.burmeseclassic.com

www.burmeseclassic.com



ရင်း၊ဆိုရင်း နောက်ဆုံးတော့ကောင်မလေးတစ်ယောက်အ ကြောင်း ရောက်ကိုရောက်လာရတော့တာပါပဲ။

သတိုးက အရင်ဆုံးပင်သတိရသလိုအသံနဲ့ စပြော တော့လေသည်။

"ခင်ဝေးကို သတိရလာပြီကွာ"

"ဘာဖြစ်ရပြန်တာလဲ"

ကြည်မင်းခေါင်က ဟောက်လိုက်ပြီးမနာလိုသလို မျက်လုံးတွေနဲ့သတိုးကိုကြည့်လိုက်တာမြင်လျှင် တိမ်တိုက် သည်စိတ်မကောင်းစွာပင်သက်ပြင်းချလိုက်မိပါသည်။

မိန်းမတစ်ယောက်အကြောင်း စလိုက်တာနဲ့ခုနကရှိ နေတဲ့ခင်မင်မှုအစစ်အမှန်တွေ ပျက်ပြယ်ပြီးသူတို့ကြားမှာမလို တမာတာတွေ၊ကောက်ကျစ်တာတွေ ချက်ခြင်းနေရာယူသွား တာဟာ ဘယ်လောက်အံ့သြဖွယ်ကောင်းနေသလဲ။

"မသိပါဘူးကွာ သူတို့တစ်ခါတလေတွေမှာမနေ တတ်အောင် သတိရတယ် အလိုလိုနေရင်းသတိရ နေတယ်၊ သူ့အသံလေးဖြစ်ဖြစ် ကြားချင်လာတယ် ဖုန်းဆက်ရင် ခဏလောက်လေး စကားပြောလိုက်ရ တာ၊သူ့အသံကြားလိုက်ရတာကိုပဲ ကျေနပ်သွားတယ်





ကွာဒါပေမယ့် လွမ်းတော့ပိုလွမ်းသွားတယ်၊သွားတွေ့ ချင်ပေမယ့် သုံးလေးပတ်နေမှတစ်ခါလောက်သွား တွေ့တာပဲ ကောင်းပါတယ်၊ ခဏခဏသွားရင် အ နှောင့်အယှက်ပေးသလိုဖြစ်နေမယ်လို့ ကိုယ့်ကိုကိုယ် ဆုံးမထားရတယ်၊ သိပ်ချစ်လွန်းတော့လဲ ကိုယ့်အပြု အမူ ကိုယ့်ရဲ့ဆန္ဒတစ်ခုကြောင့် သူစိတ်ညစ်ရမှာလဲ စိုးရိမ်တာပေါ့ကွာ"

"ငါ့ရဲ့ဖုန်းလုံးလေးကတော့ ငါ့ရဲ့ဗီဒီယိုခွေဆိုင်ကိုလာ တော့လာပါရဲ့ အရင်ကလိုအပတ်တိုင်းမဟုတ်တော့ ဘူး နှစ်ပတ်တစ်ခါ၊တစ်ခါတလေကြာမှလာတယ် လာရင်လဲ သူ့အမေအမြဲပါတယ်၊ သူတမင်ခေါ် လာတာဖြစ်မှာပေါ့ ငါ့ကိုတော့ အရင်ကလိုပဲတရင်း တနှီးခေါ်ပြောဆက်ဆံတယ်၊ ဗီဒီယိုခွေတွေကိုငါ့ကို ပဲ ရှာခိုင်းပါတယ် ဒါပေမယ့်ငါကဖုန်းဆက်ရင်တော့ ဝတ်ကျေ တမ်းကျေပြောပြီး အလုပ်အကြောင်းပြပြီး ဖုန်းချသွားတတ်တယ်...

သူ ငါ့ကိုပြောသလိုပဲမိတ်ဆွေတွေလိုပဲ ခင်ချင်ပါ တယ်ဆိုတာတကယ်ပဲလားကွာ၊ဒါပေမယ့် ငါက



www.burmeseclassic.com

www.burmeseclassic.com



တော့မိတ်ဆွေမှမဖြစ်ချင်တာ ဘယ်လိုလုပ် စိတ်ထဲ ပြောင်းလို့ရမလဲ''

တိမ်တိုက်သည် မချိတရိလေးပြုံးရင်း MTV ကိုသာ အာရုံစိုက်ထားမိပါသည်။

''တိမ်တိုက်ကြီးပဲကောင်းတယ် အချစ်ဆိုတာကိုသီချင်းတွေထဲမှာလွဲရင် ဘယ်မှာမှ ရှာမတွေ့တော့ တကယ် အေးဆေးပါတယ်''

''မိန်းမတစ်ယောက်ရဲ့ သိပ်လှပြီး တောက်ပနေတဲ့ မျက်လုံးတွေနဲ့ ကိုယ်တွေ့မဆုံရသေးလို့ပါ သတိုးရာ''

''ကြည်မင်းရဲ့ဖန်လုံးလေးမှာလဲ သိပ်လှတဲ့မျက်လုံးတွေရှိတယ်၊ ငါ့ရဲ့ခင်ဝေးမှာလဲသိပ်လှတဲ့မျက်လုံးတွေရှိတယ် ချစ်စရာကောင်းတဲ့ကောင်မလေးတွေမှာအာလို့သိပ်လှတဲ့မျက်လုံးတွေရှိနေကြတာလဲကွာ''

ကြည်မင်းနဲ့သတိုးတို့ရဲ့စကားတွေကြောင့် တိမ်တိုက်မှာခင့်ရဲ့ဝိုင်းဝိုင်းလက်လက် မျက်ဝန်းကြည်ကြည်လေးတွေကိုဖျတ်ခနဲမြင်ယောင်သတိရသွားကာ..

''မျက်လုံးတွေနဲ့ပြုစားနေတာပါကွာ လှတယ်လို့ထင်ယောင်ထင်မှားဖြစ်နေကြတာပါ၊ အမှန်တော့သိပ်လှချင်မှလှမယ် မင်းတို့ပြုစားခံလိုက်ရတာကွ''

သူကိုယ်တိုင်ပြုစားခံနေရရက်နဲ့ အဲဒီ့မျက်လုံးတွေကိုကောင်းတာပဲရှာကြံပြောကြည့်၏။မရ။ရင်ထဲမှာ ချစ်မြတ်နိုးနေတာတွေ ..ပျောက်မသွား။

ပြီးတော့ သတိုးက..

''ခင်ဝေးရဲ့ချစ်စရာကောင်းတဲ့ နှုတ်ခမ်းလေးတွေကပြောတဲ့စကားလုံးတိုင်းဟာလဲ နားထောင်လို့ကောင်းတယ်''

''ငါ့ရဲ့ဖန်လုံးလေးမှာလဲ ပန်းနုရောင်နီနီလေးနဲ့တူတဲ့နှုတ်ခမ်းလေးရှိတယ်၊ အဲဒီ့နှုတ်ခမ်းလေးကအမျှင်မပြတ်အောင် စကားများတာလေးက သိပ် ကလေးဆန်ပြီးငေးကြည့်နေဖို့ကောင်းတယ်ကွာ''

တိမ်တိုက်သည် သူလဲငေးနေမိခဲ့သောနှုတ်ခမ်းလှလှလေးတစ်စုံကိုလွှင့်ခနဲသတိတရဖြစ်သွားခဲ့သည့်အခါ

''အမှန်တော့ အပြုံးနဲ့ဖြားယောင်းတာပါကွာ အသံနဲ့စိတ်ညှို့ထားလိုက်တာပါ တကယ့်တကယ်အစစ်အမှန်ဟုတ်ချင်မှဟုတ်မယ် ငါတော့သိပ်မယုံကြည်ပါ





ဧ ဓ တ ဒ ၇ ဓ ၇ ဧ ပ

www.burmeseclassic.com

www.burmeseclassic.com

ဘူး၊ မင်းတို့အတွက်ကောင်မလေးဟာ သူ့ရဲ့ဆယ့်နှ
ကြိုးစုံတဲ့ ပညာတွေ မာယာတွေနဲ့ ဖန်တီးပေးထား
တာ''

သူက ဤသို့ကလန်ကဆန်ပြောကြည့်ခဲ့ပြန်သည်။
ဒါပေမယ့် သူ့နှလုံးသားကတော့ အဲဒီစကားတွေလိုလျော
ပြောင်နေပါတယ်။သူ့ စိတ်ဝိညာဉ်ကတော့ဟားတိုက်ရယ်မော
နေပါတယ်။သူ့ ခန္ဓာကိုယ်ရဲ့အစိတ်အပိုင်းတွေကတော့ ကောင်
မလေးရဲ့ပုလဲလုံးလေးတွေစီထားသလို သွားလေးတွေကိုလှ
စွာဖွဲ့စည်းပေးထားသော နှုတ်ခမ်း စုစုနီနီလေးအား လွမ်းဆွတ်
တမ်းတနေပါတယ်။

နောက်တော့ တိမ်တိုက်သည်ငြိမ်ငေးသွားခဲ့ပြီး စိတ်
ဝိညာဉ်တွေကကိုယ်နဲ့မကပ်ချိန်မှာ သတိုးနဲ့ကြည်မင်းကတော့
စကားအမျှင်မပြတ်စွာ သူတို့ရဲ့ခံစားချက်တွေကိုဖလှယ်နေကြ
တော့၏။

မေ့ခနဲ အိပ်ပျော်သွားသောအခါ ခင့်ကိုသူအိပ်မက်
ထဲမှာဆုံရလေသည်။

ခင်က သူ့ကိုလှိုက်လှိုက်လှဲလှဲပြုံးပြနေသောအိပ်မက်
ထဲမှာ တိမ်တိုက်ကတော့ သူ့ကိုယ်သူရှာမတွေ့ပဲဝမ်းနည်းစွာ



ငိုကြွေးနေရသော အိပ်မက်။ခင်နဲ့ပတ်သက်သော ဤပထမ
ဆုံးမက်ရတဲ့အိပ်မက်မှပြန်နိုးသောအခါ သူ့ရင်ထဲမှာနာကျင်နေ
ပြီး သူ့ကိုယ်သူပြန်ပြီးမုန်းတီးနေခဲ့တော့လေသည်။

နောက်တစ်နေ့ မနက်ကျတော့တိမ်တိုက်သည်အလုပ်
တိုက်စွာအတွက် အပြင်ထွက်စရာမရှိပေမယ့် အိမ်မှာလဲနေချင်စိတ်
မရှိ၍ အပြင်ထွက်လာခဲ့တာဖြစ်သည်။မဟာဗန္ဓုလပန်းခြံလမ်း
ထဲ သူတစ်ယောက်တည်းအေးအေးဆေးဆေးလျှောက်ရင်းတွေ
သမျှ အသိမိတ်ဆွေတွေလဲနှုတ်ဆက်စကားပြောရင်း တိမ်
တိုက်လိုအနုပညာလောကထဲက လူတစ်ယောက်အဖို့တွင်ကား
အသိမိတ်ဆွေတွေမှာ ဒီမဟာဗန္ဓုလပန်းခြံလိုနေရာမျိုးမှာတော့
အတော့်ကိုများပြားနေတတ်ပါသည်။

ယင်းမာတေးသံသွင်းဆိုင်ရှေ့ရောက်လျှင် နိုင်ငံခြား
သီချင်းခွေတွေဝင်ကြည့်ချင်စိတ်ဖြစ်တာနဲ့ ဆိုင်ထဲဝင်လာ
လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ကိုတိမ်တိုက်ကြီး မတွေ့တာတောင်ကြာပြီဗျာ ဟို တလောကအသစ်လေးတစ်ယောက် ခွေတစ်ခွေလုံး ခင်ဗျားလက်ရာဆို၊ သူ့ခွေတောင်ထွက်ခါနီးပြီ၊ ကျွန် တော်အကြမ်းခွေနားထောင်လိုက်ရတယ် သီချင်းတွေ ကောင်းလှချည့်လားဗျ၊ ကောင်လေးအသံနဲ့လဲလိုက် တယ်၊လူကလဲ ငယ်ရုံမကအခွေမထွက်ခင်ကတည်း ကလဲကြော်ငြာမြင်တော့ လူငယ်တော်တော်များများ စိတ်ဝင်စားနေကြပြီး ဒီခွေလဲပေါက်မှာသေချာတယ် ကိုတိုက်ကြီးလက်ရာဆို အပျံစားတွေဖြစ်ဖြစ်သွားတာ နော်"

ယင်းမာထဲဝင်ဝင်ချင်း အသိတစ်ယောက်နဲ့ထပ်တွေ့ ပြန်တော့ စကားလက်ဆုံကျရပြန်သည်။

"အဒေရင်ဆိုတဲ့ကောင်လေးထင်တယ် ကောင်လေး ကတော်ပါတယ် အဆိုသင်တန်းလဲ တက်ထားတော့ ပိုအဆင်ပြေတာလဲဖြစ်မယ်"

"ကိုတိုက် ဘာလာရှာတာလဲ"

"ဘာရယ်မဟုတ်ပါဘူး အင်္ဂလိပ်ခွေထဲကဘာများ အသစ်ရောက်လဲလာကြည့်တာ"



"စီဒီပဲ ကြည့်တာမဟုတ်လား"

"ဟုတ်တယ် ဘာတွေရောက်နေလဲ"

တိမ်တိုက်သည် စီဒီခွေတွေကိုစိတ်ဝင်တစားငေးမော နေခဲ့ပါသည်။သူ့စိတ်အာရုံက သီချင်းစီဒီတွေကြားထဲနစ်သွားခဲ့ သည်။

ခင်သည် ဆိုင်ထဲဝင်လာသမျှလူတွေကိုစိတ်မဝင်စား ပဲ ကိုယ်လိုချင်တဲ့သီချင်းခွေကိုသာ ရွေးချယ်နေချိန်တွင် 'ကို တိမ်တိုက်ကြီး' ဟူသောအော်ဟစ်နှုတ်ဆက်သံကျယ်ကျယ် တစ်ခုကြောင့် နှလုံးသားအစုံတွင်ဒိန်းခနဲအသံကျယ်ကြီးမြည် သွားလျက်ဝမ်းသာအားရပင်မော့ကြည့်လိုက်မိတော့လေသည်။

ခင်ရဲ့ သူကား မိတ်ဆွေနဲ့ရယ်မောနှုတ်ဆက်၍။ လက်ဆွဲနှုတ်ဆက်စကားတွေပြော၍။ခင်ကတော့ သူတို့နဲ့အနီး ဆုံးဖြစ်ရာ သူတို့ပြောသမျှကိုလုံးစေ့ပတ်စေ့ကြားရလေသည်။

သူဟာ နာမည်ကြီးတေးရေးဆရာတစ်ယောက်ဆိုတာ သိပြီးလေပြီ။သူ့အမည်ကိုသိရပြီး သူသီချင်းတွေရေးတယ်ဆို တာသိရပြီးကတည်းက ခင်သည်သူနဲ့ပတ်သက်သမျှတွေကိုအ တိအကျလိုက်၍ လေ့လာစုံစမ်းခဲ့ရာ သူဟာသာမန် သီချင်း ရေးသူတစ်ယောက်မဟုတ်ဘဲ တကယ့်နာမည် ကြီးတေးရေး

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက်ဆိုတာသိခဲ့ရတာပဲဖြစ်သည်။

ခင်သည် စီဒီတွေကိုစိတ်ဝင်တစားငေးမောနေသော သူ့ကိုခိုးကြည့်ပါသည်။ဒီတစ်ခါ မြင်ရတဲ့ သူ့မျက်နှာကလေး ကပြည့်ပြည့်တင်းတင်းနှင့်မျက်လုံးတွေကလည်းကြည်လင်နေသည်မို့ သူ ညကအိပ်ရေးပျက်ခဲ့ပြီးသီချင်းမရေးခဲ့ဘူးလို့သတိပြုမိပါသည်။

သူသည် လက်တစ်ဘက်ကခါးတွင်ခပ်ပြေပြေလေး ထောက်လျက် ကျန်လက်တစ်ဘက်ကတော့စီဒီတွေထည့်ထားရာ မှန်ရှိုးကေ့စ်ကိုလက်ညှိုးဖြင့် လိုက်ထောက်၍တစ်ခုချင်း စိမ်ပြေနပြေကြည့်နေသည်။

သီချင်းခွေတွေကို စိတ်ဝင်တစားပင်ကြည့်ရှုလေ့လာနေမှန်း တကယ်သိသာပါသည်။ခင်သည် သူ့နံဘေးတွင်သွားရပ်လိုက်တာတောင် သူကားလှည့်မကြည့်။

"ကိုတိမ်တိုက်"

ခင်သည် မတိုးမကျယ်အသံဖြင့်သူ့ကိုခေါ်လိုက်လျှင်သူသည် ဆတ်ခနဲဖြစ်သွားလျက်လှည့်ကြည့် လိုက်လေသည်။

တိမ်တိုက်သည် သူ့ပုခုံးဘေးတွင်ရပ်ပြီးမော့၍ပြုံးပြ





နေသော ရှေ့သွားကြီးကြီးလေးအားမြင်လိုက်ရသည့်အခါဆုံ ဆည်းပေးသောကံတရားကို သူစိတ်လဲပျက်။စိတ်လဲ ပျော်ရ တော့သည်။

ချစ်သူကိုမတွေ့ချင်တဲ့လူရှိပါ့မလဲ။တွေ့ချင်မြင်ချင်တာပေါ့။တွေ့ခွင့်ရတော့လဲ ရင်ထဲမှာပျော်ရွှင်ချမ်းမြေ့ခဲ့ရတာပေါ့။

သို့သော် ကိုယ် ဒီပြဿနာထဲဝင်မပါသင့်ဘူး။သိသိကြီးနဲ့ရှေ့ဆက်မတိုးသင့်တော့ဘူးဆိုသော အတွေးကပါရောနှောဝင်ရောက်လာသောအခါ သူတို့ကိုထပ်ဆုံပေးသောကံကြမ္မာကိုစိတ်ပျက်သွားခဲ့တာဖြစ်ပါသည်။

ခင်က ဒီနေ့ပိုလှနေတာ။အပြာရောင်လွှင်လွှင်လေးနဲ့နဖတ်နေတာ။သူ့ကို ချစ်စဖွယ်ပြုံးပြနေတာ ဒါတွေသူလည်းလူသားပီပီယစ်မူးပါရဲ့။စွဲလမ်းပါရဲ့။ဒါပေမယ့် သူ့တွင်ဝေခွဲမရခြင်းတည်းဟူသောအတွေးများက ခေါင်းထဲတွင်ကြီးစိုးနေရာ သူဘယ်လိုမှ အပြည့်အဝမခံစားနိုင်ချေ။

"မမှတ်မိလို့လား ဟင်"

ခင်သည် ခင့်ကိုမမြင်ဖူးသလိုအကြာကြီးငုံ့ငေးနေသောသူ့ရဲ့မျက်လုံးတွေကြောင့် ရုတ်ချည်းပင်ဝမ်းနည်းသွားဘာ



www.burmeseclassic.com

www.burmeseclassic.com



အသံတုန်တုန်လေးနဲ့မေးလိုက်တော့သည်။

ဒီတော့မှတိမ်တိုက်သည် လှုပ်လှုပ်ရှားရှားဖြစ်လာလျက်အားနာသလိုပြုံးရင်း

"ဆောရီး...ညီမ...အဲ...ခင် မှတ်မိပါတယ်၊ရုတ်တရက်ဆိုတော့ အံ့သြပြီးဘာပြောရမှန်းမသိဖြစ်သွားတာပါ"

"တော်ပါသေးရဲ့ ခင်ဖြင့် အရက်ကွဲပြီ ထင်နေတာသိလား"

"ခင် ဘယ်လာတာလဲ"

"သီချင်းအသစ် ဘာတွေများ ထွက်သလဲလို့ လာကြည့်တာပါ ကြိုက်တာစိတ်ဝင်စားတာလေးတွေရှိရင်လဲ ဝယ်မလို့"

"ဘာတွေ ဝယ်ထားလဲ"

"ဝယ်ထားတာအများကြီးပဲ အဆိုတော်အသစ်ထဲက တီဗွီမှာကြော်ငြာတာကောင်းရင်လဲ ဝယ်လိုက်တာပဲ တချို့တွေက မပေါက်ပေမယ့် ခင်က ကြိုက်ချင်ကြိုက်နေတတ်တယ်"

"အဲဒါမှ သီချင်းကြိုက်တဲ့လူလို့သတ်မှတ်တာ သီ





ချင်းတကယ်ကြိုက်ရင် အဆိုတော်မရွေးဘူး၊ အောင်မြင်တာမအောင်မြင်တာလဲ မရွေးတော့ဘူးတဲ့ခင်က တကယ် သီချင်းကြိုက်တဲ့လူစားမျိုးပဲ"

"ကိုတိမ်တိုက်ကရော သီချင်းခွေတွေ လာရှာတာလား"

"နိုင်ငံခြားစီဒီထဲက ဘာများအသစ်ရောက်လဲလာကြည့်တာပါ ကျွန်တော်လဲဘာသီချင်းဖြစ်ဖြစ်ကြိုက်တယ် ကော်ပီလုပ်ဖြစ်ချင်မှလုပ်ဖြစ်မှာပေမယ့် ကျွန်တော်စိတ်ဝင်စားတဲ့ သီချင်းဆိုဝယ်ပြီး နားထောင်လိုက်တာပါပဲ"

"ဝယ်ပြီးပြီလား"

"စိတ်ဝင်စားဖွယ်ရာမတွေ့သေးပါဘူး ခင်ကရောပြန်တော့မလား"

"ကိုတိမ်တိုက်ကိုတွေ့လို့ လာနှုတ်ဆက်တာပါ ခင်အိမ်ပြန်ဦးမှာမဟုတ်သေးဘူး၊ ဒီနေ့အလုပ်အားလို့ ပျင်းပျင်းနဲ့မြို့ထဲလျှောက်ကြည့်တာ"

ခင်သည် သူကဘာများစတင်လိုက်မလဲလို့အမျှော်လင့်ကြီးမျှော်လင့်နေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင့် တစ်သက်တာတွင်ကိုယ့်ဘက်က ဘယ်တုန်းကမှ မစတင်ခဲ့ဖူးသော်ငြား သူနဲ့ကျတော့ ကိုယ်ကသူ့ကိုမျှော်တလင့်လင့်ဖြစ်နေရသလို သူသာမလှုပ်ရင်ကိုယ်ကပဲစပြီးလှုပ်ချင်လှုပ်ရပါစေတော့ရယ် လို့ ခပ်ရှက်ရှက်နဲ့ဆုံးဖြတ်ရလေပြီ။

"ကိုတိမ်တိုက်ကို ခင်ကမိတ်ဆွေအဖြစ်နဲ့ရောနှောမည်ကြီးသီချင်းရေးဆရာအဖြစ်နဲ့ရောခင်မင် သိကျွမ်းခွင့်ရလို့မှန့်ကျွေးပါရစေ"

တိမ်တိုက်သည် ခင်က ဒီလိုစပြောတော့ သူ့ရင်ထဲတွင် ဖြောင်းဆန်အောင် လှုပ်ရှားတုန်ခတ်သွားရပါသည်။

ကြည့်စမ်း...။ခင်က မရဲတရဲအမူအရာလေးနဲ့ သူ့ကိုဖိတ်ခေါ်တာတဲ့။ခင် ရိုးရိုးသားသားသူ့ကို ဖိတ်ခေါ်တာ...၊ ခင်မင်တာလို့ပဲ ထင်ပါရစေတော့ခင်ရယ်။

ကိုယ့်ကိုကိုယ်လည်း အဲ့ဒီ့လောက်အထင်မကြီးသလို မိန်းမတစ်ယောက်ကိုလည်း အလွယ်တကူလျှော့မတွက်လိုပါဘူး။ခင်ဟာ သူ့အပေါ် ခင်မင်တာပါ။အနုပညာသမား တစ်ယောက်အဖြစ် လေးစားခင်မင်တာပါပဲရယ်လို့ တိမ်တိုက်က ယူဆထားပါသည်။

"ဘယ်ဟုတ်မလဲ...ကျွန်တော်က ကျွေးရမှာပေါ့၊



ခင်က အငယ်ပဲ၊ကျွန်တော်က အကြီးပဲ"

"ဟင်...ခင်နဲ့ ကိုတိမ်တိုက်မှာ ဘယ်လိုလုပ် အသက်,အကြီးအငယ်ရှိမယ်မှန်း သိနေလဲ၊ခင်က ကိုတိမ်တိုက်ထက်ငယ်ချင်မှ ငယ်မှာပေါ့"

တိမ်တိုက်မှာကား ခင့်အကြောင်း ဟိုကောင်တွေပြောလွန်း၍သိနှင့်နေရာ ခင်သည် သူ့ထက် အသက်ငယ်မှန်းအရင် ကြိုသိနှင့်နေတာဖြစ်သည်။ခင့်ကို မမေး၊သူကလည်း မပြောမိပါဘဲ သူသိနှင့်နေ၍ ယောင်ပြီးပြောလိုက်မိရာ ခင်က မျက်မှောင်လေးကျုံ့နေတော့၏။

တိမ်တိုက်သည် ကမန်းကတန်းပင် စကားရောဖောရော လုပ်ကာ...

"မှန်းပြီး ပြောတာပါဗျာ...၊ခင်က ဘာပဲဖြစ်ဖြစ် ကျွန်တော့်ထက်တော့ အနည်းဆုံးနှစ်နှစ်,သုံးနှစ်လောက်တော့ ငယ်ကိုငယ်မယ်လို့ ထင်နေလို့ပါ"

"ခင့်အသက် နှစ်ဆယ့်လေး"

ခင်က မခံချင်သလို နှုတ်ခမ်းလေးစူပြီးဆောင့်ဆောင့်အောင့်အောင့်လေး ဖြေသည်။

"ကျွန်တော်က ခင့်ထက် ငါးနှစ်စောပြီး လူ့လော

www.burmeseclassic.com



ကထဲကို ရောက်လာတာပါခင်ရယ်၊ကဲ…ကျွန်တော် မှန်းတာ မှန်တယ်မဟုတ်လား၊ခင်ကကျွန်တော့်ထက် ငယ်ကိုငယ်နေတာပါပဲ”

“မယုံပါဘူး၊ဟုတ်ရဲ့လား၊ခင့်ထက် အသက်ကြီးချင်လို့ တမင်ပြောတာမဟုတ်လား”

“မှတ်ပုံတင်ပြရမလား”

“အံမယ်”

“ကဲ…လာလေ ခင်၊ကျွန်တော်ပဲ ကျွေးပါရစေ၊ခင် ဘယ်မှာ စားချင်လဲ”

“ခင် ကျွေးမယ်လို့ပြောပြီးပြီ၊ခင် အရင်ပြောတာလေ”

“နောက်တစ်ခါမှပေါ့”

“ဘယ်လိုလုပ်အခုလို မတော်တဆုံတာရှိမလဲနော်”

ခင်သည် ပြောနေရင်းမှ ကိုယ့်ဘက်က သိပ်ပြီးစတင်သလိုများဖြစ်နေမလားရယ်လို့ တွေးမိပြန်လျှင် ကိုယ့်ကိုကိုယ်ပင်ပြန်ရှက်မိပြန်သည်။

“ကျွေးချင်တဲ့လူက ငြိမ်မနေတတ်ပါဘူး၊ခင်ကပြန်ကျွေးချင်ရင် နောက်တစ်ခါတော့သေသေချာချာချိန်း



ပြီးဆုံကြတာပေါ့”

ခင်သည် ကိုယ်ခင်းတဲ့လမ်းကို သူဝင်လာတာမို့ ရင်ထဲတွင် ကျေနပ်သွားခဲ့ပါသည်။ခင်သည် သူ ဦးဆောင်ရာနောက်သို့ လိုက်ခွင့်ရသောအခါ ခင်၏ မျက်နှာလေးကား ပြုံးမြနေတော့သည်။

ခင်တို့ လှပတဲ့ ကော်ဖီဆိုင်လေးတစ်ဆိုင်ထဲ ဝင်ခဲ့ပါတယ်။Romanticပုံစံလေးနဲ့ မီးခပ်ပျပျရှိသော ဆိုင်ကလေးထဲမှာ သီချင်းအေးအေးငြိမ့်ငြိမ့်လေးတွေ ဖွင့်ထားပါသည်။

ကျောက်စားပွဲခုံလေးတွေနဲ့ ကုလားထိုင်လှလှလေးတွေ ချထားတဲ့ ဒီဆိုင်ထဲမှာလူငယ်လေးတွေမှာ ကော်ဖီ၊လက်ဖက်ရည်တွေရဲ့ အရသာကို ခံစားရင်း သီချင်းသံထဲမှာနစ်မြှုပ်နေတာတွေ့ရပါသည်။

“ခင် သံဘောကျရဲ့လား”

“သဘောကျပါတယ်၊ခင်လဲ ကော်ဖီကြိုက်တာနဲ့အတော်ပါပဲ”

“မုန့်တော့ သိပ်မစုံဘူး ခင်”

“ဘာမုန့်ရလဲ..၊ခင်ကမုန့်သိပ်စားတာနော် ကိုတိမ်တိုက်က ကျွေးလို့ဆိုပြီး အားနာပြီး လျှော့စားမယ်

www.burmeseclassic.com

www.burmeseclassic.com



မထင်နဲ့၊စားမှာပဲ''

''စားပါ၊ကျွန်တော်က ပိုကောင်းတာ ကျွေးချင် ပါ
တယ်၊သိပ်ဝေးမှာစိုးလို့ မြို့ထဲနဲ့ နီးတဲ့နေရာပဲ လာ
လိုက်တာ၊ခင်.. ဘာမှာမလဲ၊ဆူရှူကီးကော်ဖီသောက်
မလား''

''အင်း သောက်မယ်''

''မုန့်က မီနူးထဲမှာ ကြည့်ပြီး မှာနော်''

''စိတ်ချ၊မှာမယ်''

တိမ်တိုက်က လန့်သွားသလို ပုံစံဖြင့် ပခုံးတွန့်ပြ
ရင်း မျက်လုံးပြူးပြလျှင် ခင်က အသံတိတ်ပြုံးနေခဲ့ပါသည်။

''ခင်...ခဏလေးထိုင်ဦးနော်၊ဟိုမှာ မိတ်ဆွေတစ်
ယောက် လှမ်းလက်ပြနေလို့ သွားနှုတ်ဆက်လိုက်
ဦးမယ်''

''ရတယ်လေ...သွားပါ''

ခင်သည် ပခုံးကိုကျော်ပြီး ဆံပင်တွေကွယ်လျက်
ခင့်ကျောဘက်မှာရှိသော သူ့မိတ်ဆွေဆိုသူကို စပ်စုလိုက်သေး
၏။

သူ့မှာ မိတ်ဆွေတွေက တွေ့ပဲတွေ့နိုင်လွန်းတယ်၊



အေးလေ...သူက နာမည်ကြီး သီချင်းရေးဆရာပဲ။အနုပညာ
လောက၊သီချင်းလောကထဲက လူပဲ။အသိမိတ်ဆွေပေါတာ
တော့ မဆန်းလှပါဘူး။ပြီးတော့ ဒီလို ဆိုင်လှလှလေးတွေဆို
တာ သူတို့လို စိတ်ကူးယဉ်သမားတွေကျက်စားရာနေရာမျိုးပဲ။

ဒီလိုနေရာ...အင်း ဒီလိုနေရာလေးဟာ ချစ်သူစုံတွဲ
တွေလည်း သဘောကျတတ်တဲ့ ဆိုင်မျိုးလေးပဲ။ချစ်သူစုံတွဲ
တွေ ကော်ဖီအရသာလေးကို မြည်းရင်း၊သီချင်းသံ ငြိမ့်ငြိမ့်
လေးနဲ့ တစ်ယောက်မျက်နှာတစ်ယောက်ငေးရင်း အချိန်ဖြုန်း
ကြတဲ့ ဆိုင်မျိုးလေး။

ကြည့်စမ်း...။သူက ဒီလိုဆိုင်မျိုးကို ခင့်အရင်ကောင်
မလေး ဘယ်နှစ်ယောက်နဲ့များ လာဖူးပြီးပြီလဲ...၊ဒါမှမဟုတ်
သူ့မှာ လက်ရှိ ချစ်သူကောင်မလေးရော ရှိနေသလား။

ခင်သည် စားပွဲပေါ်တွင် ကျန်ခဲ့သောသူ့ရဲ့ယောကျ်ား
ကိုင် ပိုက်ဆံအိတ်လေးဆီ မျက်လုံးရောက်သွားပါသည်။

ရည်းစားပုံမျိုးဆိုတာက ကိုယ်နဲ့မကွာထားတတ်တာ
မျိုး။များသောအားဖြင့် ပိုက်ဆံအိတ်လေးတွေထဲမှာ၊အိပ်ရာ
ဘေးက စားပွဲပေါ်မှာ ထားတတ်ကြတာ။သူကရော...ချစ်သူ
ရဲ့ ဓာတ်ပုံကို ဘယ်မှာထားလိမ့်မလဲ။

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ရဲ့ ပိုက်ဆံအိတ်ကို ထိုသူမသိအောင် ယူကြည့်တယ်ဆိုတာဟာ အင်မတန်ကို ရိုင်းစိုင်းတဲ့ အပြုအမူမျိုးပါ။သို့သော် ခင်သည် သူနဲ့ ပတ်သက်ရင်တော့လုပ်သင့်တာ၊မလုပ်သင့်တာတွေလည်းမမြင်တော့ချေ။မသိတော့ချေ။ ခင်သည် ဓွတ်တရွတ်နဲ့ ကိုယ်လုပ်ချင်တာကိုပဲ ဦးစားပေးချင်စိတ်တွေ ဖြစ်နေတတ်စမြဲ။

ခင်သည် သူ့ကို တစ်ချက်ခိုးကြည့်လိုက်ရာ သူက သူ့မိတ်ဆွေနဲ့ စကားအမျှင်မပြတ်သေး။ခင်သည် စားပွဲပေါ်တွင် မေးထောက်ထိုင်နေရင်း ခင့်လက်တစ်ဘက်ကတော့ တစ်ဘက်ခြမ်းမှာ တင်ထားခဲ့သော သူ့ပိုက်ဆံအိတ်ဆီရောက်သွားလိုက် လက်ချောင်းလေးတွေကို စားပွဲနဲ့ထိ၍ ခေါက်ပြန်နောက်တွန့်သွားလိုက်ဖြင့် သုံးခါလောက်လုပ်ပြီးသည့် အခါ နောက်ဆုံးတော့ ခင်ဟာ သူခိုးလက်တွေလိုပဲလျင်မြန်စွာ ဖျတ်ခနဲ လျင်မြန်စွာပင် ပိုက်ဆံအိတ်ကလေးအားယူလိုက်ပြီးလေပြီ။

ခင်သည် လက်တစ်ဖက်ကတော့ မေးထောက်ရင်းသားနဲ့ ပိုက်ဆံအိတ်ခေါက်လေးကို ကျန်လက်တစ်ဘက်က ဖွင့်လိုက်ပါသည်။





အဲဒီမှာ ခင်ငေးသွားရတော့တာတည်း…။

သူ့ ပိုက်ဆံအိတ်ရဲ့ အရင်ဆုံးအကန့်ထဲမှာတော့ ခင်မျှော်လင့်သလို ဓာတ်ပုံလေးတစ်ပုံကို တွေ့လိုက်ရပါရဲ့။

ဒါပေမယ့်…အဲဒီဓာတ်ပုံကား ကောင်မလေး တစ်ယောက်ရဲ့ ဓာတ်ပုံတော့ မဟုတ်ခဲ့ပါ။

ပို့စ်ကတ်ဒ်ဆိုက် ဓာတ်ပုံရဲ့ လေးပုံတစ်ပုံသာရှိသောပုံ သေးသေးလေးထဲမှာတော့ လွတ်လပ်စွာ ရယ်မောနေကြတဲ့ ကောင်လေး သုံးယောက်ရှိနေသည်။

သူတို့ချစ်ခင်ရင်းနှီးစွာ တစ်ယောက်ပခုံးတွေကို တစ်ယောက်က နွေးထွေးမှုများနဲ့ သိုင်းဖက်ထားကြသည်။

သူတို့ရဲ့ မျက်နှာတွေဟာကြည်လင်လန်းဆန်းနေကြပြီးတစ်ယောက်နဲ့တစ်ယောက်ရဲ့ သံယောဇဉ်တွေကို အဲဒီအပြုံးမျက်နှာတွေမှာ မြင်နိုင်ပါသည်။

သူတို့ကို ခင် သိပ်မြင်ဖူးတာပဲ။ခင်သည် ပိုမို ငုံ့လိုက်ရုံမက ဓာတ်ပုံလေးကို ခင့်မျက်လုံးတွေနဲ့ ကပ်ကြည့်သည့် အခါ ခင်သည်…

"ဟင်…သူတို့"

ဟူ၍ပင် တအံ့တဩဖြင့်ရေရွတ်လိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့…၊ယနေ့ရှိနေသော အသက်အရွယ်ထက်တော့ လေးငါးနှစ်ငယ်နေပေမယ့် သူတို့ရဲ့ ရုပ်ရည်တွေဟာ ခင် ယခု သိကျွမ်း မြင်တွေ့ရတဲ့ ရုပ်ရည်တွေနဲ့ သိပ်ပြီးအပြောင်းလဲကြီး မပြောင်း လဲတာမို့ ခင်သည် တစ်ယောက်ကိုကြည့်လိုက် မျက်လုံးမှိတ်ပြီး ယခုတွေ့နေရသောပုံကို ပုံဖော်ကြည့်လိုက်ဖြင့် …။

"ကိုသတိုး…ဒါက"

ခင်သည် အားလုံးထဲမှာ ခေါင်းတစ်လုံးစာလောက် လေးပုနေသော လွှမ်းမိုးမှုတစ်စုံတစ်ရာရှိနေတတ်တဲ့ သတိုးသူရိန် ဟူသော လူတစ်ယောက်၏မျက်နှာကို ဘာကြောင့်မမှတ်မိစရာရှိမလဲ။

"ကိုကြည်မင်း…ဒါက ဒါက…သူပဲ၊ကြည့်စမ်း၊သူတို့ဟာ…"

ခင်သည် သတိုး၏ပခုံးကိုဖက်သလိုနှင့်နောက်ကျောဘက်ကနေ သတိုး၏ ခေါင်းပေါ် လက်ညှိုးနဲ့လက်ခလယ်နှစ်ချောင်းထောင်ပြီး နောက်ပြောင်နေသော တိမ်တိုက်ကိုလည်းကောင်း…။

ကင်မရာရှိရာဆီ ကြည့်ရင်း လက်ညှိုးနဲ့လက်ခလယ်





ထောင်ပြနေသော ကြည်မင်းကိုလည်းကောင်း…။

သုံးယောက်ထဲတွင် အလယ်မှာပုဝင်နေပြီး အားရပါးရ ရယ်မောနေသော သတိုးကိုလည်းကောင်း…သိနေ၊မှတ်မိနေပါလျက် အထပ်ထပ်အခါခါကြည့်မိပါသည်။

ဓာတ်ပုံ၏နောက်ကျောကို လှန်ကြည့်လိုက်သော အခါမှာတော့…

"အပျော်ဆုံးတစ်နေ့…
ဒါမှမဟုတ်…
ဝမ်းအနည်းဆုံးတစ်နေ့…
ကျောင်းကိုနှုတ်ဆက်ကြရတဲ့နေ့"

ဟူသော ခပ်သော့သော့လက်ရေးတွေက နေ့စွဲတစ်ခုကိုလည်း ရေးမှတ်ထားပါတယ်။

ကျောင်းကို နှုတ်ဆက်တဲ့နေ့ဆိုတော့ ကျောင်းပြီးတဲ့နေ့ဖြစ်မှာပေါ့။ကြည့်စမ်း…သူတို့ တစ်ကျောင်းတည်းမှာ ရက်ပေါင်းလပေါင်းနှစ်ပေါင်းများစွာ ခင်မင်ခဲ့ကြတဲ့ တကယ့်အခင်မင်ဆုံးသူငယ်ချင်းတွေ ဖြစ်နေပါရောလား…။

သူတို့ သိပ်ပြီးခင်မင်ကြလိမ့်မယ်ဆိုတာ ဘယ်လိုမှ သံသယဖြစ်စရာမရှိ။သူတို့ရဲ့ မျက်လုံးများ၊အရယ်အပြုံးများ



www.burmeseclassic.com

www.burmeseclassic.com



မှာ ထင်ထင်ရှားရှားတွေ့နေရတဲ့ အမူအရာတွေကို ခင်ကောင်း ကောင်းလေ့လာနိုင်ပါသည်။

ခင်သည် ဘာပဲဖြစ်ဖြစ် ဒီပတ်သက်ဆက်နွယ်မှုကြီး ကိုသိလိုက်ရတဲ့အခါတွင် စိတ်ညစ်သွားခဲ့ပါသည်။သိမ်ခင် ကြတဲ့သူငယ်ချင်းတွေဟာတစ်ယောက်အကြောင်းတော့ တစ် ယောက် ဖွင့်ပြောကြစမြဲပဲတဲ့။

တစ်ယောက်ခံစားချက်ကို တစ်ယောက်က သိနေ မြဲပဲတဲ့။

အထူးသဖြင့် ယောကျ်ားလေးတွေဟာ တစ်ယောက် နဲ့ တစ်ယောက်ပိုပြီးခင်မင်တတ်ကြတယ်။တစ်ယောက် အ ကြောင်းတစ်ယောက်ပိုသိနေတတ်ကြတယ်။

သူရော…သူက ကိုသတိုးနဲ့ ကိုကြည်မင်းတို့ပြော သမျှကို သိနေမှာပဲလား။မသိဘဲနေမှာမဟုတ်။သူ ခင့်ကို နှင့်နေတာတော့ တကယ်သေချာပါသည်။

ခင်သည် သူ ဘယ်လိုဆုံးဖြတ်မှာလဲ၊သူ့ရဲ့ ရင်ထဲ ခံစားချက်ကို ခင် သိသလိုလိုနဲ့ မသိသေးတာတော့ တကယ် ပင်။

သူ့ရဲ့ တွေတွေဝေဝေ မျက်လုံးတွေထဲက တစ်ချ





မှာ ဖျတ်ခနဲလိုလို တွေ့နေရတတ်တဲ့ ခင့်ကိုတွယ်တာတဲ့ အရိပ်ကလေး ထင်ရှားလာခဲ့ရင် ခင် ကျေနပ်ပါပြီ။

သူငယ်ချင်းတွေအတွက်ပဲ နောက်ဆုတ်ခလားခင့် အပေါ်ပဲ ပိုလာမလားရယ်လို့ ခင်ကား မျှော်လင့်စိတ်ထားသည်။

ခါတ်ပုံလေးကို ခင် ယူထားလိုက်လေပြီ။ခင်သည် သူ့ပိုက်ဆံအိတ်ကို သူ့နေရာသူ ပြန်ထား၍ စားပွဲပြင်ကို ငုံ့ ၍တွေဝေးသွားခဲ့လေသည်။

“ခင် ဘာမှ မမှာသေးဘူးလား”

တိမ်တိုက်သည် ခင့်မျက်နှာကလေးမှာ ခုနတုန်းက မတူဘဲ ခပ်ညှိုးညှိုးကလေးဖြစ်သွားတာကို ချက်ချင်းသတိ ပြုမိပါသည်။

ဒါပေမယ့် မေးလို့မသင့်ပါဘူးလေဟု ဆုံးဖြတ်လျက် မသိဟန်ဆောင်လိုက်ရသည်။မိတ်ဆွေတွေနဲ့ စကားပြောနေ တာကြာသွားလို့ စိတ်ကောက်တာလား ခင်ရယ်။ခင့်ကို ချော့ ချင်ပါတယ်။ဒါပေမယ့်…အဆင့်တွေကျော်သွားလိမ့်မယ်။ သာမန်ဆက်နွယ်မှုမျိုးဆိုရင် ကိုယ်က အဆင့်တွေကျော်သွား လည်း ဂရုမစိုက်ဘဲနဲ့ ကျော်ပစ်လိုက်မှာပါပဲခင်ရယ်။

အခုတော့ ကိုယ်က သူငယ်ချင်းနှစ်ယောက်နဲ့ဆက်

www.burmeseclassic.com

www.burmeseclassic.com



နွယ်နေတဲ့ ခင့်ကိုမို့ အဆင့်ကျော်ပစ်ပြီး ဖွတ်ရှေ့မတိုးနိုင်သေးပါဘူးခင်ရယ်...။

"ခင် ဘာစားမလဲ၊ကျွန်တော်က ဆင်းဝဒ်ရှဲ စားမလို့...၊ငါးသေတ္တာနဲ့လုပ်တဲ့ ဆင်းဝဒ်ရှဲလေ၊ကောင်းတယ် ခင်၊အဲဒါ စားမလား၊ဒါမှမဟုတ် ကြက်ဥအွန်မလိပ်ကြော်ရော...ခင် ကြိုက်လား"

ခင့်သည် သူ့ကို တမ်းတသလို ကြည့်လျှင်တိမ်တိုက်မှာ ရင်တွေတထိတ်ထိတ်ခုန်လျက်..။ခင်ရယ် မဆိုးပါနဲ့။ခင့်ကို ကိုယ် မချစ်ပါရစေနဲ့...။ကိုယ် ရှောင်ထွက်ပါရစေ။

"ခင်လဲ ကိုတိမ်တိုက်စားတာပဲ စားပါ့မယ်"

"ဟုတ်ပြီ၊ဒါဆို ငါးသေတ္တာဆင်းဝဒ်ရှဲ နှစ်ပွဲ မှာတာပေါ့၊ရေသန့်တစ်ဘူးမှာဦးမှ...၊ဟိုလူတွေနဲ့ အလုပ်အကြောင်း ဆွေးနွေးလာတော့ ရေတောင်ငတ်သွားတယ်"

"အလုပ်...ဟုတ်လား"

"ဟုတ်တယ်၊သူတို့က ပရိုဂျူဆာတွေလေ၊စီးရီးတစ်ခု စီစဉ်မလို့တဲ့၊ကျွန်တော့်ဆီက သီချင်းဝယ်ချင်တယ်ဆိုတာဆွေးနွေးတာပါ"





"ဟယ်..ဒါဆို ကိုတိမ်တိုက် ပိုက်ဆံရတော့မှာပေါ့နော်"

"ခင့်ကို ကျွေးလို့ထင်တယ်၊ခင်က လာဘ်ကောင်းတာပေါ့၊ခင့်ကို မုန့်လိုက်ကျွေးတဲ့နေ့မှာ အလုပ်အပ်တာ လက်ခံလိုက်ရတယ်"

ခင်သည် စိတ်ထဲမှာ ကြည်ကြည်နူးနူးပင် သူ ရယ်သလိုလိုက်ရယ်လိုက်မိပါသည်။သေချာပါတယ် ဦးတိမ်တိုက်ရယ်...။ခင်တို့ ကုသိုလ်ကံချင်းနီးစပ်ပါတယ်။ခင်တို့ကံစပ်တယ်ဆိုတာ မယုံမရှိနဲ့။ခင်သည် ကလေးတစ်ယောက်လို,လိုရာဆွဲတွေးနေခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com

(၄)

နံနက် ဝဂုံးဥဥနာရီ

"ကျွန်တော် ပိုက်ဆံထုတ်ရှင်းတော့လဲဓာတ်ပုံပျောက်နေတာ မသိဘူး၊ခင့်ရှေ့မို့ ခင် ဓာတ်ပုံမြင်မှာ၊စပ်စပ်စုစု မေးမှာ စိုးရိမ်ပြီး မြန်မြန်ဖွင့်ပိတ်လုပ်တာလဲပါတာပေါ့.....

ခင် သူ့ကားနဲ့ထွက်သွားတော့မှကျွန်တော်လဲ ကျွန်တော့်ကားဆီပြန်လာခဲ့တယ်၊ကျွန်တော့်ကား



ဆီပြန်လျှောက်လာပြီးမှ ပိုက်ဆံအိတ်ကို ဖွင့်ကြည့်မိတယ်.....

ဘာဖြစ်လို့လဲဆိုတော့ ခင်က ကားနဲ့ထွက်မသွားခင်မှာ ကျွန်တော့်ကိုပြောသွားခဲ့တာကိုး....

"ကိုတိမ်တိုက်ဆီမှာ အရေးကြီးတဲ့ ပစ္စည်းတစ်ခုခု ပျောက်နေခဲ့ရင် ခင့်ကို အကူအညီတောင်းဖို့ မမေ့နဲ့နော်"

...... တဲ့.....

ပြောပြီးပြီးချင်း ခင်က ကားကို ချက်ချင်းမောင်းထွက်သွားတယ်...၊ကျွန်တော်လဲ အူကြောင်ကြောင်နဲ့ ဇဝေဇဝါ ဟိုတွေးဒီတွေးလုပ်ပြီး စဉ်းစားလာခဲ့တယ်.....

နောက်ဆုံးမှ ကျွန်တော့် ပိုက်ဆံအိတ်ကိုခင့်အနားမှာ မေ့ပြီး ချထားခဲ့တာကို သတိရသွားခဲ့တယ်၊ဟုတ်သော်ရှိ၊မဟုတ်သော်ရှိပေါ့ဗျာ၊ခင်ဟာ စပ်စပ်စုစုနဲ့ ပိုက်ဆံအိတ်ကို ယူကြည့်ခဲ့မလား၊ကျွန်တော်တို့ရဲ့ ဓာတ်ပုံကိုပဲတွေ့သွားမလား၊အဖြစ်နိုင်ဆုံးကဓာတ်ပုံကို ယူသွားခဲ့တာပဲလားလို့ စဉ်းစားမိပြီး ပိုက်

www.burmeseclassic.com

www.burmeseclassic.com



ဆံအိတ်ကိုဖွင့်ကြည့်မိတာပါပဲ.....

အဲဒီမှာ ကျွန်တော်ထင်တာ မှန်ပါလားဆိုပြီး သိလိုက်ရတော့တာပဲ အစ်ကိုကြီးရာ.....

ခင် ကျွန်တော့်တို့ကိုတွေ့သွားတယ်၊ ကျွန်တော်တို့ သုံးယောက်ရဲ့ သံယောဇဉ်ကို....ခင်သိသွားတယ်.....

ခင်က ကျွန်တော်တို့ဓာတ်ပုံကို ယူသွားခဲ့တယ်၊ဘာကြောင့်ယူသွားသလဲဆိုတာ ကျွန်တော် မသိသေးပေမယ့် ဒီရက်ပိုင်းအတွင်းမှာ ကျွန်တော်တို့ သုံးယောက်နဲ့ ခင်နဲ့ တစ်ခုခုတော့ဖြစ်တော့မယ်ဆိုတာကျွန်တော့် အလိုလိုသိနေတယ်.....

ခင့်ရဲ့ သဘောထားကဘာလဲ..၊ခင်ကကျွန်တော်တို့ကို တစ်ယောက်ချင်းဆုံပြီးတော့တွေ့မလား၊ ဒါမှ မဟုတ် သုံးယောက်စလုံးဆုံပြီးတော့တွေ့မလား၊ ခင်နဲ့ ကျွန်တော့်ရဲ့ ဆက်ဆံရေးက ဘာအခြေအနေမှ ရေရေရာရာ မရှိသေးပေမယ့် ကျွန်တော် သူ့ကို စိတ်ဝင်စားတာကို သူ မိန်းကလေးပီပီ လှေလာအကဲခတ်တတ်မယ်လို့ စိတ်ထဲမှာသိနေတယ်ဗျာ...





ကျွန်တော် ဖွင့်မပြောခဲ့ရင်သာ ရှိမယ်၊ ကျွန်တော့် နှလုံးသားကို သူ မြင်နေလိမ့်မယ်လို့ ခံစားနေရတယ်....

အဲဒီ အတွေးပေါင်းစုံတွေကြောင့် ကျွန်တော် တစ်ပတ်လောက် အိပ်မပျော်ခဲ့ဘူး၊မနေ့ညကနေခု မနက်ထိဆို အဆိုးဆုံးပဲ၊တစ်ရေးမှကို အိပ်မပျော်ခဲ့ဘူးဗျာ၊ဒါကြောင့် မနေနိုင်တော့တဲ့အဆုံးမှာ အစ်ကိုကြီးကိုလာပြီး ဒုက္ခပေးမိတာပါပဲ.....

ကျွန်တော် ဒီနေ့ရောက်မှာကိုကြောက်နေခဲ့တယ်လေ....

ဒါပေမယ့် ခုတော့....ဒီနေ့ဟာရောက်ကိုရောက်လာတာပဲ၊ရင်ဆိုင်ရတော့မှာပဲဗျာ"

တိမ်တိုက်သည် သူ့ ဒူးနှစ်ဘက်ပေါ်တွင် တံတောင်ပြန်ထောက်တင်ပြီး လက်ဖဝါးတွေထဲမှာ မျက်နှာကို အုပ်ရင်း ညည်းညည်းညူညူ စကားသံဖြင့် သူတို့ရဲ့ အဖြစ်အပျက်ကို အဆုံးသတ်ပြောဆိုလိုက်ပါသည်။

သူ့ အသံတိတ်သွားသောအခါ ဤအခန်းတွင်းဝယ် အတန်ကြာတိတ်ဆိတ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟ…မနက်တောင် လင်းပြီကွ၊ကြည့်စမ်း၊ခုနစ်နာ ရီခွဲ ကျော်နေပြီ"

"ဆောရီးပဲ အစ်ကိုကြီးရာ"

"ရပါတယ်ကွာ၊ဒီနေ့ပိတ်ရက်ပဲ၊ငါ အားပါတယ်၊ စားသောက်ပြီးရင် ပြန်အိပ်ချင်လဲ အိပ်၊မအိပ်ချင်လဲ နားလို့ရတာပဲ"

"ကျွန်တော်ကတော့ နားလို့မရသေးဘူး၊သွားစရာ ရှိသေးတယ်"

"သြော်…အေး ဟုတ်သားပဲကွ၊မင်း ခုန ပြောနေ တယ်၊ဒီနေ့ရောက်မှာကို ကြောက်တယ်ဆိုတာ ဘာ ကိုပြောတာလဲကွ"

"ဒီနေ့…."

တိမ်တိုက်သည် စကားကိုခေတ္တရပ်လိုက်ပြီး သက် ပြင်းတစ်ချက်ချရင်း သူ့ မျက်နှာကို လက်ဖဝါးနှစ်ဘက်ဖြင့် အမိပွတ်ယမ်း ပွတ်နေရင်း ဆက်ပြောပါသည်။

"ဒီနေ့ ခင်က ကျွန်တော့်ကိုဖုန်းဆက်ပြီး ချိန်းတယ်၊ သူနဲ့လာတွေ့ပါတဲ့"

"မင်းကအဲဒါကို ကြောက်သတဲ့လားကွာ"



"ကျွန်တော့်ကိုတင်မကဘူး၊သတိုးနဲ့ ကြည်မင်းကို လဲ ချိန်းထားတယ်"

"ခင်ဝေးဝေးခင်က ပြောပြတာလား"

"သူ ဘာမှ ပြောမသွားပါဘူး၊ဟိုကောင်တွေကသာ ဝမ်းသာအားရဖြစ်ပြီး နှစ်ယောက်စလုံးက ကျွန်တော့် ကို ဖုန်းဆက်ပြောပြကြတယ်၊သတိုးကလဲ သူ့ရဲ့ခင် ဝေးအဖြစ်နဲ့ပေါ့၊ကြည်မင်းကလဲ သူ့ရဲ့ ဖန်လုံးလေး အဖြစ်နဲ့ပေါ့၊အသီးသီးဖုန်းဆက်ပြီး သူတို့ရဲ့ ထင်မြင် ယူဆချက်တွေကို ပြောလို့ ကျွန်တော်အံ့လဲ အံ့သြ ခဲ့တယ်…..

ခင် ဘာတွေလျှောက်လုပ်တော့မလဲဆိုပြီး လန့်လဲ လန့်သွားတယ်"

"ဒါဆို မင်းတို့သုံးယောက်စလုံးကို တစ်ပြိုင်တည်း ချိန်းတယ်ဆိုတာကို မင်း တစ်ယောက်ပဲ သိနေတာ ပေါ့ ဟုတ်လား…"

"ဟုတ်တယ်၊ဟိုကောင်တွေကို ကျွန်တော် မပြော ချင်လို့ မပြောခဲ့ဘူး၊ဒါပေမယ့် ကျွန်တော်တို့ ဆုံကြ ရင်သူတို့သိတဲ့အခါတစ်ယောက်အပေါ် တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ခင်မင်ကြတာတွေ ဘယ်လို ပြောင်းလဲမလဲဆိုတာကို ကျွန်တော်တွေးပြီးကြောက်တဲ့ အခါကျတော့လဲ ကျွန်တော်တို့ မဆုံချင်ပြန်ဘူး……

သူတို့ချင်းလဲ မဆုံဖြစ်ကြအောင် တစ်စုံတစ်ခု ဖန်တီးပြီးပြောမယ်ဆိုတော့လဲ ဘာကို ဖန်တီးရမှန်း မသိဘူး၊ခင်ဝေးဝေးခင်နဲ့ ပတ်သက်ပြီး ရှာကြံပြောလဲ ရမယ်မထင်ဘူး၊ဒီကောင်တွေက ခင်ဝေးဝေးခင်ရဲ့စကားတစ်ခွန်းကလွဲရင် ဘာမှ စိတ်ဝင်စားကြတဲ့ ကောင်တွေမဟုတ်ဘူး အစ်ကိုကြီးရ…”

“မင်းလဲ ကြိုသိနေလို့ပါကွာ၊မသိနေရင် အဲဒီပြုစားတတ်တဲ့ကောင်မလေးပြောတာ တစ်ခုကလွဲရင် ကျန်တာ စိတ်ဝင်စားမယ့်ကောင်မဟုတ်ပါဘူး”

“ဟုတ်မှာပေါ့လေ”

တိမ်တိုက်သည် လက်ကနာရီကို တစ်ချက်ကြည့်ရင်း……

“သူ မနက်ဆယ်နာရီ တိတိမှာ ချိန်းထားတယ်၊ရန်ကုန် တက္ကသိုလ်ရဲ့ စာကြည့်တိုက်ရှေ့မှာတဲ့…”

“ခဏပြန်ပြီး ရင်ဆိုင်ဖို့ အားမွေးလိုက်ဦး ငါ့ညီ”





“ကျွန်တော် သွားမတွေ့ချင်တော့ဘူး၊သွား မတွေ့တော့ဖို့ ဆုံးဖြတ်ချင်တယ်”

“အဓိပ္ပာယ်မရှိတာကွာ၊မင်းကလဲ…သူက ဘာပြောချင်လို့ ချိန်းမှန်းမသိဘဲ ရမ်းသမ်းပြီး ထွက်ပြေးတာ ယောကျ်ားမပီသဘူး”

“ခင်ဝေးဝေးခင်ကရော အဓိပ္ပာယ်မရှိ ကျွန်တော်တို့ သုံးယောက်ကိုဆုံစေပြီး သူနဲ့ လာတွေ့ခိုင်းသလဲ”

“မင်း သွားမတွေ့လဲ ဒီကိစ္စထဲမှာ မင်းလဲပါတယ်ဆိုတာကို သူက ဟိုနှစ်ကောင်ကို မပြောဘဲနေမလား”

အင်း…ဒါလဲ ဟုတ်သားပဲ။ကိုယ်က ဒီကိစ္စကို မပါချင်လို့ရှောင်သွားတော့ရော ဒီကိစ္စဟာ ဒီအတိုင်းပြီးသွားမှာတဲ့လား။

ခင်ဝေးဝေးခင်က သတိုးနဲ့ ကြည်မင်းတို့ကို ပြောတိုပြောပြမှာပဲ။တိမ်တိုက်ကိုပါ ချိန်းထားတယ်ဆိုတာ ပြောကိုပြောလိမ့်မည်။

အဲဒီအခါကျမှ သူဘာက်ကပါပိုပြီးမရှိးသားရာရောက်မည်။သတိုးနဲ့ ကြည်မင်းက သူ ကြိတ်ကြံတယ်လို့ပိုပြီးထင်



www.burmeseclassic.com

www.burmeseclassic.com



စရာကောင်းနေမည်။

ဒီတော့ သွားတွေ့လိုက်တာပဲကောင်းမည်။

ကိုယ့်ဘက်က ဘာမှ ပြောရသေးတာမှမဟုတ်တာ။ မိတ်ဆွေပုံစံမျိုးနဲ့ သွားတွေ့ရင်ရော…။

တိမ်တိုက်သည် အစ်ကိုကြီး၏ အခန်းမှပြန်လာသော အခါတစ်ရေးမှတောင်မှ ပြန်မအိပ်ဖြစ်ဘဲ ဆက်လက်တွေး တောငေးငေါင်နေခဲ့ပြန်သည်။

သတိုးသည် လိုင်ဘရီရှေ့က ကျောက်ထစ်တွေမှာ စိတ်အေးလက်အေး ထိုင်လျက် ငေးမောနေပါသည်။

မတွေ့ဖြစ်,မဆုံဖြစ်တော့တာ ကြာပြီဖြစ်သော ချစ်သူ ကောင်မလေးနဲ့ ဒီနေ့ ဆုံရမည်မှာ တစ်ခုခုတော့ထူးခြား လို့ပဲဖြစ်မယ်ဟု တွေးကာ ညက တစ်ညလုံးကောင်းကောင်း ပင်အိပ်မပျော်ခဲ့။သူ့ကလေးဘက်က စပြီး ချိန်းတယ်ဆိုတာ





တည်းက သတိုးဟာ ရင်တွေအရမ်းခုန်ပြီး စိတ်ကူးယဉ်လို့ ကောင်းခဲ့တာပါ။

သတိုးသည် ဟိုငေးဒီငေး ငေးလို့ကောင်းနေချိန်တွင် ကြည်မင်းသည် လိုင်ဘရီ၏လှေကားတွေကို နင်းတက်လာ နေသည်။သတိုး ,သူ့ကို မမြင်သေး။

ကြည်မင်းသည်ကား လိုင်ဘရီ၏ ထိပ်ဆုံးလှေကား ထစ်တွင်ထိုင်နေလေသော သတိုးကို မြင်လျှင်မြင်ချင်း အံ့ဩရလွန်း၍ ဆက်ပင်တက်မလာနိုင်တော့ပေ။

သူ လုံးဝမသိပါ။သတိုးကိုလည်း ချိန်းထားမှန်း သူ မသိ။သတိုးကလည်း သူ့ကို ဖုန်းဆက်မပြောခဲ့။သူကလည်း ကိုယ့် လိပ်ပြာကိုယ်မလုံ၍ သတိုးကိုတော့ ဖုန်းမဆက်။

သူတို့နှစ်ဦးစလုံး တူညီစွာ အသိပေးခဲ့သူမှာ တိမ် တိုက် တစ်ဦးတည်းကိုသာ။

ကြည်မင်းသည် ဖန်လုံးလေး ဘာတွေလျှောက်လုပ် သလဲ။ဘုရားရေ…သူနဲ့သတိုးဟာ အချစ်ဆုံး သူငယ်ချင်း တွေဆိုတာကိုဖန်လုံးလေး သိသွားလို့ ဒီလိုဆုံဖြစ်အောင် ချိန်း လိုက်သလား…စသည်ဖြင့် အတွေးတွေ ကယောင်ခြောက် ခြားဖြစ်လာကာ လှေကားထစ်တွေကိုဆက်မတက်ဖြစ်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘဲ အလယ်မှာရပ်ငေးသွားပါသည်။

အဲဒီအချိန်မှာ သတိုးက ကြည်မင်းရှိရာဆီ မျက်လုံး ရွေ့လိုက်မိတဲ့အခါ မျက်လုံးတွေပြူးကျယ်သွားလျက် မျက်ခုံးများကား မြင့်တက်သွားခဲ့ပါသည်။

"ဟောကောင် ကြည်မင်းကြီး၊ဘယ်လာတာလဲကွ"

ကြည်မင်းသည် သတိုးကို အားနာသလိုပြုံးပြရင်း သူ ရပ်နေရာမှာသာ လှေကားထစ်တွေကိုဖင်ချထိုင်လိုက်ရင်း

"အခု မမေးနဲ့ကွာ၊သိပ်မကြာခင်မှာ မင်း တွေ့လိမ့်မယ်"

သူက လည်ပင်းလိမ်ကြည့်လျက် လှမ်းအော်ပြောလိုက်ပါသည်။သတိုးသည် မရိုးမရွဖြစ်လာပြီး...

"ဟောကောင်...ဘာလဲကွ၊ငါ့နားတော့ လာမထိုင်ဘဲနဲ့ ဘာလို့အော်ပြောနေတာလဲ"

"မင်းဘာသာ တစ်ယောက်တည်းအေးအေးဆေးဆေးထိုင်စမ်းပါ သတိုးရာ၊ခဏအားမွေးထားလိုက်၊ စကားများများ မပြောဘဲ ငြိမ်နေလိုက်ငါ ပြောတာ နားထောင်ပါ သူငယ်ချင်းရာ၊ပြီးရင်မင်းနဲ့ ငါရန် ဖြစ်ရင်ဖြစ်ရလိမ့်မယ်၊ဒီတော့ ငါ့ကိုနိုင်အောင်ထိုး



နိုင်ဖို့ ခဏလောက်ငြိမ်ပြီး အားဖြည့်ထားဖို့ အကောင်းဆုံး အကြံပေးမယ်ကွာ"

"မင်းနဲ့ငါ ထိုးရလိမ့်မယ်လို့ မင်းက ဘာလို့ကြိုသိနေရတာလဲ၊အဓိပ္ပာယ်မရှိတာတွေကွာ၊မင်းနဲ့ ငါ ဘာမှ လာငြိစရာအကြောင်းမှ မရှိတာ"

"ရှိနေတယ်ကွာ၊မင်း စကားများမနေနဲ့ သတိုး၊ငါ ပြောသလိုပဲ အေးအေးဆေးဆေးလေး ကိုယ့်နေရာ ကိုယ် ထိုင်နေကွာ"

သတိုးသည် ဇဝေဇဝါဖြင့် မကျေမနပ်တီးတိုးဆဲဆိုရင်း ကြည်မင်းအနား သွားထိုင်ဖို့မစဉ်းစားတော့ဘဲ သူ ထိုင်နေရာမှာသာ ငြိမ်၍ထိုင်နေခဲ့ပါသည်။

သို့သော် သူ့စိတ်တွေကတော့ မငြိမ်တော့။တွေးစရာတွေ တစ်ပုံတစ်ပင်ဖြစ်နေလေပြီ။ကြည်မင်းဘာကိုဆိုလိုသလဲဆိုတာကို သိသလိုလို၊မသိသလိုလိုကြီးဖြစ်နေခဲ့သည်။

ကြည်မင်းသည်လည်း ဖန်လုံးလေးဟာ သူတို့ကို ဘာကြောင့် မကောင်းကြံချင်သလဲဆိုတာ စဉ်းစားမရဖြစ်နေပါသည်။သူတို့နှစ်ယောက်ရဲ့ဆက်နွယ်မှုကိုလည်း ဘယ်လိုက ဘယ်လို သိသွားပါလိမ့်။သိတော့ရော ဘာကြောင့် ဒီလို

www.burmeseclassic.com

www.burmeseclassic.com



အချင်းချင်းဆုံပေးသလဲ။ဘာရည်ရွယ်ချက်နဲ့လဲ။

ကြည်မင်းခေါင်နဲ့ သတိုးသူရိန်တည်းဟူသော…ယောကျ်ားသားနှစ်ဦးတို့ကို ခင်ဝေးဝေးခင်သည် ခပ်လှမ်းလှမ်းသစ်ပင်ကွယ်ကနေ ချောင်းကြည့်၍ မချိုတရိလေး ခပ်မဲ့မဲ့ ပြုံးနေမိတော့သည်။

နောက်တစ်ယောက်ကျန်သေးတယ်။လာရော လာပါ့မလား။သူကတော့ သူ့ရင်ထဲမှာ ချစ်နေရက်နဲ့တောင် ဖွင့်ပြောဖို့ ဝန်လေးနေမှန်း ခင်က အလိုလိုရိပ်မိနေသော ယောကျ်ားတစ်ယောက်ဖြစ်ပြီး ခင့်ရဲ့အချစ်ကိုလည်းပထမဦးဆုံး ပိုင်ဆိုင်ရမည်ဖြစ်သော ချစ်သူတစ်ယောက်ဟူ၍ခင်က သတ်မှတ်ပေးထားသူပင်။

ခင်သည် အမျှော်လင့်ကြီးမျှော်လင့်နေသောအချိန်တွင် တိမ်တိုက်သည် လေးကန်၍ဝေခွဲမရဖြစ်သော…၊လောကကြီးကို စိတ်ပျက်နေသော၊အလိုလိုနေရင်း ဒေါသကြီးနေသော ခြေလှမ်းများဖြင့် လိုင်ဘရီ၏ အောက်ဆုံးလှေကားထစ်ကို နင်းတက်လိုက်တာ တွေ့ရပါသည်။

သတိုးရော ကြည်မင်းပါ တိမ်တိုက်ကိုချက်ချင်းမြင်ကြပြီး…မြင်မြင်ချင်းပဲ…



"ဟာ…တိမ်တိုက်"

ဟု ပြိုင်တူခေါ်လိုက်မိကြလေပြီ။သူတို့၏ အသံထဲတွင် အံ့သြကြခြင်းအပြင် သံသယတွေပါ ပါဝင်နေမှန်းတိမ်တိုက်သည် စိတ်မကောင်းစွာ သိနေခဲ့ပါသည်။

"မင်း ဘာလာလုပ်တာလဲ"

သတိုးက အရင်စမေးလျှင် တိမ်တိုက်သည် အောက်ဆုံးလှေကားထစ်မှာရပ်၍ သတိုးကိုမော့ကြည့်လျက်…

"ခင်ဝေးဝေးခင်က ချိန်းထားလို့လာခဲ့တာပါကွာ"

"မနောက်နဲ့ ဟေ့ကောင်"

"မနောက်ပါဘူးကွာ၊ငါ အမှန်အတိုင်းပြောတာပါ"

ကြည်မင်းမှာ စိတ်မောလူမော့ဖြစ်လာသလို အသံနှင့်…

"ငါတို့ သုံးယောက်စလုံး မိန်းမတစ်ယောက်တည်းနဲ့ ဘာလို့လာပတ်သက်နေရတာလဲကွာ၊စိတ်ကူးယဉ်ဇာတ်လမ်းတွေထက်တောင်ဆန်းကြယ်နေပြီ"

ညည်းညူသလို ရေရွတ်သံအဆုံးမှာတော့ ခင်ဝေးဝေးခင်တည်းဟူသော မိန်းမငယ်ကား သူတို့အနားသို့ လျှောက်ပိုက်၍ ခြေလှမ်းတွေ တစ်လှမ်းချင်းလှမ်းလျက် ခနဲ့သလိုပြုံး

www.burmeseclassic.com

www.burmeseclassic.com



နေသော နှုတ်ခမ်းများဖြင့်လျှောက်လာနေလေတော့သည်။

သူတို့ သုံးယောက် ပြောလက်စစကားတွေ ရပ်တဲ့သွားကြပါသည်။

သူတို့ သူမအား ဝိုင်းငေးနေကြပါသည်။သူတို့၏အကြည့်များထဲတွင် သူမအားချစ်ခင်မြတ်နိုးရခြင်းထက် ရှုးစမ်းအကဲခတ်၍ မေးခွန်းပေါင်းများစွာပါသော အကြည့်များက ပိုပြီးထင်ရှားနေပါလိမ့်မည်။

ခင်သည် အားလုံးကို ခပ်တည်တည်ကြည့်ပြီး…

"ဒီသုံးယောက်ဟာ အချစ်ဆုံးသူငယ်ချင်းတွေပါပဲဆိုတာကို ကျွန်မကို ဘာကြောင့်ဖုံးကွယ်ထားသလဲ၊ အဲဒါကို ကျွန်မ စဉ်းစားမရခဲ့ဘူး……

စဉ်းစားမရလေလေ စိတ်နာပြီး ဒေါသ ဖြစ်ရလေလေပဲ….

ကျွန်မ ကြားဖူးတာကတော့……"

သတိုးက စကားဖြတ်ပြောလိုက်၏။

"ခင်ဝေး…ကျွန်တော် ဘာတစ်ခုမှ လုံးဝမသိပါဘူး ခင်ဝေးကို ဒီသူငယ်ချင်းတွေ ရှိတဲ့အကြောင်း အသိပေးဖို့လဲ မလိုအပ်ဘူးထင်လို့ အသိမပေးတာပါ…





အဲဒါဟာ ဘာမှ စိတ်ဆိုးဒေါသထွက်စရာမလိုပါဘူး"

ခင်ဝေးဝေးခင်သည် သတိုး၏ စကားကိုလက်ခံနားထောင်ပြီးမှ…

"ကိုသတိုး မသိတာဖြစ်နိုင်တယ်၊ကျွန်မနဲ့အရင်တွေ့တာက ကိုသတိုးပဲလေ၊နောက်မှ ထပ်တွေ့တဲ့ လူတွေကသာ…"

ခင်ဝေးဝေးခင်သည် တိမ်တိုက်နဲ့ ကြည်မင်းခေါင်တို့ကို တစ်ချက်ကြည့်လိုက်၏။

"ကျွန်မ ကြားဖူးတာကတော့လေ၊ယောကျ်ားလေးအများစုဟာ သူတို့သဘောကျတဲ့ မိန်းကလေးတစ်ယောက်ရဲ့ အကြောင်းကို သူငယ်ချင်းတွေကို အသိပေးလေ့ရှိတယ်တဲ့၊ရှင်တို့ သုံးယောက်လို သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေဆိုရင်တော့ တစ်ယောက်အကြောင်းကို တစ်ယောက်ကကြိုးကနေ အ,အထိသိကို သိကြမှာပါပဲ၊သိသိကြီးနဲ့ ဖုံးကွယ်ထားတဲ့ ကိုကြည်မင်းနဲ့ ့တိမ်တိုက်တို့ရဲ့ ရည်ရွယ်ချက်ကဘာလဲ၊ဘာသဘောလဲ၊ကျွန်မ ဒီဓာတ်ပုံလေးကိုသာ သူ့



www.burmeseclassic.com

www.burmeseclassic.com



ကျင့်ဝတ်ချိုးဖောက်ပြီး ရိုင်းစိုင်းတဲ့ အပြုအမူအဖြစ် နဲ့ သူများပိုက်ဆံအိတ်ထဲက ခိုးယူ မကြည့်ခဲ့မိရင် ကျွန်မဟာ ရှင်တို့ သုံးယောက်အလယ်မှာ ပစ်မှတ် တစ်ခုအဖြစ်…သတ်မှတ်ယှဉ်ပြိုင်ခံရတဲ့ လူ တစ် ယောက်ဖြစ်နေမှာပဲထင်တယ်၊အဲဒါကို စိတ်မဆိုးပါ ဘူး၊ကျွန်မ စိတ်ဆိုးတာက ရှင်တို့ရဲ့ အချစ်ဆုံးသူ ငယ်ချင်းတွေဆိုတဲ့ ပတ်သက်မှုကြီးကို ကျွန်မ ဘာ လို့ အသိပေးမခံရသလဲဆိုတာပဲ…"

သတိုးသည် စိတ်ပျက်လက်ပျက်ညည်းညူသလို အ သံနှင့် ခင့်ကိုကြည့်ပြီး…

"ခင်ဝေးရယ် ဒီကောင်တွေဟာ ကျွန်တော့်အချစ်ဆုံး သူငယ်ချင်းတွေဆိုတာကို ခင်ဝေးသိချင်မှန်း ကျွန် တော် သိခဲ့ရင် ပြောပြမှာပါဗျာ၊ကျွန်တော်တို့ သူငယ် တန်းကတည်းက တက္ကသိုလ်မှာ ဘွဲ့ရတဲ့အထိ ညီ အစ်ကိုတွေလို ပေါင်းခဲ့ကြတဲ့ သူငယ်ချင်းတွေပါ။ ဘာ့ကြောင့် ဖုံးကွယ်ထားစရာလိုမလဲ"

"ဟုတ်ပါတယ်၊ကိုသတိုးက မသိလို့၊မဆိုင်လို့ မ ပြောတာပါ၊အားလုံးထဲမှာ ကိုသတိုးက အပြစ်ကင်း





ပါတယ်"

"ဒါဖြင့် ကျွန်တော်ကတော့ အပြစ် မကင်းပါဘူး ခင်ဝေးဝေးခင်ရယ်၊ကျွန်တော် သတိုးကိုရော၊ခင်ဝေး ဝေးခင်ကိုရော ညာထားခဲ့ပါတယ်"

ကြည်မင်းခေါင်ကား ခင်ဝေးဝေးခင်ကို မျက်နှာပူ တာထက် သတိုးကို ပိုပြီးမျက်နှာပူနေသော အမူအရာတွေက ထင်ရှားနေပါသည်။

"ကျွန်တော် မြင်မြင်ချင်းမှာချစ်သွားလို့ ချစ်စနိုးနဲ့ 'ဖန်လုံးလေး' ဆိုတဲ့ နာမည်ကို ခင်ဝေးဝေးခင် မသိ အောင်ပေးထားခဲ့မိတယ်၊အဲဒီနာမည်နဲ့ပဲ သူတို့ကိုကျွန် တော် အသိပေးပြောပြခဲ့တယ်၊သတိုးရဲ့ ခင်ဝေးဆို တာကို သိသွားတော့လဲသိသိကြီးနဲ့ နောက်မဆုတ် ခဲ့တာပါ၊ကျွန်တော် သတိုးမသိအောင် သူနဲ့ အပြိုင် ကြိုးစားခဲ့တယ်၊ခင်ဝေးဝေးခင်ကိုလဲ ကျွန်တော်တို့ ဟာ အချစ်ဆုံးသူငယ်ချင်းတွေဆိုတာ တမင်ပဲ အ သိ မပေးခဲ့ဘူး…..

အဲဒီအတွက် ခင်ဝေးဝေးခင် ဘာကိုမကျေ နပ်တာလဲ၊ခင်ဝေးဝေးခင်ကို အသိမပေးတာကအသိ



www.burmeseclassic.com

www.burmeseclassic.com



မပေးသင့်ဘူး၊မဆိုင်ဘူး၊ဒါဟာကျွန်တော်တို့ သူငယ်ချင်း,ချင်း ရှင်းရမယ့် ကိစ္စပဲ သိနေလို့ အသိမပေးတာပါ.....

သတိုးကို အသိမပေးတာက သူ အရင်တွေ့ပြီး သူက ချစ်ပါတယ်လို့ အသိပေးကြေညာထားတဲ့ မိန်းကလေးတစ်ယောက်မှန်း သိသိကြီးနဲ့ ကျွန်တော်က ကြိုးစားတာမို့ အသိမပေးသင့်ဘူးလေ၊အဲဒါဟာ ကျွန်တော့်စိတ်ထဲမှာ ရှိတာကို အမှန်အတိုင်းဝန်ခံလိုက်တာပဲ''

တိမ်တိုက်ကား သူတို့ပြောသမျှတွေ စိတ်ပျက်သလိုမျက်လုံးတွေနဲ့ ငေးလျက် နားထောင်နေခဲ့ပါသည်။

''မင်းကွာ ငါ့အပေါ် ဒီလိုဖုံးကွယ်တာတော့မကောင်းပါဘူး၊ငါ အဲဒီလောက်သဘောထားမသေးသိမ်ဘူးကွ၊မင်း အမှန်အတိုင်းပြောလဲ ငါက ဘာကြောင့်မင်းကိုလိုက်တားလို့ရမလဲ''

''ဒါပေမယ့် ပြောလိုက်တာထက် မပြောတာဟာပိုကောင်းမယ်လို့ ငါထင်တယ်ကွာ.....

ဒါကြောင့် မပြောဘဲနေတာ၊မပြောဘဲနေတာ



ငါက မင်းထက်ပိုပြီး ကြိတ်ကြံစရာ ဘာမှမရှိပါဘူး၊ငါ့ဘက်က ရိုးရိုးသားသား လှို့ဝှက်တာကွ၊မင်းကိုမျက်နှာပူလို့ လှို့ဝှက်ထားတာ''

''ဘာမှ မျက်နှာပူစရာမလိုဘူး ဟော့ကောင်၊တစ်နေ့ကျရင် ဒီကိစ္စက မသိဘဲနေမလား၊အဲဒီအခါကျတော့ရော မင်းက မျက်နှာမပူတော့ဘူးတဲ့လား၊မင်းနဲ့ ငါ့မှာ တစ်ယောက်ကပျော်ရရင် နောက်တစ်ယောက်က ဝမ်းနည်းရမှာမို့ မျက်နှာပူစရာမကောင်းတော့ဘူးလား''

''အဲဒါတွေ ငါ ကြိုမတွေးချင်လို့ မတွေးခဲ့ဘူး၊ချစ်မိရင် လူတိုင်းမှာ အမှားတွေ ကြတယ်ကွ၊အချစ်က လူတိုင်းရဲ့ စိတ်သဘောထားကို ပြောင်းလဲသွားစေတယ်''

တိမ်တိုက်သည် ကြည်မင်းနဲ့သတိုးတို့စကားများနေကြတာကို ကြည့်လိုက်၊ခင်ဝေးဝေးခင်ကိုတော့ ဘာသဘောနဲ့ ဒီလိုဖြစ်အောင် ဖန်တီးသလဲဆိုတာကို မေးချင်သော မျက်လုံးတွေနဲ့လှမ်းကြည့်လိုက်...။

''ဒီကိစ္စမှာ တိမ်တိုက်ကဘာလို့ ပါနေသလဲ''

www.burmeseclassic.com

www.burmeseclassic.com

ကြည်မင်းခေါင်က သတိရသလိုပြောလျှင် သတိုးကပါ သူမေ့နေသော တိမ်တိုက်ကို၊ သူတို့နှစ်ယောက်နောက်တွင် တွေတွေဝေဝေရပ်ငေးနေသော တိတ်ဆိတ်လှသည့် တိမ်တိုက်ကို…သတိရပြီး နှစ်ယောက်သား ပြိုင်တူလှည့်ကြည့်လိုက်ကြပါသည်။

တိမ်တိုက်က ဘာဖြေရမှန်းမသိခင်မှာ ခင်ကပြောလိုက်လေသည်။

"ကိုတိမ်တိုက်ကတော့ ကျွန်မကို ခင်ဝေးဝေးခင်မှန်း တွေ့တွေ့ချင်းနာမည်သိသိချင်းနေ့ကပဲ သိပါတယ်၊ ကျွန်မက သူ့ကိုချိန်းရတာကတော့ သူ့ဆီက သူမသိအောင် ခိုးယူခဲ့တဲ့ ဓာတ်ပုံကို ပြန်ပေးဖို့ပါ…..

ဒီမှာနော်…ကိုတိမ်တိုက်၊ခင် သိချင်တာတွေသိရအောင်ဖန်တီးပေးတဲ့ ဓာတ်ပုံလေးကို ခင် အား[illegible]ရှမှာတရားဝင် ပြန်ပေးပါတယ်၊သိပ်ခင်တဲ့ သူငယ်ချင်းတွေနဲ့အတူတူအမှတ်တရ ရိုက်ထားတဲ့ ဓာတ်ပုံမို့ သိပ်မြတ်နိုးမှာပဲလို့ ယူဆပြီး ခင် ပြန်ပေးပါတယ်…..

ခင့်ဆီမှာ ရှိလဲ အသုံးမဝင်ဘူးလေ၊ခင်က





သုံးယောက်စလုံး ဓာတ်ပုံကိုမှ မယူချင်တာ၊ခင် လိုချင်တဲ့ ဓာတ်ပုံက တစ်ယောက်တည်းဓာတ်ပုံပါ….

ကဲ…ခင် သွားတော့မယ်ကိုတိမ်တိုက်၊ဘာပြောစရာရှိသေးလဲ"

တိမ်တိုက်သည် ဓာတ်ပုံလေးကို အသာလှမ်းယူလိုက်ပြီးနောက်တွင် ခင့်ရဲ့ မျက်ရည်ဝဲ့နေသော မျက်ဝန်းလေးတွေကို ငေးနေမိပါသည်။

ခင် ဘာကိုဆိုလိုသလဲဆိုတာ ခင့်မျက်လုံးတွေထဲက တစ်ဆင့် သူ မြင်နေရသည်။သူ သိနေပါသည်။ဘယ်သူ့ဓာတ်ပုံကိုပဲ ခင်လိုချင်သလဲဆိုတာ ကိုယ်သိပါတယ်။ခင်ကိုယ်တိုင်ကိုက ကိုယ့်ပုံမှာ မင်အပြာလေးနဲ့ လိုင်းအကန့်လေးထောင့်လေးကိုဆွဲပေးလိုက်တယ်။

ဓာတ်ပုံရဲ့ပိုင်ရှင် ကိုယ့်ကိုပြန်ပေးပြီးတော့ ခင့်ရဲ့သဘောထားကိုသိစေတယ်တဲ့လားခင်ရယ်…။တိမ်တိုက်နဲ့ခင်တို့ တစ်ယောက်နဲ့တစ်ယောက် နှလုံးသားထဲကို ထိုးဖောက်တော့မလို စူးစိုက်စွာငြိမ်၍ကြည့်နေကြတာကို သတိုးနဲ့ကြည်မင်းတို့ကား ပခုံးတွေတွန့်လျက် အံ့သြစွာ တိတ်ဆိတ်စွာအကဲခတ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်သည် ခင့်ကိုချစ်နေတာထက် သူငယ်ချင်းတွေကို ပိုပြီးချစ်နေချင်သော ခင့်အပေါ်ဖြစ်သောသံယောဇဉ်ထက် သူငယ်ချင်းတွေအပေါ်သံယောဇဉ်ပိုလိုသော၊မလိုအပ်တာတွေ မှာတွေဝေချင်သော သူ့ကိုရင်ထဲမှာနာမျက်လာပါသည်။

ကိုယ့် တစ်သက်မှာမလုပ်ခဲ့ဖူးတဲ့ ကိုယ့်ဘက်ကစ တင်ခဲ့တာမျိုး သူ့ကိုကျူမှဖန်တီးမိတာပါ။သူ့ကိုပဲ စွဲစွဲလမ်းလမ်း ချစ်လိုက်မိတာပါ။ဒါပေမယ့် ကိုယ်ပြန်ရခဲ့တာကတော့ ချစ်သူ ဟာ သူ့သူငယ်ချင်းတွေလောက်တောင်ဦးစားမပေးသော ဆုံး ဖြတ်မှုမျိုးပဲဖြစ်နေခဲ့ပြီလားကွယ်။

"ကျွန်တော်..."

တိမ်တိုက်သည် တစ်ခွန်းအသံထွက်ပြီးမှ တံတွေး တစ်ချက်မျိုချလိုက်ပြီး...။

"ခတ်ပုံကိုပြန်ပေးတဲ့အတွက် ကျေးဇူး တင်ပါတယ် ခင်"

ခင်သည် အဲဒီစကားတွေမှာကြည်းသွားကာသူတို့ ကိုနှုတ်ပင်မဆက်တော့ပဲ ချက်ချင်းကျောခိုင်းပစ်ခဲ့ပါသည်။

သူမကို ဘယ်သူကမှလဲမတား။အားလုံး အငေးသား ရပ်ကြည့်ကျန်ရစ်ခဲ့ပါသည်။





တိမ်တိုက်ကား ခတ်ပုံလေးကိုထပ်ခါထပ်ခါမမြင်ဖူး သလိုပြန်ငုံ့ကြည့်လျက် သူ့ဘဝအစိတ်အပိုင်းတစ်ခုလုံးပျောက် ဆုံးသွားခဲ့သလို ခံစားလာရပါသည်။

သတိုးသည် တိတ်ဆိတ်နေကြတာကိုသည်းမခံနိုင် သလိုအသံမျိုးနဲ့ကြည်မင်းကိုလှမ်းမဲလေသည်။

"မင်းမှာလဲ ငါတို့သုံးယောက်ပုံရှိတာပဲ၊မင်းဘာလို့ ခင်ဝေးကိုအသိမပေးလဲ အခုတော့ခင်ဝေး စိတ်ဆိုး သွားပြီ၊ငါ့ကိုအသိမပေးတာလဲ မင်း ကလိမ်ကကျစ် လုပ်ထားသလိုဖြစ်တယ်ဆိုတာတွေးမိရဲ့လား"

"ဟော့ကောင် ငါ လာမမဲနဲ့၊သူက ဘာမှစိတ်ဆိုးစ ရာမရှိတဲ့ကိစ္စကိုစိတ်ဆိုးတယ်၊သူက ကြားလူပါအ နေသာကြီးပါ အဲဒါကို အလကားနေရင်း စိတ်ဆိုး တယ်ဆိုတာဟာ မင်းစဉ်းစားကြည့်၊ငါတို့ကို စိတ်ဆိုး တာဖြစ်ချင်မှဖြစ်မယ် သူမဲချင်တဲ့လူကိုမမဲရလို့ငါတို့ ကိုအလကားနေရင်း ရန်လိုတာကွ၊ငါတို့ကအမဲခံရ တာကွ"

"မင်း ဆိုတဲ့ကောင်ကကွာ ကြိုက်စရာရှားလို့ ငါ ကြိုက်တဲ့မိန်းကလေးကိုမှလာကြိုက်ရလားကွ"



www.burmeseclassic.com

www.burmeseclassic.com



"မျက်စိက သူ့ဘာသာသဘောတကျ ရွေးချယ်လိုက်တာကွ နှလုံးသားတ သူ့ဘာသာချစ်သွားတာကွတား လို့မရဘူး အချစ်ဆိုတာ သူ့ဘာသာဖြစ်လာတာကွ"

"မင်းကလဲ မှားထားသေးတယ် ငါ့ကိုပြန်မအော်နဲ့ တကယ်ဆို မင်း ငါ့ကိုတောင်ရှိခိုးနေသင့်တယ်"

"နပ်ချေးတွဲလောင်းဘဝထဲက ပေါင်းလာတဲ့လူတွေပါကွာ ဘယ်ကောင်ကိုမှဂရုစိုက်စရာမလိုဘူး"

"ငါ့ကိုတော့ ဂရုစိုက်သင့်သွားပြီ"

"ခင်ဝေးဝေးခင်က မင်းကိုချစ်တယ်လို့လဲ ပြောမသွားပဲနဲ့လေသံတွေမြင့်မနေနဲ့ သတိုး"

"မင်းကိုလဲ မင်းရဲ့ဖန်လုံးမ,က ချစ်လှပါချည်ရဲ့လို့ ကတိပေးသွားသလား"

"ဟေ့ကောင် မင်းကဘာလဲကွ ငါ့လာမမဲ့နဲ့"

"မဲတယ်ကွာ မဲတယ်ကွာ"

"မဲရင် ထိုးတယ်ကွာ"

"အေး ငါကလဲထိုးတယ်ကွာ"

သတိုးနဲ့ကြည်မင်းတို့ကား ပေါက်ကရတွေပြောရင်း ရန်ထဖြစ်ကြသည်။



ကြည်မင်းက သတိုး၏ပုခုံးကိုပိတ်တွန်းပြီး အရင်စထိုးလိုက်ရာ သတိုးမေးစေ့ကိုခွပ်ခနဲအသံမြည်အောင်ထိုးမိပါသည်။

သတိုးက မခံ။သူ့လက်သီးနဲ့မှီနိုင်ရာ ကြည်မင်း၏ဗိုက်ကို အားကုန်ပြန်ထိုးလေသည်။ကြည်မင်း ရှောင်လို့ရပေမယ့်မရှောင်ပါ။အုခနဲ အသံထွက်အော်လျက်ဗိုက်ကိုနှိပ်၍ ညည်းညူရင်း..

"ခွေးကောင် ကြည့်စမ်း မင်း တကယ်ထိုးတယ်ပေါ့လေ"

"မင်းလဲ ငါ့ကိုတကယ်ထိုးတာပဲကွ မေးစေ့ကိုအီစိမ့်သွားတာပဲ"

သူတို့ပြောဆိုရင်း လက်သီးတွေတရမ်းရမ်းဖြင့်တစ်ယောက်နဲ့တစ်ယောက်ထိုးကြလေသည်။

သတိုး၏မျက်ခုံးထောင့်တစ်ဘက်အထိုးခံရလျှင် သတိုးကကြည်မင်း၏ပါးရိုးကိုခုန်၍ထိုးရ၏။သူက ကြည်မင်းထက်လဲအရပ်ပုရာ မမီ။သို့သော် ခုန်ပြီးထိုးတော့မီသွားပါသည်။

ကြည်မင်းက အဲဒီအခါမှာသတိုး၏ဗိုက်ကိုလက်သီး

www.burmeseclassic.com

www.burmeseclassic.com



ဖြင့်ဝိုက်၍ထိုးပြန်ပါသည်။သတိုးကားဗိုက်နှိပ်ညည်းညူလျက်သား ကြည်မင်း၏ညိုသကျည်းကို သူ့ရဲလည်သာရှူးဖိနပ်ဦးဖြင့် ခပ်ပြင်းပြင်းကန်လိုက်လေသည်။

တိမ်တိုက်ကတော့ လိုင်ဘရီ၏အောက်ဆုံးလှေကားထစ်တွင် ဖင်ချထိုင်။တွေဝေငေးငိုင်။သူ့ရှေ့မှာရန်ဖြစ်ထိုးကြိတ်ကြလေသော သကောင့်သားနှစ်ယောက်ကို မြင်ဟန်လဲမပြ။တားလဲမတား။ဖျန်ဖြေဖို့လဲ စိတ်မဝင်စား။

အမှန်မှာ သတိုးနဲ့ကြည်မင်းတို့ဟာ ဟန်လုပ်ပြီးရန်ဖြစ်ထိုးကြိတ်ကြခြင်းဖြစ်ကြောင်းလည်း သတိုး၊ကြည်မင်းနဲ့တိမ်တိုက်တို့ သုံးဦးစလုံးသိနေကြပါသည်။

သူတို့ သူငယ်ချင်းချင်း ဆော့စရာမရှိရှာကြဲဆော့လျှင်ဤသို့ထိုးကြိတ်ဆော့ကစားတတ်ကြ၏။

တကယ်လဲ နာအောင်ထိုး၏။တစ်ယောက်ကိုတစ်ယောက်လဲ အပြန်အလှန်ထိုးကြတာဖြစ်ပြီး တစ်ယောက်ရဲထိုးချက်ကို ရှောင်လို့ရတာတောင် နောက်တစ်ယောက်ကဘယ်တော့မှ မရှောင် အထိုးခံသည်။အနာခံသည်။

ပြီးတော့လဲ ဘာမှမဟုတ်။သူ့ဘာသာ ပြီးသွားကြပြီးဒဏ်ရာကိုယ်စီနဲ့ဆက်ပြီး စကားနိုင်လုကြဦးမည်။



သူတို့ ထိုးခဲ့တာ၊နာခဲ့ရတာတွေအတွက် စိတ်ထဲမှာအတေးအမှတ်မရှိ။အငြိုးအတေးလဲမရှိ။ဤသည်ကား သတိုး၊ကြည်မင်းနဲ့တိမ်တိုက်တည်းဟူသော လူငယ်လေးသုံးယောက်၏ ထူးခြားတဲ့အပြုအမူတစ်ရပ်ပဲဖြစ်ပါသည်။

သူတို့ ရန်ဖြစ်ပြီးတဲ့အထိထိုင်စောင့်ရမည်မှာ တိမ်တိုက်၏ဝတ္တရားပဲဖြစ်သည်။

ထိုင်မစောင့်လဲဘာမှအပြစ်တင်ကြမှာ မဟုတ်ပေမယ့်သူငယ်ချင်းတွေနဲ့စကားပြောချင်သည်။ဆွေးနွေးချင်သည်။ရင်ဖွင့်ချင်သည်။

တိမ်တိုက်၏ရင်ထဲကအကြောင်းတွေကို ဘာတစ်ခုမှသိခွင့်မရသေးသော သူတို့ကိုပြောပြရဦးမည်။

သူတို့ကလဲ သိချင်ကြမယ်မှန်း ပါးစပ်ကဖွင့်မပြောလဲ တိမ်တိုက်ကရိပ်မိနေခဲ့ပါသည်။

www.burmeseclassic.com



"ဒါဆိုရင်ကွာ မင်းတို့တွေတာသိပ်မကြာသေးတဲ့အ ချိန်လေးအတွင်းမှာ သူကမင်းကိုချစ်သွားတာပဲဖြစ် မယ် အား ကျွတ်ကျွတ်"

သတိုးသည် မျက်ခုံးနဲ့မေးရိုးတွေမှာ ပလာစတာတွေ ကပ်ထားတာကို လက်ညှိုးနဲ့ဖိရင်း တစ်ကျွတ်ကျွတ်ညည်း ညူရင်းသူ့ထင်မြင်ချက်ကိုပြောပါသည်။

ကြည်မင်းကတော့ ညှိုသကျည်းကိုဦးစိုင်းဒဏ်ကြေ လိမ်းဆေးနဲ့မိဂသီ ဒဏ်ကြေလိမ်းဆေးနှစ်မျိုးရော၍ လူးနေ ရင်း တအီးအီးအသံထွက်ညည်းညူနေပါသည်။

"ခွေးကောင် သတိုး ငါ့ကိုသူ့ဖိနပ်ကြီးနဲ့ပိတ် ကန်တယ်နှာလိုက်တာကွာ"

"မင်းလဲ ငါ့ကိုထိုးတာပါပဲကွာ"

"ကဲပါ မင်းတို့ကလဲတကယ်လဲမဟုတ်ပဲနဲ့စကားနိုင် လုမနေကြနဲ့တော့ကွာ ငါ့အလှည့်ပေးပါဦး မင်းတို့ ပဲ ငါနဲ့ခင့်အကြောင်းသိချင်ပါတယ်ဆို"

"ခင်..တဲ့လားကွာ ဒါနဲ့များ ငါတို့တွေတာနှစ်ခါပဲ





ရှိသေးတယ်တဲ့"

"သူက သူ့ကိုယ်သူ 'ခင်' လို့စသုံးပြီး ပြောတာကွ ငါက အဲဒီ့လိုပဲခေါ်မိတာပေါ့"

"မင်းစိတ်ထဲမှာလဲ ခေါ်ချင်ချင်ဆိုတာ ဝန်ခံစမ်းပါ တိမ်တိုက်ကြီးရာ အချင်းချင်းတွေ မင်းပါးစပ်ဟတာ နဲ့ အူဘယ်နှစ်ခွေဆိုတာသိပြီးသားလာမညာနဲ့"

ကြည်မင်းက တမ်းတသလိုလိုအသံနဲ့...

"သြော် ဖန်လုံးလေး ဖန်လုံးလေး နောက်ဆုံးကျ တော့လဲ ငါတို့သူငယ်ချင်းရဲ့အဖော်လေးအဖြစ်တွေ ရမယ့်သူဖြစ်လာပါလားကွာ အံ့သြဖို့တောင်ကောင်း နေပြီ။"

"ငါ သူ့ကိုဖွင့်ပြောဖို့ရည်ရွယ်ချက်လဲမရှိဘူး ဖွင့်လဲ မပြောတော့ပါဘူးကွာ"

"ဟေ ဘာဖြစ်လို့လဲ"

"မင်းတို့ ဒီလောက်အသည်းအသန် ကြိုက်ထားတဲ့ မိန်းမတစ်ယောက်ကို ငါကမင်းတို့ရှေ့မှာအနိုင်ယူသ လိုကြီး တွဲပြရမှာမျိုးမဖြစ်ချင်ပါဘူးကွာ"

"အစီပွာယ်မရှိတာ တိမ်တိုက်ရာ၊ငါတို့က ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



တုန်းကတော့ကြိုက်တာပဲ၊ ဒါပေမယ့်ငါတို့သုံးယောက် ထဲက ဘယ်သူ့ရရကျေနပ်တာပဲ သူငယ်ချင်းရဲ့ချစ်သူ ဖြစ်လာတော့လဲ ငါတို့ကလဲ သူငယ်ချင်း တစ်ယောက်အဖြစ်ဆက်ဆံလို့ရပါတယ်ကွ မင်းကငါတို့ကိုအထင်မသေးစမ်းပါနဲ့''

''မဟုတ်ဘူး သတိုးရာ ငါတို့ကဘာမှပွင့်ပွင့်လင်းလင်းပြောရသေးတာမဟုတ်ဘူး၊ ငါ ရှေ့ဆက်မတိုးတော့လဲဘာမှဖြစ်လာစရာအကြောင်းမရှိဘူး''

''ဒါပေမယ့် ခင်ဝေးဝေးခင်ဘက်ကိုလည်း ထည့်တွက်ဦးလေ သူကလူမှုဆက်ဆံရေးမှာခေတ်မီ ပွင့်လင်းပေမယ့်''သူ့ အပြုအမူအနေအထိုင်ဟာ ဘယ်ယောကျ်ားတစ်ယောက်ကိုမှ အထာတွေ၊ကဗျာတွေပေးတာမျိုးမရှိဘူးဆိုတာ ယောကျ်ားတိုင်း သိတယ် မင်းတို့ကျတော့ သူ တကယ် ချစ်လို့ဖြစ်မယ် ဒါကြောင့်အထာတွေပေးတယ် စကားတွေကြောင်းပေးတယ်ကွာ၊ သူဟာဣန္ဒြေသိက္ခာရှိတဲ့မိန်းကလေးပါ ဒီလိုလုပ်ဖို့ သူဘယ်လောက်တောင်သတ္တိမွေးရမလဲ စဉ်းစားကြည့်၊ မင်းကိုတော်ရုံတန်ရုံချစ်လို့တော့ မ



ဟုတ်ဘူး…

အရမ်းချစ်လို့ သူ့ဘက်ကစတာ မင်းကစမလားလို့စောင့်ရင်းစောင့်ရင်းနဲ့နောက်ဆုံးတော့ သူ့ဘက်ကအရင်စလိုက်ရတာပါကွာ…

ခင်ဝေးဝေးခင်ရဲ့စိတ်ကခန့်မှန်းလို့ရတယ် သူခင်တဲ့သူကိုခင်မယ် သူချစ်တဲ့သူကိုကျတော့လဲတကယ့်ကိုသစ္စာရှိရှိနဲ့ချစ်မယ့်မိန်းကလေးမျိုးပါ''

ကြည်မင်းခေါင်က စီကာပတ်ကုံးပြောပြတော့ တိမ်တိုက်မှာပိုပြီးတွေဝေရပြန်ပါသည်။

''ဟော့ကောင် တိမ်တိုက်၊ မင်းဆက်ပြီး တွေဝေနေမယ်ဆို ငါအဆိုးမဆိုနဲ့နော်၊ ငါကလူပုပေမယ့်သတ္တိကတော့ မင်းတို့လိုအရပ်မြင့်တဲ့ကောင်တွေလောက်ရှိတယ်၊ မင်းကိုပြောမရတော့ရင် ငါ ထိုးတော့မယ် အဲဒီလောက် တိုက်တွန်းနေတာတောင် ဟိုလိုလိုဒီလိုလိုပြောနေရင် ငါကအမြင်ကပ်လာပြီ''

'' ဒီဇာတ်လမ်းမှာ သူက ဇာတ်လိုက်ဖြစ်သွား တော့ရုပ်ရှင်မင်းသား နာမည်ကျော်ဇာတ်လိုက် တွေလိုပဲဖြစ်သွားတာ၊ ဘဝင်မြင့်သွားတာအိုက်တင်ခံသွား

www.burmeseclassic.com

www.burmeseclassic.com

တာ''

''အဲဒီ မြင့်နေတဲ့ဘဝင်ကို နိမ့်သွားအောင်ဆွဲချပစ်မယ်၊ ခံနေတဲ့ အိုက်တင်တွေကို မခံနိုင်တော့အောင် လုပ်ပစ်မယ်ကွာ''

''အေးကွာ ဟုတ်တယ်ကွာ လာသတိုးရာဒီကောင်ကိုဝိုင်းသမကြရအောင်''

''ဟုတ်တယ် ငါတို့အခါတစ်ရာလောက် ရည်းစားစကားပြောရတဲ့မိန်းမဟာ ဒီကောင်ကရည်းစားစကားလေးတစ်ခွန်းတောင်မပြောရသေးပဲနဲ့ အရှုံးအမှုး စွဲလမ်းနေတာကို မနာလိုလို့ငါလဲထိုးချင်နေတယ်''

သူတို့ ရယ်ရယ်မောမောနဲ့ပေါက်တတ်ကရတွေပြောချင်ရာပြော၊အရက်ရှိန်လေးတွေ မူးရီရီနဲ့မို့အာသွက်လျှာသွက်တွေဖြစ်လို့ဖြစ်။

နောက်တော့ ကြက်ကြီးလည်လိမ်ထားသလိုအူတူတူငေါင်တောင်တောင်ဖြစ်နေသော တိမ်တိုက်ကိုတစ်ယောက်ကချုပ်ပြီးတစ်ယောက်ကတစွပ်စွပ်ထိုးပါသည်။

အနည်းငယ်လေး နာရုံ၊ဖူးရုံ၊ယောင်ရုံကလေးထိုးတာဖြစ်ပြီး တိမ်တိုက်ကလည်းနောက်ကချုပ်ထားတဲ့ကောင် သတိုးကိုတံတောင်နဲ့တွက်။ရှေ့ကထိုးနေတဲ့ကြည်မင်းကို ခြေထောက်နဲ့လှမ်းချိကန်။

သူတို့ဝရုန်းသုန်းကားနဲ့ တဟီးဟီး တဟားဟားရယ်ကြပါသည်။

နောက်တော့ သူတို့အားလုံးတိမ်တိုက်၏အိမ်ခန်းကညှို့ခန်းကြမ်းပြင်ပေါ်တွင် အိပ်ပျော်သွားခဲ့ကြတော့သည်။

မနက် ဆယ်နာရီထိုးမှသူတို့ပြိုင်တူ နိုးကြသောအခါအားလုံး၏မျက်နှာတွေရော ခြေတွေလက်တွေမှာရောဒဏ်ရာတွေနဲ့။တစ်အင်းအင်း တစ်ကျွတ်ကျွတ်ညည်းညူသံတွေနဲ့သူတို့ရဲ့လှပတဲ့နံနက်ခင်းဟာ စတင်ခဲ့ပါတယ်။

သူတို့ရဲ့ခင်မင်မှုတွေ မဆုံးရှုံးတော့တဲ့နံနက်ခင်းတစ်ခုပဲဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# အချစ်ပြုံးနံ့ပါတီ (၅)

ခင်ရေးရေးခင်

www.burmeseclassic.com

## (၁)

ခင်သည် ဟိုတယ်ဝန်ထမ်းများသာ ကားရပ်ခွင့်ရှိသော ကားပါကင်တွင်ကားရပ်ပြီးနောက်ကားပေါ်မှဆင်းသည်။ခင်၏ ထမင်းချိုင့်၊ကော်ဖီဓာတ်ဘူး၊အာလူးကြော်ထုပ် ဆီးသီးထုပ်နှင့်လက်ဖက်သုပ်ဘူးများအစီအရီထည့်ထားသော ဖလှပ်စတစ်ခြင်းကို ဆွဲထုတ်ပြီးခင့်နံဘေးတွင် ချထားလိုက်၏။

ထို့နောက် ခင်ကခင်၏သားရေအိတ်အညိုကို ဆွဲယူကာပုခုံးတွင်လွယ်သည်။ဟိုတယ်တွင်း၌ အေးစိမ့်လှတာမို့အမြင်မှာဘယ်လောက်ပူပူ ကုတ်အင်္ကျီလေးတွေဝတ်ထားရတာ

www.burmeseclassic.com



လဲအလုပ်တစ်လုပ်။ကုတ်အင်္ကျီအနက်ကို လက်တွင်တင်ပြီး
ကားသော့ကိုပိတ်လိုက်ပါသည်။

နောက်တော့ ခင်သည်ဘေးတွင်ချထားသောခြင်းကို
ကောက်ကိုင်လိုက်လျှင် ခင်၏ပလပ်စတစ်ခြင်းလေးကားမရှိ
တော့။

ခင်သည် ရုတ်တရက်တော့လန့်ဖျပ်သွားပြီး ဘေးဘီ
ကိုရှာဖွေလိုက်ရာ

"ခင် ရှာမနေပါနဲ့ ကိုယ်ယူထားတာပါ"

ခင်သည် သူ့ကိုမြင်တော့အံ့ဩသလိုမျက်လုံးလေး
ပြူးနေသည်။

ခင်သည် သူ့မျက်နှာတွင်တွေ့ရသောအညိုအမည်း
များ နှုတ်ခမ်းထောင့်မှာကွဲလျက် သွေးခြေဥလေးတွေတွေ့ရ
ချင်းများကို ဘာစ်ခုခြင်းစေ့စေ့စပ်စပ်ကြည့်မိပါသည်။

"ခင့်ဆီ လာလည်တာပါ"

"ခင်နဲ့ရှင်နဲ့ဘာယ်လိုပတ်သက်လို့လဲ"

"ပတ်သက်ပါတယ် ခင်ရယ်"

"ဒီမှာ ခင့်ကိုအနှောင့်အယှက်မပေးပါနဲ့လား ခင်
အေးအေးဆေးဆေးနေပါရစေ၊ မနေ့တစ်နေ့ကလေ ကို





က ခင်,ရှုးခဲ့မိုက်ခဲ့တာတွေကိုလည်း အကြိမ်ကြိမ်
နောင်တရသွားပါပြီ အခု ခင် အားလုံးကို မေ့လိုက်
နိုင်ပြီ"

"ခင် ကိုယ့်ကိုစိတ်နာသွားတယ်ဆိုတာ ကိုယ်သိပါ
တယ် ခင်"

"စိတ်နာရအောင် ရှင်နဲ့ခင်ကဘာဆိုင်လို့လဲ ဘာမှ
မဆိုင်တဲ့လူတစ်ယောက်ကိုအလကားနေရင်း ခင်
စိတ်လဲမနာသလို စိတ်ထဲမှာဘယ်လိုမှလဲ မနေပါ
ဘူး"

"မဟုတ်သေးပါဘူး ခင်ရယ် ခင်,ဟိုတစ်နေ့က
ကိုယ့်ကိုမေးသွားတယ်လေ ဖိုတိမ်တိုက်ခင့်ကိုဘာ
ပြောစရာရှိလဲဆိုတာ ကိုယ့်မှာအခုပြောစရာရှိသွား
ပြီ"

"အဲဒီတုန်းကလဲ ပြောသွားသားပဲ ခင့်ကိုဓာတ်ပုံပြန်
ပေးလို့ကျေးဇူးတင်ပါတယ်လို့လေပြီးနေတာပဲ၊ ကဲ
ပါ ခင့်ခြင်းတောင်းပြန်ပေးပါတော့ရှင်၊ ခင် အလုပ်
ချိန်နောက်မကျချင်ဘူး ပြီးတော့ ခင့်ခြင်းတောင်းကို
ခင်ကလိုက်လုတာကို ရှင်ကမပေးဘဲ ရှောင်နေရင်း



www.burmeseclassic.com

www.burmeseclassic.com



ခင့်အတွက် ဣန္ဒြေပျက်စေချင်ပါတယ် သိက္ခာကျစေပါတယ် ကိုတိမ်တိုက်ရယ်၊ ခင်ကဒီဟိုတယ်ရဲ့ရာထူးအမြင့်ဆုံးအလုပ်ကိုလုပ်နေတဲ့လူပါ၊ ခင့်ဂုဏ်သိက္ခာကိုထိခိုက်အောင် ဒီလိုရမ်းကားတဲ့အပြုအမူနဲ့မဆက်ဆံပါနဲ့ ခင် တောင်းပန်ပါတယ် ကိုတိမ်တိုက်''

''ခင်ရယ်..''

တိမ်တိုက်သည် စိတ်ပျက်လက်ပျက်အသံနဲ့ ရေရွတ်လျက် ခင်၏ခြင်းတောင်းကလေးကိုပြန်ပေးလိုက်ရပါသည်။

''ခင့်ကို ဘယ်တော့မှထပ်မနှောင့်ယှက်ပါနဲ့၊ ခင် ကိုတိမ်တိုက်တို့သုံးယောက်စလုံးနဲ့ ပတ်သက်ခဲ့ဖူးသမျှကိုမေ့ပစ်လိုက်ပါပြီ၊ခင်တို့ မိတ်ဆွေတွေလဲ မဟုတ်တော့ပါဘူး သူစိမ်းတွေပါ ကိုတိမ်တိုက်''

ခင်သည် သူမျက်လုံးတွေထဲ နောင်တရနေသောအရိပ်ကိုမြင်ရတော့ အတော့်ကိုကျေနပ်သွားပါသည်။ခင့်အပေါ် သူငယ်ချင်းတွေလောက်တောင် သံယောဇဉ်မပိုနိုင်လေသော သူ့ကိုခင်,ရှောင်ရပါမည်။

သူဟာ ဒီနေ့မှခင့်ဆီလာတယ်ဆိုတာဟာ သူတို့မှာ ဘာအကြံတွေရှိလဲ။ဘာတွေ တိုင်ပင်ခဲ့ပြီးပြီလဲ။ဘာတွေနားလည်မှုယူပြီးလို့လဲ။အဲဒါတွေ ခင် ဘာမှမသိနိုင်။





မိန်းမတစ်ယောက်ရဲ့အချစ်ကို သူငယ်ချင်းယောက်ျားနှစ်ယောက်နဲ့တစ်ယောက်ညှာတာကြ။သဘောထားကြီးကြဦးစားပေးကြ လုပ်ကြဦးမည်။ပြီးမှ ခင် မျက်နှာအသာအပေးဆုံး။ ခင့်ဘက်ကစတင်မှုတွေကို အပေးခံရဆုံးသော တိမ်တိုက်ကို ဦးစားပေးလိုက်တာပဲဖြစ်မည်။

ခင် အဲဒါကိုမုန်းကိုမုန်းနေတာ။

ကိုယ့်ဆုံးဖြတ်ချက် ကိုယ်မရှိ။

သူငယ်ချင်းတွေတိုက်တွန်းမှ သွေးထိုးမှပဲခင့်ကိုချစ်တယ်လို့ ပြောဖို့ခွန်အားတွေ၊သတ္တိတွေရှိလာသော သူ့ကိုခင် ညီမျှပင်ချစ်နေခဲ့ပါစေ။ခင် သူ့ကိုပြန်ချစ်ဖို့ကိုမစဉ်းစားလိုတော့ပါ။ခင်သည် ခင့်ကျောပြင်ကိုရပ်ကြည့်ငေးကျန်မည်ဖြစ်သောတိမ်တိုက်အား တစ်ချက်မျှပင်လှည့်မကြည့်ခဲ့ပဲသူမ၏ဟိုတယ်လ်ကြီးထဲကိုဝင်လာခဲ့တော့သည်။

တိမ်တိုက်ကား ချက်ချင်းပင် သူငယ်ချင်းတွေကိုပြေးတွေ့ပြီးရင်ဖွင့်ချင်လောက်အောင် စိတ်ခတ်အကျကြီးကျလျက် ဟိုတယ်ရှေ့က ပလက်ဖောင်းတွင်ငေးငေးငိုင်ငိုင်အကြာကြီး ရပ်ကျန်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်သီချင်းတွေကိုပြောင်မြောက်စွာ ရေးဖွဲ့နိုင်သော တိမ်တိုက်သည် သူ့ရင်ထဲကအချစ်တွေကိုမီအောင်ရေးဖွဲ့နိုင်မယ့်သီချင်းတစ်ပုဒ်ကိုဖန်တီးဖို့တော့ အတတ်ပညာများမဲ့နေသလိုခံစားရတာကို ခင်,သိအောင်ပြောပြလိုနေခြင်းဆန္ဒတွေကတားမရ။ဆီးမရ။

❋ ❋

"စိတ်ဓာတ်မကျနဲ့သူငယ်ချင်း ကောင်မလေးကမှုနေတာပါကွာ"

"မဟုတ်ဘူး သတိုးရာ သူငါ့ကိုတကယ်စိတ်နာသွားတာကွ"

"မှတ်ထား မိန်းမတွေကလိုက်ရင်ပြေးတယ် ပြေးရင်လိုက်တယ်၊ သူတို့ကိုမချစ်တဲ့လူကိုမှ ချစ်တတ်တယ် သူတို့ကို အရူးအမူးချစ်တဲ့လူကိုကျတော့ပြန်မချစ်ချင်ဘူး"

"ခင်က အဲဒီ့သဘောနဲ့မဟုတ်ပါဘူး ကြည်မင်းရာ မင်းက ဘယ်အငြိုးနဲ့မကောင်းမြင်နေရတာလဲ"



"မင်းကလဲ မင်းပဲ မောင်မောင်ခေါ်တုန်း 'ဗျာ' ထူးတာမှမဟုတ်တာ၊မင်းကလဲ အမူလွန်တော့ဟိုကပြန်မူတာပေါ့၊ အမူ အမူချင်းတွေတယ် မူမူတွေ ဟားဟားရယ်ရတယ် ငါပြောတာကို 'မူမူ' ဆိုတဲ့နာမည်ရှိတဲ့မိန်းမတစ်ယောက်သာကြားရင် ငါ့ကိုထ,သတ်ချင်လောက်အောင် မုန်းမှာပဲ"

"သူက သူ့အလုပ်ကိုလာတာမကြိုက်ဘူးကွ"

"ဟာကွာ ကြည်မင်းကတစ်မျိုးပြော တိမ်တိုက်တတစ်မျိုးပြောနဲ့ငါတော့ ရှုးချင်လာပြီ"

"ဟုတ်ရဲ့လား သတိုးရာ ငါတို့ကြောင့်ရှုးချင်တာရောဟုတ်ရဲ့လား"

"ဟော့ကောင် ကြည်မင်း၊တော်ကွာ ခုချိန်မှာဒီ အကြောင်းတွေမပြောပါနဲ့ကွာ တိမ်တိုက်နဲ့ခင်ဝေးဝေးခင် အကြောင်းပဲပြောကြမယ် ငါတို့အရင်ကရှုးခဲ့တာလဲ ရှုးခဲ့တာပေါ့ကွာ ဒါပေမယ့် အခုတော့စိတ်ကရှင်းနေပြီ၊ဘာမှမရှိတော့ဘူး၊ တကယ့်အဖြူထည်ပဲ ဆိုတာကိုနှန်ပြောရပါတယ် တိမ်တိုက်နဲ့ပတ်သက်ရင်ခင်ဝေးဝေးခင်ဟာ ငါတို့ရဲ့သူငယ်ချင်းတစ်ယောက် ဝဲ

www.burmeseclassic.com



ဖြစ်ရမယ်''

''ဟုတ်ပါတယ်ကွာ ငါလဲဒီသဘောပါပဲ၊ မင်းကိုတမင်စတာပါ မင်းကစလို့ကောင်းတယ် ဒေါသကြီးတယ်၊ ဟဲဟဲ ဒါကြောင့်ရှေးလူကြီးတွေစကားများတယ် မှန်ပါလားကွာ ဘာတဲ့ လူပုစိတ်တိုတဲ့ ဟုတ်လားကွာ ဟေ''

''ငါ မင်းကိုအသေထိုးတော့မှာနော် ''

''ဟာ တော်ကြပါတော့ကွာ မင်းတို့ကလဲ တစ်ယောက်တည်းစိတ်ဓာတ်ကျလို့ မင်းတို့နဲ့ဆုံပါတယ် မင်းတို့က ဘာမဟုတ်တာလေးကိုရန်ထဖြစ်ကြပြီး ငါမရှိရင် မင်းတို့ရန်မဖြစ်ဘူး ငါရှိရင်ဖြစ်ပြီ အဲဒါအလကားဆွဲမယ့်လူရှိလို့ တိုင်တည်စရာလူရှိလို့ဖြစ်နေတာ''

''ငယ်ငယ်တည်းကပါလာတဲ့အကျင့်ကြီးကို မင်းသိနေသားနဲ့သည်းခံ သူငယ်ချင်း''

''ငါ ဘာဆက်လုပ်ရမလဲ''

''ဩော် ငါတို့ကိုသည်းခံလက်စနဲ့ဆက်ပြီးသည်းခံပေါ့ကွာ ဒါပဲရှိပါတယ် တိမ်တိုက်ကြီးရာ''





''ရှစ်ထိ မှပဲ ငါကခင်နဲ့ဝတ်သက်ပြီး ငါဘာဆက်လုပ်ရမလဲဆိုတာအကြံတောင်းတာကွ လဒ,ရ''

''သိဘူးလေ မင်းကငါတို့အကြောင်းပြောနေရင်းကအဲဒီကိစ္စရောက်သွားမယ်လို့ ဘယ်ထင်မလဲ''

''ဟီဟီး သတိုးသူရိန်ဆိုတဲ့ မွေးမေမေပေးထားတဲ့နာမည်ပျောက်ပြီး လဒအမည်တွင်တဲ့ လဒဂျပုကိုမြင်ဖူးအောင်ကြည့်ထားမှပါကွာ''

''ကြည်မင်း မစ,စမ်းပါနဲ့ကွာ မင်းကလဲ''

''မစတော့ပါဘူးကွာ မစတော့ပါဘူး''

''တိမ်တိုက်ရာ မင်း သူ့ကိုတကယ်ချစ်တယ် ဆိုရင်ခွဲရှိရှိနဲ့လိုက်ရမှာပေါ့ မိန်းမတွေက သူတို့သွားလေရာကို ခွဲရှိရှိနဲ့လိုက်နေတဲ့ ယောကျ်ားမျိုးကို ပိုအမှတ်ပေးတတ်ကြတယ်''

''ကလေးကလားနဲ့ကွာ''

''ဘာလဲ...မလုပ်ချင်နေ၊အဲဒီ အကြံကလွဲရင်တခြားအကြံလဲ မပေးနိုင်ဘူး၊ဖုန်းဆက်တော့လဲ ဟိုက မင်းအသံကြားတာနဲ့ ဖုန်းချပစ်တယ်ဆို...''

''အမှန်တော့ကွာ..ခင်ဝေးဝေးခင်ဓာ ဒီကောင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်နေတာပါကွာ၊သူ့ဘာသာ အထာတွေပေးတုန်းကပေးပြီး နောင်တတွေရနေတာပါ၊ငါတို့လဲ ဒီကိစ္စကို သိမှာပဲဆိုပြီး ရှက်နေတာပါ၊မကြည်မှာမပူပါနဲ့ ကွာ၊မင်းကိုကြည်မှာပါ''

''အနေးနဲ့ အမြန်ပဲ ရှိတယ်''

''ဘာ အနေးနဲ့အမြန်လဲ သတိုးရ''

''ဟဲ…ဟဲ သေဖို့ကွာ…သေဖို့''

''ဟုတ်တယ်ကွ၊ကိုယ် သိပ်ချစ်တဲ့မိန်းမတစ်ယောက်ကိုရတာဟာ ကိုယ့်ရဲ့ အခွင့်အရေးတွေ တော်တော်များများ သေရတာနဲ့ အတူတူပဲ၊ဘာကြောင့်လဲ ဆိုတော့ သူ့အတွက် ညာတာရ၊သနားရ၊သူဖြစ်ချင်တာတွေ လုပ်ပေးရနဲ့အဲဒါတွေပဲ လိုက်ဖြည့်ဆည်းရင်းနဲ့ ကိုယ့်ရဲ့အခွင့်အရေးတွေဟာ သေဆုံးမှန်းမသိသေဆုံးသွားတာပဲကွ၊တကယ့်တကယ်တော့ကွာ ကိုယ်က သိပ်ချစ်တဲ့သူကို ရှာတာထက် ကိုယ့်ကိုသိပ်ချစ်တဲ့သူကို ရှာတာပိုကောင်းတယ်''

''ဩော်…ကြည်မင်း…ကြည်မင်းကြီး၊သံဝေဂ တွေ့တယ်ရနေပါလားကွ…ဟေ''



နောက်တော့သူတို့မောပြီး အိပ်ပျော်သွားပါသည်။

သို့သော် သတိုးလည်း သတိုးမို့၊ကြည်မင်းလည်း ကြည်မင်းမို့၊တိမ်တိုက်လည်း တိမ်တိုက်မို့ ခင်ဝေးဝေးခင်တည်းဟူသော မိန်းမတစ်ယောက်ကို ချစ်ခင်စွဲလန်းကြပုံချင်း ပမာဏကလည်းတူညီခဲ့ကြသည် ဖြစ်ရာ သတိုးနဲ့ကြည်မင်းတို့ကား ဟန်လုပ်၍ပြုံးနေခဲ့ကြရသူများလည်း ဖြစ်ပါသည်။

သတိုးသည် ခဏလေးတော့ မှေးခနဲအိပ်ပျော်သွားခဲ့ပြီးမှ ပြန်နိုးလာတဲ့အခါ အိပ်မရခဲ့ပါ။ခင်ဝေးကို သူတကယ်ချစ်တဲ့ အချစ်ဟာ ဘယ်တော့မှလည်း သေဆုံးသွားလိမ့်မည်မဟုတ်။ အချစ်ဆုံးသူငယ်ချင်းအတွက် ရယ်မောပြနေပေမယ့် သူ့ရင်ထဲမှာ အမြဲငိုကြွေးနေခဲ့ရတာ ဘယ်သူမှမသိ။

တစ်ချိန်ချိန်မှာ သင့်တော်တဲ့မိန်းကလေးတစ်ယောက်ယောက်နဲ့ လက်တွဲရမည်ဆိုလျှင်တောင် သူဟာ ခင်ဝေးကိုချစ်သလောက် ထိုမိန်းကလေးအပေါ် ချစ်လိမ့်မှာမဟုတ်ဘူးဆိုတာ သူ သိနေလေသည်။သူသည် ချစ်စရာကောင်းသောမျက်ဝန်းလေးများကို မေ့နိုင်အောင်၊သတိမရတော့အောင် မျက်လုံးကို တင်းတင်းစုံမှိတ်လျက် အိပ်ပျော်နိုင်အောင် ဘယ်လိုပဲ ကြိုးစားကြိုးစား သူ့ရဲ့ညတာဟာ အိပ်မပျော်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အခါ တကယ်ပဲ ရှည်လျားနေခဲ့ပါတယ်။

သတိုးလိုပဲ တလူးလူးတလွန့်လွန့်နဲ့ အိပ်မပျော်သော နောက်တစ်ယောက်ကား ကြည်မင်းပဲဖြစ်သည်။

ကြည်မင်းသည်ကားသူငယ်ချင်းတွေအိပ်တုန်းက လိုက်၍ အိပ်ချင်ဟန်ဆောင်ခဲ့သော်လည်း သူ လုံးဝ အိပ်မပျော်ခဲ့ပါ။အိပ်၍ မရခဲ့ပါ။

'ဖန်လုံးလေး'ဟုချစ်စနိုးခေါ်ခဲ့ဖူးတဲ့ မိန်းကလေးတစ်ယောက်ဟာ သူ့ဘဝမှာ အရင်ဦးဆုံးနဲ့နောက်ဆုံးချစ်ရမယ့် မိန်းကလေးပဲဖြစ်ပါသည်။

သူငယ်ချင်းအတွက်ရယ်လို့ နောက်ဆုတ်ရှောင်ခဲ့တာမျိုး မဟုတ်ခဲ့ဘဲ ကိုယ့်ချစ်သူမိန်းကလေးကိုယ်တိုင်က နှစ်နှစ်ကာကာချစ်နေခဲ့သော အမူအရာတွေကို မြင်လိုက်ရကတည်းက သူကလေး စိတ်ချမ်းသာပါစေတော့ရယ်လို့ ရည်ရွယ်ပြီး သူ နောက်ဆုတ်ခဲ့တယ်ဆိုတာ ဘယ်သူမှ မသိနိုင်ပါ။ဖန်လုံးလေးတစ်လုံးလို လုံးလုံးဝိုင်းဝိုင်းမျက်နှာလေး ကို မေ့နိုင်အောင် ကြိုးစားရင်းကပဲ သူ့ရဲ့ အိပ်မပျော်တဲ့ ညတွေဟာ ရှည်လျားလွန်းမက ရှည်လျားနေခဲ့ပါတယ်။

***



( ၂ )

ခင်သည် မဂ်ဆိုလျှင် အလုပ်သွားရမှာကိုအရင်က ထက်ပိုပြီး တက်ကြွနေလေပြီ။ခင်၏ နေ့ရက်တွေမှာ ခုမှ တစ်ဖန် လှပစွာရှင်သန်ခဲ့တာပါဟု ခင်ကထင်ပါသည်။ခင်၏ ချစ်သူကားခင့်ရဲ့မနက်ခင်းများကို လှပအောင်ဖန်တီးပေးနေပြီ။ခင် မနက်ဆို ဟိုတယ်လ် ကားပါကင်နေရာတွင် ကားရပ်တာနဲ့ တိမ်တိုက်က ခင့်ရဲ့မြင်ကွင်းထဲမှာ အေးချမ်းသော အပြုံးကလေးနှင့် ကြိုဆိုနေတတ်ပါသည်။

ခင်က မူရာမာယာများကာ မျက်စောင်းတစ်ချက် လောက်ထိုးရသည်မှာ ဝတ္တရားလိုပင်ဖြစ်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူက ခင့်ဆီမလာ၊ခင့်ခြင်းတောင်းကိုလည်း လာမဆွဲ၊ခင့်ကို မနှောင့်ယှက်၊ခင့်အားစကားပင် လာမပြော၊လာမနှုတ်ဆက်ဘဲ ငေးရုံသာငေးနေပြီး ခင် ဟိုတယ်လ်ထဲဝင်သွားတော့မှ သူ့ကားပေါ်တက်ပြီး ပြန်ထွက်သွားတတ်တာကို ခင်က ချောင်းကြည့်၍ သိပြီးနေပြီ။

"ဒါဟာ ရှင့်ရဲ့ ပညာတစ်ခုပဲလား ကိုရယ်၊နေ့တိုင်း လာလာ စောင့်ကြည့်နေတာဘာသဘောလဲ၊လူငယ် လေးတွေလို ချောင်းကြည့်ပြုံးပြန်လုပ်တဲ့ ပုံစံနဲ့ ဖိုး ပန်းတာပဲလား ကိုရယ်...."

ခင်ကား ချစ်သူကိုတိတ်တခိုးနဲ့ 'ကို' ဟုခေါ်တွင်မှေ မိခဲ့ပြီတည်း။ခင်သည် သူ ဒီလိုမနက်တွေမှာ လာလာစောင့် ကြည့်တာကို အစက မကြိုက်သလိုလို၊မလိုလားသလိုလို တကယ်ပဲ စိတ်ထဲမှာ ခံစားရတာမှန်သော်လည်း နောက်တော့ တဖြည်းဖြည်းနဲ့ ခင့်ရဲ့ မနက်ခင်းတွေဟာ အဲဒီလိုလာစောင့် ကြည့်ခံရခြင်းထဲမှာ သာယာလှပလာတာပဲဖြစ်လေသည်။

ခင်ဟာ တစ်ခါတစ်ရံများစွာတွေမှာတော့ ချစ်သူရဲ့ အပြုအမူ အေးတိအေးစက်နဲ့ ငေးငိုင်ငိုင်အမူအရာတွေကို အားမလိုအားမရဖြစ်တဲ့အခါ တစ်ယောက်တည်း အရူးတစ်ယောက်





လိုပင် ရေရွတ်နေတတ်ခဲ့လေသည်။

တစ်နေ့ကတော့ အလုပ်နားတဲ့ရက် တစ်ရက်မှာပဲ ဖြစ်ပါသည်။

ခင်က ဗိုလ်ချုပ်ဈေးကိုထွက်လာခဲ့တာ။ခင်တို့အိမ်ရဲ့ လမ်းထိပ်မှာ သူ့ကို ခင်တွေ့လိုက်ရလေသည်။ခင် အံ့လည်း အံ့သြ၊ရင်တွေလည်း ခုန်လျက် သူ့အနားက ကားဖြတ်မောင်း လာခဲ့ပါသည်။

နောက်တော့ ခင်ဟာမျှော်လင့်တကြီးနဲ့ ခင့်ကားရဲ့ နောက်ကြည့်မှန်ထဲမှာ တိမ်တိုက် ရဲ့ ကားများတွေ့ရလေမလား ဟု ရှာဖွေတဲ့အခါ သူ့ကားကို စိတ်ချမ်းသာစဖွယ်တွေ့လိုက် ရတော့တာပဲ။

"ခင် ဗိုလ်ချုပ်ဈေးသွားမလို့ပါ ကိုရယ်"

ခင်သည် နောက်ကြည့်မှန်လေးထဲမှာတွေ့နေရသော အေးဆေးတည်ငြိမ်သည့် သူ့ရဲ့ မျက်လုံးတစ်စုံကို စိုးကြည့် ရင်းနဲ့ နှုတ်ကပင် အသံထွက်စကားပြောမိပါသည်။

ခင့်နောက်ကို ဘာလိုက်လုပ်ဦးမလို့လဲ။ခင့်ကို ဒီနေ့ စကားလာပြောပါလား ငအေလေးရယ်။ခင် ကို့ကို တကယ် စိတ်နာလို့မရခဲ့ဘူး။စိတ်ဆိုးလို့ မရခဲ့ဘူး ကို သိရဲ့လား။ခင်



www.burmeseclassic.com

www.burmeseclassic.com

ဟန်ဆောင်နာကြည်းခဲ့တာကို တကယ်များထင်နေသလားကို ရှယ်။

ခင်သည် ကားကို ဗိုလ်ချုပ်ဈေးထဲတွင် နေရာရှာရင်း ပြီးတော့ တိမ်တိုက်ထဲမှာ ကားပါကင်ရပ်ပြီးနေသလို ခင့်ထက်လဲ ဈေးထဲကြိုရောက်နေတာတွေ့နေရပါသည်။

မိန်းမတစ်ယောက်အတွက် ကားပါကင်ရှာရ ရပ်ရ ချိန်ဟာ ယောကျ်ားတစ်ယောက်ထက်ပိုပြီးကြာမြင့်မှန်း သူ သိပုံရ၏။ သူက ခင်ကားရပ်နေတာကို စိတ်ရှည်လက်ရှည်ရပ် စောင့်နေပုံပဲ။

ခင်သည် သူ့ မျက်လုံးတွေကို ဒီတစ်ခါဆုံလို့ကတော့ ကိုယ့်ဘက်က သာတယ်နာတယ် ကြည့်မနေတော့ပါဘူး သူ့အတွက် အပြုံးတစ်ခုလက်ဆောင်ပေးပြီး ငြိမ်းချမ်းရေးယူ တော့မည်လို့ပင် မာနတွေကို လျှော့ချလိုက်မိပါပြီ။

ဒါပေမယ့် သူကခင်ကိုလည်းအသေအချာမကြည့် မြေပြင်ကိုပဲ စိုက်လျက်စိုက်လျက်ကြည့်နေ၏။ ခင်သည်ခင် နောက်လဲလိုက်သေး ငေးငေးငိုင်ငိုင်နဲ့အ,တီးအ,တလုပ် သေးဟု အမြင်ကတ်သွားလေရာ ခင်သည်ဆောင့်ဆောင့် အောင့်အောင့်ခြေလှမ်းတွေနဲ့ဈေးထဲလျှောက်လာရတော့သည်။



ခင်သည် သူ့ကိုခြေထောက်ညောင်းအောင်ပညာပြ မည်ဟူသော ရည်ရွယ်ချက်ဖြင့်ဘာမှမယ်မယ်ရရမဝယ်ပဲဈေး ကိုစိမ်ပြေနပြေ လျှောက်ပတ်တော့သည်။

ခင် ကိုယ်တိုင်လည်းမောတာပဲ။ ညောင်းလာတာပဲ။ ဒါပေမယ့် ခင်ကသူ့ကိုပညာပြချင်လို့ ကိုယ့်ကိုကိုယ်အပင်ပန်း ခံလိုက်တာပဲ။

ဆိုင်တစ်ဆိုင်ရောက်တော့ အဲဒီဆိုင်က ဗိတ်စကလေး တွေကို ခင်,သဘောကျသွား၍ ရပ်ငေးနေလိုက်သောအခါ

"ခင်.."

ဟူသော ခပ်တိုးတိုးခေါ်လိုက်သည့်အသံအား မျှော်လင့်မထားတဲ့အချိန်မှာကြားလိုက်ရလို့ပဲထင်ပါရဲ့။

ခင် တော်တော့်ကိုလဲလန့်သွားရ၏။

"ဘာမှလဲမဝယ်ပဲနဲ့ ဈေးကိုအပင်ပန်းခံပြီး ဘာလို့ လျှောက်ပတ်နေတာလဲ အိမ်ပြန်ပြီး အေးအေးဆေး ဆေးနားပါလား ခင်ရယ်"

ခင်သည် တိမ်တိုက်ကိုမျက်စောင်းကြီးဆောင့်ခဲ့ထိုး လိုက်ပြီး...

"ဝယ်စရာမရှိပဲနဲ့ ဘယ်သူမှဈေးမလာဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ခုထိခင်ဘာမှဝယ်တာ ကိုယ် မတွေ့
သေးဘူးလေ"

"ဝယ်မှာပေါ့ ဝယ်ကိုဝယ်ပြမယ် နောက်ကနေအ
ထုပ်လိုက်ဆွဲပေးရင်ဝယ်မယ်"

"အထုပ်ဆွဲပေးမယ့်လူမရှိသေးလို့ မဝယ်တာကိုး"

"စကားကောင်းကောင်းပြောနေတာနော်၊ ခင့်ကိုအ
ထုပ်ဆွဲပေးမလား မဆွဲပေးဘူးလား ပြော"

"ဆွဲပေးပါ့မယ် ခင်ရယ် အထုပ်ဆွဲပေးချင်လို့နော
ကတကောက်ကောက်လိုက်နေတာပဲ"

"ဒါဖြင့် ပြီးရော ခင် ဒီမှာအကျီပိတ်စဝယ်မလို့"

"ဟုတ်ကဲ့"

ခင်သည် တမင်လူကိုလိုက်နောက်နေသလို မျက်နှ
ပေးနဲ့ပြုံးစေ့စေ့လုပ်နေသည့် သူ့ကိုမျက်စောင်းတွေထိုးရလွန်း
မျက်လုံးတောင်စောင်းလာပြီလားမသိ။တိမ်တိုက်သည်ကောင်
မလေးတမင်ညစ်ပြီးအိတ်ထဲကပါလာသောပိုက်ဆံတွေမကုန်မချ
ဝယ်နေတာဟုသိသော်လည်း စိတ်မပျက်ခဲ့ပါ။သူ့လက်ထဲတွင်
ကျွတ်ကျွတ်အိတ်တွေ တစ်ခုပြီးတစ်ခုပြည့်လာ၏။ပိတ်စများ
အလှပြင်ပစ္စည်းများ၊ဒေါက်မြင့်ဖိနပ်၊လက်ကိုင်အိတ်၊မျက်နှာသုတ်





ပဝါ၊ Tulipsတံဆိပ်တစ်ယောက်အိပ် အိပ်ရာဖုံး၊အလှခေတ်ပုံ
လေးတွေထည့်ရာ ခေတ်ပုံစတင်န်းလှလှလေးများ၊မွေးပွအရုပ်
ကလေးများ၊ဖန်ခွက်လှလှများ စသဖြင့်အမည်စုံလှရာတိမ်တိုက်၏
လက်နှစ်လုံးတွင် ကျွတ်ကျွတ်အိတ်တွေတစ်ပုံကြီးဖြစ်နေတော့
သည်။

သိပ်တော့ မလေးပေမယ့်ကျွတ်ကျွတ်အိတ်အများ
ကြီးနဲ့မို့ လူကကိုယ့်ကိုကိုယ်ရယ်ချင်နေသည်။ခင်ကား တစ်
ချက်လေးမှလှည့်လဲမကြည့် ကူလဲမဆွဲ လမ်းလဲ တော်တော်
လျှောက်နိုင်တဲ့ ခင်။

ဈေးကို နှစ်နာရီလောက်ကြာအောင် ဝယ်နိုင်သူ
ပဲ ဖြစ်သည်။

ဈေးဝယ်ပြီးသောအခါ ခင်က...

"ကားထဲလိုက်ထည့်ပေးပြီးရင် ပြန်တော့"

ဟု အမိန့်ပေးသလိုအသံနဲ့ပြောလျှင် တိမ်တိုက်သည်
မျက်မြင်မှုတ်မြင်ကိုက်ကြည့်ရင်း

"အိတ်ဆွဲခ ပေးဦးမယ်လေ ကျွန်တော့်ကို အလ
ကားခိုင်းလို့မရဘူးခင်ဗျ ကျွန်တော်အခကြေးငွေနဲ့အ
လုပ်လုပ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် အစကမပြောဘဲနဲ့"

"အစကတည်းကပြောရင် အိတ်ဆွဲခွင့် မပေးတော့မှာစိုးလို့ပေါ့"

ခင်သည် ခင့်ကားနောက်ဖုံးကိုဖွင့်ပေးလိုက်တော့ သူကအိတ်တွေကိုအသာထည့်ပေးလိုက်သည်။

ခင်သည် ရင်လေးတစ်သိမ့်သိမ့်ခုန်လျက် သူ့မျက်နှာကိုနိုးငေးရတာလဲ ငေး၍ပင်မဝတော့။ခင် သူ့ကိုအရူးအမူးကိုချစ်နေတာပါ။

"ခင့်ကို ကိုယ်ချစ်တယ်"

သူက ကားနောက်ဖုံးထဲပစ္စည်းတွေထည့်ပြီးပြီးချင်း ရုတ်တရက်ကြီးခပ်တိုးတိုးပြောလိုက်တော့ ခင်သည် အေးခဲတော့မလိုဖြစ်သွားပါသည်။

"စတွေ့ကတည်းကချစ်တာပါ ခင်ရယ်၊ ဒါပေမယ့် အေးလေ ခင်သိမှာပါ ကိုယ်ကသူငယ်ချင်းတွေငဲ့ပြီး ခင့်ကိုရှောင်ခဲ့မိတယ်ဆိုတာ ခင်,သိပြီးသားပါ၊ ခုတော့ သူတို့ကကိုယ်နဲ့ခင့် သံယောဇဉ်ကိုမြင်ပြီးသူတို့ပဲနောက်ဆုတ်ပေးခဲ့ကြတယ်၊ ကိုယ်တို့နှစ်ယောက်ချစ်သူဖြစ်တာကိုပဲမြင်ချင်နေကြတယ်၊ ခင်ရယ်



ကိုယ့်သူငယ်ချင်းတွေကကောင်းပါတယ် သူတို့ကိုယ့်ကိုနားလည်ပေးခဲ့ကြတယ်"

ခင်သည် စကားလုံးတွေထဲမှာသူ့ရဲ့သူငယ်ချင်းအပေါ်ရှိနေသော သံယောဇဉ်ကိုအထင်းသားမြင်နေခဲ့ပါသည်။ခင်နဲ့ဒီသူငယ်ချင်းတွေမှာ ဘယ်သူ့ဟာဦးစားပေးသင့်သလဲဆိုတာကို ဘာကြောင့်ကို့ရဲ့နှလုံးသားက မသိတာလဲ ကိုရယ်။

"ဘာ ခင်တို့ရဲ့သံယောဇဉ်ဟုတ်လား၊ မဟုတ်တာတွေစိတ်ကူးယဉ်နေတာပါ"

"ခင် ကိုယ့်ကိုသံယောဇဉ်ရှိတယ်ဆိုတာ ကိုယ်သိပြီးသားပါ ခင်"

"ခင့်ကို အထင်သေးတာလား ကိုတိမ်တိုက်ရယ်"

"အထင်မသေးပါဘူး ခင့်ရယ် ခင့် ပါးစပ်ကသာကိုယ့်ကိုချစ်တယ်လို့ပြောခဲ့ရင် ကိုယ်အရမ်းဝမ်းသာမှာပါ ခင့်ကိုကိုယ်တစ်သက်လုံးမြတ်မြတ်နိုးနိုးနဲ့ချစ်သွားမှာပါ"

"ခင် ခဏစဉ်းစားပါရစေနော်"

"ခဏလေးလား"

"အခု ခဏလေးကိုပြောတာ မဟုတ်ဘူး တစ်ရက်

www.burmeseclassic.com

www.burmeseclassic.com

နှစ်ရက်တစ်ပတ်လောက်ကိုပြောတာ"

"ဘာဖြစ်လို့လဲ ခင်"

"ခင် ရှင်တို့ကိုမယုံရဲသေးတာ"

"ရှင်တို့ ဟုတ်လား"

"ဟုတ်တယ် သူငယ်ချင်းသုံးယောက်ပေါင်းပြီးခင့်ကိုအရူးလုပ်မလို့လား၊ တကယ်ပြောနေသလားဆိုတာ ခင် စဉ်းစားပါရစေ"

"အရူးမလုပ်ပါဘူး ခင်ရယ် ကိုယ့်သူငယ်ချင်း တွေကလဲ ဒီလိုစိတ်ဓာတ်မျိုးမရှိသလို၊ ကိုယ်ကလဲကိုယ်ချစ်တဲ့မိန်းကလေးကို အရူးမလုပ်ရက်ပါဘူး တကယ်ချစ်လို့ချစ်တယ် ပြောတာပါ"

"အင်းလေ ခင်း, ခဏအချိန်ယူပါရစေလို့ပြောသားပဲ"

"ဒါဆို ဘယ်နေ့လောက်ကိုယ်တို့ပြန်ဆုံရမလဲ"

"နောက်အပတ် ဒီနေ့လိုမျိုးမှာ ခင်း,အိမ်ကထွက်လာတဲ့အချိန် မှတ်မိလား"

"မှတ်မိတယ်"

"အဲဒီအချိန်လောက် ခင်ထွက်လာမယ်"





"အိုကေ ကိုယ် သေသေချာချာစောင့်နေပါ့မယ်"

ခင်သည် အမှန်တော့သူ့အတွက်အဖြေဆိုတာဟာအဆင်သင့်ရှိနေရက်နဲ့ သူ့ကိုပြန်၍နှိပ်စက်ထားချင်တာဟာ ခင် မမှားဘူးလို့ ကိုယ့်ကိုကိုယ်တစ်လမ်းလုံး ဝေဖန်လာခဲ့မိပါသည်။

ကို့တွင် ခင်ကအပြစ်မြင်စရာဘာမှမရှိ။အနေအထိုင်အေးဆေးသည်။မပွေမရှုပ်။ခင့်ကို တကယ်ချစ်တယ်ဆိုတာ ခင်လည်း ခံစားနေရပါသည်။

ဒါပေမယ့် ခင်ကစိတ်ထဲမှာမတင်မကျဖြစ်တာတစ်ခုကတော့ ကိုဟာသူငယ်ချင်းတွေကိုဦးစားပေးပြီးပြောတတ်လွန်းတာပဲ။သူ့စကားဆယ်ခွန်းမှာရှစ်ခွန်းလောက်ဟာ သူငယ်ချင်းတွေအကြောင်းပဲဖြစ်နေတာကို ခင် မကျေနပ်။

ခင်ကား အတ္တကြီးချင်၏။ခင့်ချစ်သူဟာ သူ့ဘဝမှာ ခင်သာ အရေးပါဆုံး၊ဦးစားအပေးဆုံးဖြစ်ကိုဖြစ်စေချင်၍ခင်က သူ့ကိုအဖြေမပေးသေးပဲညှဉ်းဆဲထားရတာပါ။



www.burmeseclassic.com

## နောက်တစ်ပတ်ကြာတဲ့အခါမှာ.....

ခင်သည် အလှဆုံးပြင်ဆင်ဝတ်စားပြီး အိမ်ကထွက်လာခဲ့ပါသည်။ခင်သည် ရင်တွေတခုန်ခုန်၊ခြေဖျားလက်ဖျားတွေအေးစက်လို့။

အိမ်ကမထွက်ခင် မှန်ကိုအခါသုံးလေးဆယ်လောက်လည်းကြည့်ခဲ့ပြီးပြီ။

သူက ခင့်ကိုချစ်တာဟာ ခင့်အလှကြောင့်ဆိုတာလဲတစ်ပိုင်းပေါ့။သူကချစ်လို့ကိုချစ်တာပေမယ့် ခင်ဟာမိန်းကလေးတွေရဲ့ထုံးစံအတိုင်း ချစ်သူရှေ့မှာချစ်သူ့ရဲ့မျက်စေ့ထဲမှာ ခင်ဟာ အလှဆုံးဖြစ်နေစေချင်လို့ပဲဖြစ်သည်။





ခင်သည်လမ်းထိပ်ရောက်တော့ သူရဲ့အရိပ်အရောင်ကိုမှမတွေ့တော့လျှင် ခင်မှာကားကိုဘီးလိမ့်ရုံသာမောင်းပြီးရှာဖွေစောင့်ကြည့်မိပါသည်။

ခင် ကားကိုလမ်းမကြီးဘက်ထွက်မောင်းကာ ရပ်လို့ရသောလမ်းဘေးတစ်နေရာမှာ ငါးမိနစ်လောက်တောင်ရပ်၍စောင့်မျှော်ငေးမောနေခဲ့မိသေးသည်။

နောက်တော့ ခင်သည်စိတ်ကိုမထိန်းထားတော့ပဲလမ်းမကြီးထဲမှ ခင်တို့အိမ်၏လမ်းထိပ်ကိုပြန်ကွေ့မောင်းကြည့်မြန်သည်။

သို့သော် ခင်သည်တိမ်တိုက်ဆိုတဲ့လူတစ်ယောက်၏အရိပ်အရောင်မပြောနဲ့ သူ့ရဲ့ကားကိုတောင်မတွေ့ရချေ။ခင်သည်သေသေချာချာမှတ်ထားရက်နဲ့ သူဘာကြောင့်ပျက်ကွက်သလဲဆိုတာ စဉ်းစားမရ။

မလာနိုင်ဘူး နေမကောင်းလို့ပျက်ကွက်တာပါဆိုလဲခင့်ကိုကြိုတင်ဖုန်းဆက်ထားနိုင်တာပဲ။သူလဲ ခင့်သဘောထားကိုသိနေသားပဲ။ခင့်ကိုတမင်သက်သက်ချိုးတာလား ကိုရယ်။ခင့်ကိုအရူးလုပ်ဖို့သူငယ်ချင်းတွေနဲ့တိုင်ပင်ပြီးဖန်တီးသလား ကိုရယ်။

www.burmeseclassic.com


ခင်,စိတ်တကယ်နာသွားပါတယ် ဒီနေ့ရဲ့အဖြစ်အပျက်ကို ခင်,ဒီတစ်သက်မမေ့ပါဘူး ခင့်ကိုကျကျနနအကွက်ဆင်ပြီး ဘာကြောင့်အရူးလုပ်ကြတာလဲ။

ခင့်ကို ပယ်ပယ်နယ်နယ်ပညာပြလိုက်တာကို ခင်ဒီတစ်သက်မှတ်သွားပါပြီ။

ခင်နဲ့သူတို့သုံးယောက်ဟာ ဘာရန်ငြိုးရန်စမှလဲမရှိပါပဲ ခင့်ကိုဒီလိုပညာပြတာဟာ ခင့်မှာဝဋ်ကြွေးပါလို့ပဲဟုခင်မှတ်ယူပါ့မယ်။

ခင်သည် နှုတ်ခမ်းကိုတင်းတင်းဖိကိုက်ရလွန်း၍သွေးပင်စို့ကာ ပါးစပ်ထဲတွင်ငန်ကျိကျိအရသာကိုခံစားနေရတော့သည်။

ခင်၏မျက်ဝန်းအိမ်များ၌ မျက်ရည်တွေပြည့်လျှံစို့ဘက်၍တရှိုက်ငင်ငင်လည်းငိုကြွေးနေခဲ့ရပြီတည်း။

❀❀



အဖြစ်အပျက်အမှန်မှာ.....

သတိုးသည် သူ့မွေးနေ့အတွက် အပြင်မှာသွားစားကြဖို့ချိန်းသည်။ဒီတော့ သုံးယောက်သား ညနေခြောက်နာရီခွဲလောက်မှာစားသောက်ဆိုင်တစ်ခုဆုံပါသည်။

အဲဒီမှာ တိမ်တိုက်ကလည်း ဝမ်းသာအားရသူနဲ့ခင့်အကြောင်းပြောပြပါသည်။သတိုးနဲ့ကြည်မင်းတို့ကား ရင်ထဲမှာအသီးသီးကြေကွဲနေကြသော်လည်း အချစ်ဆုံးသူငယ်ချင်းအတွက်တော့ သူတို့လှိုက်လှိုက်လှဲလှဲဝမ်းသာပီတိဖြစ်နိုင်ပါသည်။

"သတိုးမွေးနေ့နဲ့အတူတိမ်တိုက်ရဲ့သတင်းကိုပါ ကြား


www.burmeseclassic.com

www.burmeseclassic.com



ရတာ တကယ်ဝမ်းသာတယ်ကွာ ငါတို့က မင်းဒီလောက်ထိသတ္တိရှိလာလိမ့်မယ်တောင်မထင်ခဲ့ဘူး အထင်ကိုမကြီးဘူးကွာ"

"အထင်မကြီးရင် နေကွာ"

"နာမည်ကြီးသီချင်းရေးဆရာကြီးရဲ့ ကလေးဆိုတော့ နာမည်လှလှလေးပေးမယ်ပေါ့လေ"

"အေးကွာ သမီးလေးအရင်မွေးကွာ ငါတို့ကဒီတစ်သက် မစွံမယ့်ကောင်တွေပီပီ မင်းကိုပဲ ယောက္ခမ တော်တော့မယ်"

"ခွေးကောင် ပေါက်ကရတွေပဲကြံဖန်ပြောနေ ငါ့သမီးအသက်နှစ်ဆယ်မှာ မင်းကအသက်ခြောက်ဆယ် နားကပ်နေပြီကွ၊ မင်းကို ဘိုးဘိုးလို့မခေါ်ရင် ကံကောင်း"

"ဟေ့ကောင်တွေ တော်ကြပါတော့ကွာ တော်ကြာ ချင်းချင်းထထိုးကြရင် လူကြားလို့မှမကောင်း"

"သတိုးရေ ဟန်များမနေပါနဲ့ လူကြားလို့မကောင်းတဲ့အလုပ်ကိုပဲ ငါတို့မကြာခဏလုပ်နေတာပဲ ငါတို့ အမြဲထိုးနေကြတာပဲ အဲဒါဆန်းသလား"





"သူများနဲ့မထိုးပဲ သူငယ်ချင်းချင်းထိုးရတာကွာ သူငယ်ချင်းပေးတဲ့ဒဏ်ရာကိုခံရတာ နာပျော်ပါတယ်"

"မင်းရဲ့ခင်က ငါတို့ဒီလိုအပျော်တမ်းထိုးကြတာကို ကျေနပ်ပါ့မလား တော်ကြာငါတို့နဲ့ထိုးလို့ မင်းဒဏ်ရာတွေနဲ့သူ့ကိုသွားတွေ့ရင် မင်းကိုမေးမယ် မင်းကပြောမယ် အဲဒီအခါကျရင် သူကငါတို့ကိုငြိုးမှာကွာ"

"အေးလေ ငါတို့ကမင်းကိုအငြိုးထားပြီး ထိုးတယ်ထင်ပြီး သူကငါတို့ကိုငြိုးမယ် ငါတို့မင်းအိမ် လာလည်ရင်သူကအိမ်ရှင်မပီပီ ငါတို့စားမယ့်အစားအသောက်တွေကိုအငန်တွေ၊အစပ်တွေထည့်ပြီး လုပ်ကြံလိမ့်မယ်"

"အီးဟီးဟီး အမေရေ ငန်တာစပ်တာကိုတော့သေရမှာထက်တောင် ကြောက်ပါတယ်ဗျာ"

"ညဥ့်နက်တော့မယ်ကွ ပြန်ကြရအောင်"

"ငါတို့ထဲမှာ ဘယ်သူမောင်းမလဲ၊ငါတော့ မမောင်းနိုင်တော့ဘူး"

"တိမ်တိုက်က ကောင်မလေးနဲ့ချိန်းထားတာမို့



www.burmeseclassic.com

www.burmeseclassic.com



သူ မောင်းလိမ့်မယ်''

''ဟုတ်တယ်··ဒီကောင်က သေရမှာ ကြောက်တဲ့ကောင်ဆိုတော့ ကားကိုဂရုစိုက်မောင်းမှာ သေချာတယ်၊ ဒီကောင့်ကိုသော့အပ်မယ်ကွာ ပော့ကောင်ကြည်မင်း ကျေနပ်လား''

''**It's cool..**''

''အံမယ် ဘိုလိုတော့ခ်နေပါလား''

စားသောက်ဆိုင်ရှေ့တွင်ရှိသော ကားရပ်ထားရာဆီသို့ သူတို့လည်းပင်းဖက်ရယ်မောရွှ်ထွက်လာကြသည်။တိမ်တိုက်က သတိုး၏ကားကိုမောင်းပေးရမှာဖြစ်သည်။တိမ်တိုက်သည် ကားသော့ကိုဖွင့်လိုက်တော့ ကားတံခါးတွေအသီးသီးပွင့်သွားကာ ဟိုကောင်တွေကကားတံခါးဖွင့်ဝင်နှင့်ကြ၏။နှစ်ယောက်သား အသည်းကွဲနေကြသူများပီပီ ကြံဖန်၍ရယ်စရာတွေပြော တဟားဟားရယ်လို့ရယ်။တိမ်တိုက်ကတော့ ကားကိုဂရုစိုက်မောင်းဖို့သာ အာရုံစိုက်နေခဲ့ပါသည်။

ထိုအချိန်တွင် တစ်ဖက်ကားပါကင်မှကားမြင့်မြင့်ကြီးတစ်စီးကား အရှိန်ပြင်းပြင်းဖြင့်အရမ်းကာရော နောက်ဆုတ်ထွက်လိုက်လေသည်။ထိုအခါ ထိုကား၏နောက်ဘက်



ဘန်ဘာနှင့်သူတို့၏ကားရှေ့မီးလုံးတို့ပင်းပြင်းထန်ထန်တိုက်မိသွား၏။ကားမီးလုံးမှာခွမ်းခနဲအသံမြည်လျက် အစိတ်စိတ်အမြွာမြွာကွဲသွားပါသည်။

သတိုးသည် အမူးပင်ပြယ်သွားကာ···

''တောက်···ပြဿနာဖြစ်ပြီကွာ''

ဟုညည်းညူစွာပြောရင်း ကားတံခါးကိုဖွင့်ပြီးဆင်းလိုက်သည်။တိမ်တိုက်နဲ့ကြည်မင်းကပါ အသီးသီးဆင်းလိုက်တော့ တစ်ဘက်ကားမှလည်းကားတံခါးတွေဖွင့်ပြီးအသီးသီးခုန်ဆင်းလာကြသည်။

တစ်ဘက်ကားသည်ကားနဲ့ပင်မလိုက်အောင် မောင်းသူရောစီးသူပါလူငယ်လေးတွေဖြစ်ပြီး ရှစ်ယောက်တောင်ဆင်းလာတာဖြစ်သည်။

''ဘယ်လိုဖြစ်ရတာလဲ ညီလေးတို့ရာ ဖြည်းဖြည်းမောင်းလဲရသားနဲ့ ခုတော့တိုက်မိကုန်ပြီ''

သတိုးကလူကြီးပီသစွာ လေသံအေးအေးဖြင့်ပြော၏။မောင်းသူဖြစ်ဟန်တူသော ကောင်ကလေးကစိတ်မရှည်ပုံစံဖြင့်···

''ဩဝါဒတွေ လာခွေနေနဲ့ဗျာ၊ ခင်ဗျား ကားမီးအ

www.burmeseclassic.com

www.burmeseclassic.com



တွက် ကျွန်တော် ဘယ်လောက် လျှော်ပေးရမလဲ ပြော''

ကြည်မင်းက စိတ်ဆတ်သူပီပီတောက်ခေါက်ပြီး

''တော်တော် ရိုင်းတဲ့ကောင်တွေ''

ဟုရေရွတ်လျှင် တိမ်တိုက်ကကြည်မင်းပခုံးကိုပုတ်ရင်း...

''လူငယ်လေးတွေကွာ သူတို့ ပုံမှန်မဟုတ်ဘူး၊သွားပြီးပြိုင်မဖြစ်မိစေနဲ့၊ငါတို့ပဲ နာမယ်''

''မဖြစ်ပါဘူး ရိုင်းလို့ပြောတာပါကွာ''

သတိုးကတော့ သူ့ကားမီးလုံး၏တန်ဖိုးကို ကောင်လေးအားပြောလိုက်လျှင် မောင်းသူကောင်လေးတင်မကကျန်တဲ့သူ့အဖော်တွေကပါ အီးအားနှင့်အော်ဟစ်ရယ်မောလှောင်ပြောင်ကြလေသည်။

''လူကြီးဖြစ်ပြီး လူကြီးစကားပြောဗျာ အဲဒီလောက်တန်ဖိုးမကြီးပါဘူး မဖြစ်နိုင်တာ''

''ညီလေး ကိုယ်တို့ ဘာလို့ ပိုတောင်းရမှာလဲ ဒါ... **PARADO** ကွ ရိုးရိုးဆလွန်းကားမဟုတ်ဘူး မင်းအခုမောင်းလာတဲ့ကားနဲ့တန်ဖိုးချင်းလဲ အတူတူပါပဲ





ကွာ၊မင်းလဲသိပါတယ် တမင်သက်သက်မညစ်ပါနဲ့၊ ပြေပြေလည်လည်ပေါ့ကွာ''

''ကျွန်တော် မညစ်ဘူး၊ ကျွန်တော်လျှော်ပေးနိုင်တာ ဟဲဟဲ ခုလောလောဆယ်ဗျာ သုံးပစ်လိုက်လို့အိတ်ထဲမှာသိပ်မကျန်တော့ဘူး၊ အိမ်က ဖအေးသားကြီးကို တောင်းလို့လဲပေးမှာမဟုတ်ဘူး သူများကားကိုဝင်တိုက်ခဲ့လို့ ကားမောင်းခွင့်တောင်ရမှာမဟုတ်တော့ဘူး အိမ်ကိုမသိစေချင်ဘူး၊ ပြဿနာကို ဒီမှာပဲအပြီးရှင်းချင်တယ်ဗျာ၊ဒီတော့ ကျွန်တော့်မှာကျန်တဲ့ငါးရာပဲယူပြီးကျေနပ်ဗျာ ရော့''

''ဟေ့ကောင် ငါ့ကားမီးလုံးကငါးရာတန်လားကွ''

''မဟုတ်ပါဘူးဗျာ ဒါပေမယ့် ကျွန်တော်ငါးရာပဲ တတ်နိုင်တယ်လို့ပြောပြီးပြီမဲ့''

''မင်း တမင်စော်ကားနေတာကွ''

''စော်ကားတယ်ထင်ရင်လဲထင်ဗျာ ကျွန်တော်ပေးတာ fair enough ဖြစ်ပါတယ်''

''ဟေ့ကောင် ရှပ်တယ်ကွာ **This man** နဲ့ **This man** ပဲ နားလည်ရမှာပေါ့၊ဇာတ်ကို ဆွဲနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်''

''ငါးရာပဲ ပေးခဲ့…လာ သွားမယ်''

''ဟုတ်တယ်ကွ အဝိုတွေပြောမနေနဲ့''

သတိုးသည် အသားတွေတဆတ်ဆတ် တုန်အောင် ဒေါသဖြစ်နေလေပြီ။တိမ်တိုက်လည်း တော်တော်စိတ်တိုနေပြီ ကြည်မင်းကဆို ပြောမနေနှင့်တော့လက်သီးကျစ်ကျစ်ပါ အောင်ဆုပ်ရင်း…

''ဟော့ကောင် မင်း လျှော့ပေးမလား မလျှော့ပေးဘူး လား တစ်ခွန်းပဲပြော''

ဟုအော်မေးလိုက်သည်။မောင်းသူကောင်လေးကား ပခုံးကိုဟန်ပါပါတွန့်ပြီးနောက်

''ကျွန်တော် ငါးရာလျှော့ပေးတယ်လေ''

''အေး လျှော့ပေးဦးကွာ လျှော့ပေးဦးကွာ''

ဟူသော ဒေါသတကြီးအော်ပြောသံ ကျယ်ကျယ်နဲ့ အတူ ကြည်မင်းသည်ကောင်လေးကိုပြေးပြီး ဆက်တိုက်ထိုး လိုက်တော့၏။သတိုးနဲ့တိမ်တိုက်တို့ပင် လိုက်ဆွဲချိန်မရလိုက်။

တခြားသောကောင်လေးများကပါ ကြည်မင်းဆီပြေး သွားပြီးထိုးတော့မည်မို့ သတိုးနဲ့တိမ်တိုက်တို့ငြိမ်မနေရတော့





ချေ။သူတို့ပါ မပါချင်ပဲဤရန်ပွဲထဲဝင်ပါရတော့၏။

ကောင်လေးတွေက လူငယ်လေးတွေ။

ပြီးတော့ လူ အုပ်စုကလည်းတောင့်ရုံမက ဘယ်က ဘယ်လိုလက်နက်တွေရလာသည်မသိ။အုတ်ခဲတွေ၊တုတ် တွေကလည်းလက်ထဲမှာတွေ့နေရ၏။

စားသောက်ဆိုင်ဝန်ထမ်းတွေကား ရန်ပွဲကိုဖြေရှင်းဖို့ ဝင်မလာရဲပဲ ရဲကိုသာဖုန်းဆက်အကြောင်းကြားထားနေကြလေ သည်။

တိမ်တိုက်သည် သူကချည်းရှောင်ပေးနေ၍မဖြစ် တော့လျှင်ကောင်လေးတွေကိုပြန်၍ထိုးရင်းနဲ့ သတိလစ်သွား ခိုက် တစ်ချက်မှာ သူ့ ရင်ဘတ်ကို ဗူးရှသော အရာဝတ္ထုတစ်ခု လာရောက် ထိုးစိုက်၍ လိုက်တာကို ခံစားလိုက်ရ၏။

သူသည် နာကျင်လွန်း၍ မျက်စိတွေ ချက်ချင်း ပြာဝေသွားခဲ့ချိန်တွင် သူ့ ခန္ဓာကိုယ်မှာ မြေပြင်ပေါ် လဲကျ သွားမှန်း သူနောက်သိလိုက်ရပါ၏။

သူ သတိမေ့မလိုဖြစ်သွားချိန်တွင် သူ့ခန္ဓာကိုယ်မှာ မြေပြင်ပေါ်လဲကျသွားပြီမှန်း သူ သိလိုက်ရပါသည်။

သူ သတိမေ့တော့မလို အသိစိတ်တွေ မှုန်ဝါးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လာချိန်တွင် မနက်ဖြန်မှာ တွေ့ရမယ့်ချစ်သူထံသို့ ဝေ့ဝဲရောက်ရှိသွားခဲ့လေပြီတည်း။

"ဟာ…တစ်ယောက်ကို ခေါ်မနဲ့ ထိုးမိသွားပြီကွ"

"ဟာ…ဟာကွာ…၊တိမ်တိုက်ကြီးကွာ၊သတိုး…သတိုး…ဒုက္ခပါပဲကွာ…တိမ်တိုက်ကို ထိသွားပြီကွ"

"တိမ်တိုက်…ဟော့ကောင် တိမ်တိုက်…ဟာကွာ ကြည့်စမ်း၊ဘယ်ကောင်ထိုးတာလဲ၊မင်း မြင်လိုက်လား"

"ဆေးရုံ မြန်မြန်ပို့ပေးကြပါ၊ကျွန်တော် လက်ကျိုးသွားလို့၊ကားမောင်းလို့မရတော့လို့ပါ"

သတိုးက အရူးတစ်ယောက်လို ဘေးဘီကိုလှည့်ပတ်အော်ခေါ်ပြီး အကူအညီတောင့်နေမိပြန်သည်။

"ဟော့ကောင် တိမ်တိုက်…ဟာ‥သတိုးရာ ဒီကောင့်ကို ခေါ်လို့မရတော့ဘူး၊အကူအညီတောင်းမနေနဲ့ သတိုး၊ငါ မောင်းမယ်၊ငါ့ သူငယ်ချင်းကို ငါကိုယ်တိုင် ဆေးရုံကို မောင်းပို့မယ်"

"မင်း…ခေါင်းပေါက်ထားတယ်"





"ပေါက်ပါစေ၊ဒီမှာ ဟော့လူတို့၊ဒီကောင် ရှစ်ယောက်လုံးကို လုံးဝ မလွတ်စေနဲ့၊ဖမ်းထားပေးကြပါ၊တစ်ဆိတ်ကျေးဇူးပြုပြီး ကူညီကြပါ"

"ဟာ…စိတ်ချ၊စိတ်ချ၊အတော်ပဲဗျို့၊ဟိုမှာ ကင်းလှည့်တဲ့ ရဲအဖွဲ့ရောက်လာပြီ"

"ရဲစခန်းကိုလဲ အကြောင်းစုံ အကြောင်းကြားပေးပြီးထားပါပြီ၊စိတ်မပူပါနဲ့ မျက်မြင်သက်သေတွေ အကုန်ရှိပါတယ်၊တရားခံတွေ တစ်ယောက်မှမလွတ်စေရပါဘူး"

ဘေးက လူတွေရော စားသောက်ဆိုင်ထဲရှိ လာရောက် စားသောက်သူတွေရော စားသောက်ဆိုင်ရှိဝန်ထမ်းအားလုံးရော အသံတွေ တစ်ယောက်တစ်ပေါက်ပြောသံများ။

ကင်းလှည့် ရဲအဖွဲ့နှင့်အတူ မရှေးမနှောင်းလေးမှာ ရောက်လာသော အကြောင်းကြားထားသည့် ရဲစခန်းမှ ရဲများ၏ ဝိုင်းဝန်းဖမ်းဆီးမှုကြောင့် ဘယ်လိုမှ ပြေးမလွတ်တော့ပြီဖြစ်သော လူရမ်းကား လူငယ်လေးတို့ရဲ့ အရေးယူဖမ်းဆီးခံရမှုများ။

စသည့် စသည့် စားသောက်ဆိုင် ပရိဝုဏ်တွင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရစ်ခဲ့သော နောက်ဆက်တွဲအဖြစ်အပျက်များကို သတိုးနဲ့ ကြည်မင်းတို့က ဂရုမစိုက်အားတော့ပါ။

သတိကင်းမဲ့၍ တစ်ကိုယ်လုံး သွေးခြင်းခြင်းနီနေပြီ ဖြစ်သော တိမ်တိုက်သည်ကား တဖြည်းဖြည်း ဖြူဖျော့လာလေပြီ။ ဤသည်ကို လက် သွင်သွင်ကျိုးနေသော သတိုးမှာ သူငယ်ချင်းကို ရသလောက်ထွေးဖက်လျက် ငိုကြွေးရင်း တိမ်တိုက်၏မျက်နှာကို တစိုက်စိုက်ကြည့်နေတော့သည်။

ခေါင်းပေါက်သော ဒဏ်ရာကြောင့် သွေးတွေ မျက်နှာပြင်နဲ့ လည်ပင်းကိုစီးကျနေတဲ့ ကြည်မင်းကတော့ တက်တခေါက်ခေါက်နဲ့ ကားကို အလောတကြီးပင် ဆေးရုံရောက်အောင် မောင်းနှင်နေတော့သည်။

တိမ်တိုက်သည် သူ့ သံယောဇဉ်ကြီးလှသော သူငယ်ချင်းတွေ၏ ရင်ခွင်ထဲမှာ ငြိမ်းချမ်းစွာ ငြိမ်သက်လို့တည်း။



နောက်တစ်နေ့ မနက် ဆယ့်တစ်နာရီတွင် ခင့်ဆီ သွားရဦးမည်ဆိုသော အသိကြောင့် တစ်ညလုံးသတိ ဖြန့်မလည်ခဲ့သော တိမ်တိုက်ကား အဲဒီအခိုက်အတန့်မှာတော့ တစ်ချက်မျှ လူးလွန့်ညည်းညူ၍ သတိလေးဖျတ်ခနဲရခဲ့ပါသည်။

သတိုးက ငိုသံကြီးဖြင့်…

"တိမ်တိုက်ကြီး…တိမ်တိုက်၊သူငယ်ချင်း… ငါတို့ ရှိတယ်၊ငါတို့ရှိတယ်ကွ"

ဟု အကျယ်ကြီး ဝမ်းသာအားရခေါ်ပါသည်။

မျက်လုံးတွေ ဖျတ်ခနဲပွင့်တာပေမယ့် တိမ်တိုက်ကား မမြင်ချေ။

"တိမ်တိုက်ငါလေ…ကြည်မင်းလေ၊ခင်း သတိရပြီလား၊ခင်းအနားမှာ ငါတို့ နှစ်ယောက်ရှိတယ်ကွ"

ဒါပေမယ့် အဲဒီ စက္ကန့်ဝက်လောက်လေး တစ်ချက်သာ မျက်လုံး နီနီလေးများဖွင့်ပြီး သတိရခဲ့သော တိမ်တိုက်သည် သူ့ မျက်ဝန်းများပြန်လည်ပိတ်သွားသောအခါ သူ့ရဲ့ ကမ္ဘာကို နှုတ်ဆက်သွားခဲ့ပါပြီ။

သူ ချစ်သော၊ခင်သော၊သံယောဇဉ်ကြီးရသော သူ

www.burmeseclassic.com

www.burmeseclassic.com

ငယ်ချင်း နှစ်ယောက်ကိုရော…။

သူ မြတ်နိုးတွယ်တာရတဲ့ ချစ်သူကလေးကိုရော…။ သူ့ဘဝရဲ့ အချိန်တော်တော်များများ နှစ်မြှုပ်ထားခဲ့ရတဲ့ သူ့ရဲ့ သီချင်းတွေကိုရော…။

သူ ရှင်သန်ရတဲ့ လောကကြီးတစ်ခုကိုရော…။

အားလုံးကို တိမ်တိုက်ဆိုသော လူသားတစ်ယောက်က သံယောဇဉ်ဖြတ်နိုင်ခဲ့လေပြီ။

သူ သေဆုံးသောအခါ သူ့အတွက် ငိုကြွေးကြမည့် သူ့ရဲ့သံယောဇဉ် အနှောင်အဖွဲ့တွေကို သူတကယ်ပဲ လျစ်လျူရှုနိုင်ခဲ့တော့တာဖြစ်သည်။

သူ့ရဲ့ ဝိညာဉ်ဟာ ဘယ်ကိုအရင်သွားမလဲဆိုတာ ဘယ်သူမှ မသိကြပေမယ့် သတိုးနဲ့ ကြည်မင်းတို့ကတော့ တိမ်တိုက်ကိုဖက်၍ ယောကျ်ားတန်မဲ့ သည်းထန်စွာငိုကြွေးကြရင်း ပြိုင်တူပြောလိုက်တာကတော့…

"မင်း…ခင့်ဆီကို အရင်သွားပါ၊ တိမ်တိုက်ရယ်…"

ဟူသောစကားသံအဆုံးမှာ အခန်းထဲတွင် လေသံသဲ့သဲ့လေး ကြားခဲ့ရလေသည်။




www.burmeseclassic.com



## နောက်တစ်လအကြာ.....

ခင်သည် သူ့အမည်စာတန်းလေးကို လက်ချောင်းများဖြင့် တို့ထိနေပါသည်။

ခင်၏ မျက်ဝန်းများတွင် မျက်ရည်တွေပြည့်နက်လို့တည်း။

ခင်သည် နှုတ်ခမ်းကို တင်းတင်းဖိကိုက်ရင်း ခပ်တိုးတိုးပင် တစ်ယောက်တည်းပြောလိုက်ပါသည်။

“ခင့်ကို ချစ်တယ်လို့ပြောသွားပြီး ခင့်ဆီက ချစ်တယ်ဆိုတဲ့ စကားကိုတော့ လာပြီး နားမထောင်သွားရှင့်ကို မုန်းပါတယ် တိမ်တိုက်ရှယ်...

ဧ ဓ တ ၄ ၇ ဝ ၇ ၈ ပ

www.burmeseclassic.com



ခင့်ထက် သူငယ်ချင်းတွေကို သံယောဇဉ်ပိုတဲ့အတွက်လဲ စိတ်နာပါတယ်.....

အသက်ပေးပြီးတဲ့အထိ သူငယ်ချင်းတွေကို ချစ်ပြသွားတဲ့ ရှင့်ကို ခင် ဘယ်တော့မှခွင့်မလွှတ်ပါဘူး......

ဒီလောကကြီးထဲမှာ ခင့်ကို တစ်သက်လုံး လွမ်းပြီးကျန်ရစ်အောင် ဖန်တီးပေးခဲ့တဲ့ ရှင့်ကို ခင် နာကြည်းပါတယ်.....

ဒါပေမယ့်... ခင် အမြဲတမ်းလွမ်းနေရတဲ့ ရှင့်ကိုပဲ ခင့် နှလုံးသားထဲမှာရော၊ခင့် ဘဝထဲမှာသာ သိမ်းထားပါရစေနော်...၊ရှင်ကလွဲရင် ဘယ်သူ့ကိုမှ ခင် ထပ်မချစ်နိုင်တော့ဘူး တိမ်တိုက်ရယ်"

ခင်၏ စကားသံအဆုံးမှာ ခင်၏ ငိုရှိုက်သံက ပတ်ဝန်းကျင်မှာ သဲ့သဲ့ကလေးပြန့်လွင့်နေခဲ့ပါသည်။

သတိုးသူရိန်သည် လည်းကောင်း...။

ကြည်မင်းခေါင်သည် လည်းကောင်း...။

ဤမြင်ကွင်းကို ခပ်လှမ်းလှမ်းမှ ရပ်၍ငေးကာ သူတို့ရဲ့ မျက်ဝန်းမှာလည်း မျက်ရည်များနဲ့တည်း...။





သူတို့ ခင်ဝေးဝေးခင်ကို မြင်ကြပါသည်။

သို့သော် သူတို့၏ နှလုံးသားတွေက လှုပ်ရှားမလာတော့...။

သူတို့ရဲ့ စိတ်တွေ မလှုပ်ရှားတော့...။

စွဲလန်းမှုတွေ၊မြတ်နိုးမှုတွေလည်း ဖြစ်မလာတော့။

အဲဒီ ခံစားချက်တွေဟာ တိမ်တိုက်၏သေဆုံးခြင်းနဲ့အတူ ထုံးဆန်းစွာပင် ပျောက်ဆုံးသွားခဲ့ပြီတည်း။

သူတို့၏ တစ်သက်တာ၌ 'ငါတို့ကြောင့်...'တည်းဟူသော ကိုယ့်ကိုကိုယ်အပြစ်တင်ခြင်းများဖြင့် ပြည့်နှက်နေခဲ့ပါတော့မည်။

သူတို့ ကိုယ့်ကိုကိုယ် အမြဲတမ်း နာကြည်းနေတော့မည်။သူတို့ရဲ့ ရင်ထဲမှာ အမြဲငိုကြွေးနေရပါတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



အထပ်ထပ် ဖွဲ့စည်းထားသော

အချစ်ကြိုးအစုအဝေးထဲမှ…


အချစ်ကြိုးလေးတစ်ချောင်းကား…..

ဘယ်လိုမှ…

မမျှော်လင့်ဗျာ…

တစ်နေ့မှာ…

ပြတ်တောက်သွားခဲ့တဲ့အခါ





ရှင်မိုး(ဆေးတက္ကသိုလ်)

$4^{th}$ November,

Thursday,

1999.



www.burmeseclassic.com